# ကြေးမုံ
**The Mirror Daily**
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ အင်္ဂါနေ့။ | Tuesday, 31 October 2017 | (၉၀၉၄)


### အမြဲတည်ခြင်းသည် မရှိချေ

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင် တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံး ပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိ သဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)



(၁၂)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ကျင်းပစဉ်။

# မြန်မာနိုင်ငံကို နိုင်ငံတကာအလယ်မှာ မြင့်မြင့်မားမားရပ်တည်နိုင်ပြီး ဘယ်သူကမှ မထိပါး မစော်ကားရဲတဲ့ နိုင်ငံဖြစ်လာစေဖို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို လက်ဆင့်ကမ်းပေးကြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှာကြား

**နေပြည်တော် အောက်တိုဘာ ၃၀**

(၁၂)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "UPDJC အစည်းအဝေးကို တက်ရောက်လာတဲ့ ကိုယ်စားလှယ်များအားလုံးကို နှုတ်ခွန်းဆက်ကြိုဆိုပါတယ်။ ကျွန်မတို့ UPDJC ဟာ မကြာခဏတွေ့ရတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် တွေ့ရတဲ့အချိန်မှာဆိုရင် ထိထိရောက်ရောက်ငြိမ်းချမ်းရေးအတွက် တိုးတက်မှုတွေရှိအောင် အားလုံးဝိုင်းပြီးလုပ်သွားဖို့ ကျွန်မတို့မျှော်လင့်ပါတယ်။ ကျွန်မတို့တိုးတက်မှုအတွက် ဆောင်ရွက်တယ်ဆိုတဲ့အခါမှာ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

> "၂၁ ရာစု ပင်လုံညီလာခံရဲ့ နိုင်ငံရေးဆွေးနွေးပွဲတံခါးကို အစဉ်အမြဲဖွင့်ထားပါတယ်။ ဒါဟာ ကျွန်မတို့ရဲ့ မူပါပဲ။ ဘယ်တော့မဆို ငြိမ်းချမ်းရေးနယ်ထဲမှာ ပါဝင်လာချင်တဲ့ အစုအဖွဲ့တွေကို ကြိုဆိုပါတယ်"


ရန်ကုန်တက္ကသိုလ်၌ ပြည်သူ့စကားဝိုင်းများ ကျင်းပမည် — စာမျက်နှာ - ၁၁

မိုးစပါးစိုက်တောင်သူများ အချိန်မီအမိုးအကာအောက် ရောက်ရှိနိုင်ရေး ရိတ်ခြွေစက်နည်းပါးမှုကြောင့် အခက်အခဲများစွာရှိနေ — စာမျက်နှာ - ၁၆


# မဂ္ဂါဝပ် ၁၂၀၀ ကျော် ထုတ်လုပ်နိုင်မည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ထိုင်းအခြေစိုက်ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမည်

**နေပြည်တော် အောက်တိုဘာ ၃၀**

ထိုင်းနိုင်ငံအခြေစိုက် TTCL ကုမ္ပဏီက မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၌ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံတန် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက ယခုရက်သတ္တပတ်က ပြောကြားသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် တည်ဆောက်မည့် မဂ္ဂါဝပ် ၁၂၈၀ ထုတ်လုပ်မည့် အဆိုပါဓာတ်အားပေးစက်ရုံကို ဂျပန်နည်းပညာ အသုံးပြုကာ ၂၀၂၃ ခုနှစ်တွင် စတင်လည်ပတ်ရန် ရည်မှန်းထားသည်။ စက်ရုံအနေဖြင့် တစ်နှစ်လျှင် ပြည်ပမှတင်သွင်းလာသော ကျောက်မီးသွေးတန် ပေါင်း လေးသန်းခန့်ဖြင့် လည်ပတ်မည်ဖြစ်ကြောင်း TTCL ကုမ္ပဏီကဆိုသည်။ ဖက်စပ်သဘောတူညီချက်အရ စီမံကိန်း၌ မြန်မာအစိုးရက အစုရှယ်ယာ ငါးရာခိုင်နှုန်း ပိုင်ဆိုင်မည်ဖြစ်ပြီး **စာမျက်နှာ ၉ ကော်လံ ၅ သို့ ✪**




## ကြေးမုံ

# ယုံကြည်ချက်ဖြင့် အတူလျှောက်လှမ်း

အကြောင်းကိစ္စကြီးကြီးမားမားတို့ကို ဆောင်ရွက်ကြရာတွင် ယုံကြည်ချက်၊ ရည်မှန်းချက်တို့ရှိကြမည်ဖြစ်သည်။ ယုံကြည်ရာရည်မှန်းချက်တို့ ထားရှိကြရာတွင် ရှေးယခင်က မိမိတို့အသိုက်အမြုံတစ်ခုတည်းအရေးကို မျှော်မှန်းဆောင်ရွက်ခဲ့ကြသော်လည်း မျက်မှောက်ကာလ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အမှီသဟဲပြုနေရသောခေတ်၌ မိမိတို့၏ယုံကြည်ရာရည်မှန်းချက်တို့သည် မိမိတို့နှင့်ဆက်နွှယ်ပတ်သက်ရာ လောကများနှင့် သဟဇာတရှိဖို့လိုလာသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အသိုက်အမြုံများ စုစည်းနေထိုင်ကြသော ပြည်ထောင်စုနိုင်ငံဖြစ်၍ အသိုက်အမြုံတစ်ခုတည်းအရေးအတွက် ယုံကြည်ရာရည်မှန်းချက်တစ်မျိုးတည်းဖြင့် ရှေးရှုရပ်တည်နေခြင်းဌာ မစွမ်းသာချေ။ မိမိတို့၏မျှော်မှန်းချက်သည် မိမိတို့အသိုက်အမြုံ၏ အကျိုးစီးပွားအတွက်သာမက ပြည်ထောင်စုတစ်ခုလုံး၏ အကျိုးကို ရှေးရှုသော ဘုံရည်မှန်းချက်ဖြစ်ဖို့လည်းလိုသည်။

မိမိတို့မျှော်မှန်းကြသည့် ရည်မှန်းချက်ပန်းတိုင်မှာ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပန်းတိုင်ဖြစ်သည်။ ထိုပန်းတိုင်ကြီးသို့အရောက်သွားကြရာတွင် ငြိမ်းချမ်းရေးခရီးလမ်းအဆင့်ဆင့်ကို ဖြတ်သန်းကြရသည်။ ပန်းတိုင်သို့ရောက်ရှိရေးအတွက် ပထမဆုံးခရီးလမ်းအစမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရန်ဖြစ်သည်။ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်သည်။ ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လက်မှတ်ရေးထိုးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်နေကြသည်။

NCA တွင် လက်မှတ်ရေးထိုးပြီးခဲ့သည်မှာ နှစ်နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကိုလည်း မျက်ခြည်မပြတ်လုပ်ကိုင်နေကြသည်။ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁)၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေး၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့် လုပ်ငန်းလမ်းညွှန်ချက်များ ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတတိယအကြိမ်အစည်းအဝေးအတွက်ပြင်ဆင်ခြင်း စသည်စသည်တို့ကို ဆောင်ရွက်နေပြီဖြစ်ရာ ဤခရီးနီးသထက်နီးအောင် ကြိုးပမ်းအားထုတ်မှုများအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။

NCA သည် ငြိမ်းချမ်းရေးအတွက် ပထမခြေလှမ်းသာဖြစ်သည်။ NCA သည် ယုံကြည်ရာရည်မှန်းချက်ကို ဦးတည်လိုက်ခြင်းသာဖြစ်သည်။ NCA တွင် လက်မှတ်ရေးထိုးရန် ကျန်အဖွဲ့များနှင့်ညှိနှိုင်းနေဆဲဖြစ်သည်။ လက်မခံနိုင်သေးသူများလည်းရှိသည်။ ငြိမ်းချမ်းရေးတံခါးမှာ ဖွင့်လှစ်ထားဆဲ၊ လက်ကမ်းကြိုဆိုနေဆဲဖြစ်သည်။ နိုင်ငံရေးဆွေးနွေးပွဲများတွင် အားလုံးလက်ခံနိုင်သည့် အခြေခံမူများဖြစ်အောင်ရည်ရွယ်ပြီးဆွေးနွေးခဲ့ကြသည်။ NCA သည် ခရီးဆုံးမဟုတ်ဘဲ ပြည်ထောင်စုအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေး၏ စတင်မှုဖြစ်၍ ပြည်ထောင်စုကြီးအကျိုးကိုရှေးရှုသည့် ရည်ရွယ်ယုံကြည်မှုဖြင့် စတင်ပါဝင်သင့်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ တတိယအကြိမ် အစည်းအဝေးတွင် ဖက်ဒရယ်ဆိုင်ရာအခြေခံမူများကို အပြီးအပြတ်ချမှတ်နိုင်သည်အထိရည်မှန်းထားပြီး အခြေခံမူများပေါ်ထွက်ပြီးနောက် အသေးစိတ်မှုများ ဆက်လက်ဆွေးနွေးမည်ဖြစ်ရာ ပြည်ထောင်စုနှင့်ပြည်နယ်များအကြား ခွဲဝေခံစားလုပ်ဆောင်ရမည့် အချက်များ ပါဝင်လာမည်ဖြစ်သည်။ တတိယအကြိမ်ညီလာခံအတွင်းမှာပင် အခြေခံမူများ ပြီးပြတ်လျှင် ဖက်ဒရယ်နှင့်ပတ်သက်၍ ခိုင်မာသည့် အုတ်မြစ်တစ်ခု ပေါ်ထွက်လာမည်ဖြစ်ရာ ပြည်ထောင်စုအရေး၊ မိမိတို့၏ ပြည်နယ်အရေးအတွက် မကျန်ရှိစေရအောင် ငြိမ်းချမ်းရေးအစခရီးတွင် ပူးပေါင်းပါဝင်သင့်ပါသည်။

သို့ဖြစ်ရာ မိမိတို့အနေဖြင့် ယုံကြည်ရာရည်မှန်းချက်ကို လျှောက်လှမ်းနေသည်မှန်သော်လည်း တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနေရသည့် ပြည်ထောင်စုကြီးအတွင်းတွင် တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိဖြင့် အပြန်အလှန်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွားကြမည်၊ ဘုံအကျိုးစီးပွားရည်ရွယ်ချက်ဖြင့် အတူလျှောက်လှမ်းကြမည်ဆိုလျှင် ကျွန်ုပ်တို့အားလုံး မျှော်မှန်းထားကြသည့် ငြိမ်းချမ်းရေးပန်းတိုင်ကို ခရီးဆုံးတိုင်အောင် ဆုပ်ကိုင်နိုင်မည်ဟု အလေးအနက်ယုံကြည်ပါသည်။ ။

# ကမ္ဘာ့လက်ဆေးပွဲတော်နေ့အထိမ်းအမှတ် အကြိုအခမ်းအနား လွယ်ဂျယ်မြို့၌ ကျင်းပ

**ဗန်းမော် အောက်တိုဘာ ၃၀**

နိုဝင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့လက်ဆေးပွဲတော်နေ့အထိမ်းအမှတ် အကြိုအခမ်းအနားကို ကချင်ပြည်နယ် လွယ်ဂျယ်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ဗန်းမော်အခြေစိုက် ဆိုလီဒါရီတီအင်တာနေရှင်နယ်အဖွဲ့တို့ ပူးပေါင်း၍ အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက လွယ်ဂျယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားမစတင်မီ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ ပူးပေါင်း၍ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးကို စုပေါင်းဆောင်ရွက်ကြပြီး လက်ဆေးခြင်းကို လက်တွေ့ဆောင်ရွက်ကြသည်။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်သက်၍ ကျပန်းစကားပြောပြိုင်ပွဲနှင့် တစ်ခန်းရပ်ပြဇာတ်တို့ကို ကျောင်းသား ကျောင်းသူလေးများက ယှဉ်ပြိုင်ကြသည်။ ထို့နောက် လက်ဆေးပွဲတော် တို့နွဲ့ပျော်စာစီစာကုံးပြိုင်ပွဲ၊ လက်ဆေးပွဲတော်နေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၌ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများအား လက်ဆေးနည်းမှန်ကန်စေရန် လက်တွေ့သရုပ်ပြခဲ့ကြသည်။

"ကျောင်းသား ကျောင်းသူတွေ တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေး မြှင့်တင်မှုအနေနဲ့ ကလေးတွေ လက်ဆေးခြင်းအလေ့အထရှိစေဖို့၊ လက်ဆေးခြင်း စနစ်မှန်ကန်စေဖို့နဲ့ လက်ဆေးခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နိုင်တယ်ဆိုတာ သိစေဖို့ ရည်ရွယ်ပြီး ဒီလိုအခမ်းအနားကို ပညာရေးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်ပါတယ်"ဟု ဆိုလီဒါရီတီအင်တာနေရှင်နယ်မှ ဒေါ်ဆိုင်းဘူက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

# ဆိုက်စမစ်ရေနံရှာဖွေတိုင်းတာရေး လုပ်ငန်းဖွင့်ပွဲကျင်းပ

**ပန်းတောင်း အောက်တိုဘာ ၃၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ရုရှားကုမ္ပဏီ Bashneft International B.V. သည် အိန္ဒိယကုမ္ပဏီ Asia Oil Field Services နှင့်အတူ ပန်းတောင်းမြို့နယ် နတ်မောက်ကျေးရွာအုပ်စုတွင် ဆိုက်စမစ်ရေနံရှာဖွေတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ဖွင့်ပွဲအခမ်းအနားနှင့်အန္တရာယ်ကင်းပရိတ်တရားနာ အလှူမင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၆ ရက်က ပန်းတောင်းမြို့နယ် နတ်မောက်ကျေးရွာ AOSL ယာယီရေနံအခြေစိုက်စခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ဆိုက်စမစ်ရေနံရှာဖွေတိုင်းတာရေးတွင် ပါရှိသော ရပ်ကွက်/ကျေးရွာအုပ်စု ၁၆ အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်(ရွှေဈေး) ၉၂၉၀၀၀ - ၉၂၉၀၀၀ မန္တလေး(ရွှေဈေး) ၉၂၉၀၀၀ - ၉၂၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၃၀/၇၅၀ ကျပ်၊ | ၇၆၅/၇၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၅/၇၉၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၃၅/၇၅၀ ကျပ်၊ | ၇၉၅/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၇၈၅/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၉၅/၇၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၁၅/၇၂၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၉၅/၇၀၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၈၄.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၅.၃၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁.၀၉၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂.၀၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၀၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၀.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁.၂၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၇.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၉.၇၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ၏ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Truong Minh Tuan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ၏ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရေး၊ သတင်းဖလှယ်ရေးနှင့် သတင်းအမှန်ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Dr. Luan Thuy Duong နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အာဆီယံတရားသူကြီးချုပ်များကောင်စီ အထူးအစည်းအဝေး ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဖိလစ်ပိုင်နိုင်ငံ မာကာတီမြို့တွင် အောက်တိုဘာ ၂၇ ရက်က ကျင်းပသည့် အာဆီယံတရားသူကြီးချုပ်များကောင်စီ အထူးအစည်းအဝေး (CACJ) သို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးသို့ အာဆီယံတရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ပြီး အာဆီယံတရားစီရင်ရေးအဖွဲ့အစည်းများ၏ သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ Internet Portal အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် လေ့ကျင့်သင်ကြားမှု ပူးပေါင်းဆောင်ရွက်ရေး၊ တရားရုံးဆိုင်ရာ နည်းပညာအသုံးပြုမှုနှင့် မှုခင်းစီမံခန့်ခွဲမှုနည်းလမ်းများ လေ့လာသုံးသပ်ရေး၊ မိသားစုမှုခင်းဆိုင်ရာ နယ်စပ်ဖြတ်ကျော်ကလေးအငြင်းပွားမှုများ ဖြေရှင်းရေး၊ အာဆီယံဒေသတွင်း တရားမမှုခင်းများတွင် ဆင့်စာဆင့်ဆိုမှုများ လွယ်ကူစေရန်အတွက် နည်းလမ်းတစ်ရပ်ရေးဆွဲရေးစသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။

အာဆီယံတရားသူကြီးချုပ်များကောင်စီသည် အာဆီယံ၏ အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်နှင့်အညီ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး (Standing CACJ Secretariat) ဖွင့်လှစ်ရန်နှင့် အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ ဖွဲ့စည်းပုံစည်းမျဉ်း (Charter of ASEAN Chief Justices Council) အပြီးသတ်ရေးဆွဲရေးအပါအဝင် လတ်တလောဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ အစည်းအဝေးသို့ တက်ရောက်သည့် အာဆီယံတရားသူကြီးချုပ်များက အဆိုပါဆွေးနွေးဆုံးဖြတ်ချက်များကို မနီလာသဘောတူညီချက် (Manila Declaration) တွင်လည်းကောင်း၊ အာဆီယံတရားစီရင်ရေးအဖွဲ့အစည်းများ၏ သတင်းအချက်အလက်ဆိုင်ရာ Internet Portal အကောင်အထည်ဖော်ရေးအတွက် နားလည်မှုသဘောတူစာချွန်လွှာ (Memorandum of Understanding in relation to the ASEAN Judicial Portal) ကိုလည်းကောင်း လက်မှတ်ရေးထိုးကြသည်။




အထူးအစည်းအဝေးနှင့်အတူ ပူးတွဲကျင်းပသည့် အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ လုပ်ငန်းအဖွဲ့ကိုယ်စားလှယ်များလည်း ပါဝင်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူမှုအသိုက်အဝန်းဖြစ်ပေါ်လာစေရေး မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြောကြား

**နေပြည်တော် အောက်တိုဘာ ၃၀**

မြန်မာသဘာဝဘေး စီမံခန့်ခွဲမှုစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းအဖွဲ့ (Myanmar Consortium for Capacity Development on Disaster Management-MCCDDM)၏ လုပ်ငန်းဆောင်ရွက်မှု ပြီးမြောက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဟိုတယ်ဇုန်ရှိ Horizon Lake View Hotel ၌ ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးနှင့်ပတ်သက်ပြီး ပိုမိုကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ခု ဖြစ်ပေါ်လာစေရေး မူဝါဒချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် လူမှုအသိုက်အဝန်းတစ်ရပ်ပေါ်ထွန်းလာမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် ဆက်စပ်ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း။

ဘေးအန္တရာယ်စီမံခန့်ခွဲနေသူများ စွမ်းဆောင်ရည်မြင့်မားစေရေး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်းကို ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့တွင် ဖွင့်လှစ်ထားရှိပါကြောင်း၊ သင်တန်းကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး နည်းပညာနှင့် ငွေကြေးအကူအညီပံ့ပိုးပေးပါသော USAID၊ UN-HABITAT နှင့် အခြားပူးပေါင်းပါဝင်ဆောင်ရွက်ကြသော အဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် စီမံခန့်ခွဲမှုအပိုင်းတွင် လူကြောင့်ဖြစ်သော ဘေးများနှင့်ပတ်သက်ပြီး ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။




ယင်းနောက် UN-HABITAT မှ Country Programme Manager, Mr. Bijay Kamarcharya က ကျေးဇူးတင်စကားပြောကြားပြီး MCCDDM ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း ဗီဒီယိုအား ပြသသည်။ ဆက်လက်၍ သဘာဝဘေးအန္တရာယ်နှင့်သက်ဆိုင်သည့် စာအုပ်စာတမ်းများအား လွှဲပြောင်းပေးအပ်ရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် USAID အဖွဲ့မှ Regional Advisor for East Asia and Pacific Resettlement , Mr. Brian Heidel နှင့် အဖွဲ့အား အဆိုပါဟိုတယ်ရှိ သဇင်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများတွင် အရည်အသွေးမြင့်မားရေးသင်တန်းများနှင့် အခြားသော ကူညီထောက်ပံ့ရေးကိစ္စများ၊ သဘာဝဘေးအန္တရာယ်သာမက လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များတွင် ထိခိုက်ခံစားရသော ပြည်သူများအတွက် ပိုမိုကောင်းမွန်လုံခြုံစိတ်ချရသော နေထိုင်မှုပုံစံများ ရရှိနိုင်စေရန် ဆောင်ရွက်နေမှုများ၊ အရေးပေါ်စီမံခန့်ခွဲရေးဗဟိုဌာန (Emergency Operation Centre) ရှိ လုပ်ငန်းများအတွက် လိုအပ်သော နည်းပညာနှင့် အထောက်အပံ့များ ကူညီပံ့ပိုးပေးနိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဂျပန်ဝန်ကြီးချုပ်နှင့် ဖိလစ်ပိုင်သမ္မတတို့ ပြုံယမ်းအရေး ပူးပေါင်းဖြေရှင်းမည်



**ကျိုတို အောက်တိုဘာ ၃၀**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဖိလစ်ပိုင်သမ္မတ ဒူတာတေးတို့သည် မြောက်ကိုရီးယား၏ နျူကလီးယား လက်နက်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့်ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းရာတွင် နှစ်နိုင်ငံပူးပေါင်းလုပ်ဆောင်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ခေါင်းဆောင်နှစ်ဦးက အောက်တိုဘာ ၃၀ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ တွေ့ဆုံခဲ့ပြီး အထက်ပါပူးပေါင်း ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

နှစ်နိုင်ငံခေါင်းဆောင်များက မြောက်ကိုရီးယားအရေးအပါအဝင် ဒေသတွင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဖြေရှင်းမည်ဖြစ်ကြောင်း အတည်ပြုခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံအပေါ် နိုင်ငံအများက စီးပွားရေးပိတ်ဆို့မှုအသစ်များ ချမှတ်ခြင်းနှင့်ပတ်သက်ပြီး အရေး ပါကြောင်း ခေါင်းဆောင်နှစ်ဦးက ၎င်းတို့၏ သဘောထားအမြင်များဖလှယ်ခဲ့ကြသည်ဟု ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဆိုသည်။

ပြုံယမ်း၏ နျူကလီးယားဒုံးကျည်များစမ်းသပ်ပစ်ခတ်မှုအပေါ် ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ရှုတ်ချကြောင်း မီဒီယာသို့ ပြောကြားခဲ့သည်။ ထို့ပြင် အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး စေ့စပ်ညှိနှိုင်းရေးစားပွဲဝိုင်းတွင် ငြိမ်းချမ်းစွာ ပြန်လည်ဆွေးနွေးရန် သမ္မတဒူတာတေးက သက်ဆိုင်သည့်နိုင်ငံများအား တိုက်တွန်း ပြောကြားခဲ့သည်။

သမ္မတဒူတာတေးက လာမည့်လတွင် ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးပွဲများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဖြစ်သည်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အာဆီယံအစည်းအဝေးပွဲအချို့ကို တက်ရောက် မည်ဖြစ်သည်။

ကိုရီးယားကျွန်းဆွယ်နှင့် တောင်တရုတ်ပင်လယ်အတွင်း နယ်မြေအငြင်းပွားမှုများနှင့်ပတ်သက်ပြီး အငြင်းပွား နေချိန်တွင် ခေါင်းဆောင်နှစ်ဦးက ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# အာဖဂန်နစ္စတန်မြောက်ပိုင်းတွင် တာလီဘန်တို့ ထိုးစစ်ဆင်

**ပူ အီး ခူမရီ (အာဖဂန်နစ္စတန်)**
**အောက်တိုဘာ ၃၀**



အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဘက်လန်ပြည်နယ် ဘူရာခါခရိုင်တွင် ရာနှင့်ချီသော တာလီဘန်လက်နက်ကိုင် စစ်သွေးကြွများက အောက်တိုဘာ ၃၀ ရက်တွင် ထိုးစစ်ကြီးဆင်နွှဲခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြော ကြားသည်။

အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက ဘူရာခါခရိုင်အတွင်းရှိ အာဖဂန်နစ္စတန် တပ်ဖွဲ့များ၏ လုံခြုံရေးကင်းစခန်းများကို သိမ်းယူရန် ရာနှင့်ချီသော တာလီဘန် စစ်သွေးကြွများက ဘက်ပေါင်းစုံမှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ကြောင်း၊ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်း အမည်ဖော်ပြခြင်းမရှိသည့် တာဝန်ရှိသူ တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများ အပါအဝင် လက်နက်ကိုင်စစ်သွေးကြွ တာလီဘန်သောင်းကျန်းသူများ အင်အား ၇၀၀ ခန့်တို့က ဘူရာခါခရိုင်အတွင်းရှိ လုံခြုံရေးကင်းစခန်းများ ဝန်းကျင်တွင် တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ခရိုင် အုပ်ချုပ်ရေးမှူး မော်လာဝီ ရှမ်ဆုဒင်က အတည်ပြုပြောကြားသည်။

ဘူရာခါခရိုင်အား ပြန်လည်ထိန်းချုပ်ရေးအတွက် တိုက်ခိုက်ရာတွင် ပြည်သူအချို့နှင့် စစ်သွေးကြွခေါင်းဆောင်ခြောက်ဦးတို့ သေဆုံးကြောင်း၊ တိုက်ခိုက်မှုများမှာ ယနေ့နံနက် အစောပိုင်းကတည်းက စတင်ဖြစ်ပွားပြီး ဆက်လက်တိုက်ခိုက်နေဆဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဘူရာခါခရိုင်အတွင်း၌ စစ်သွေးကြွများ ရှင်းလင်းရေးနှင့် တည်ငြိမ်မှုပြန်လည် တည်ဆောက်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက စစ်ဆင်ရေးမကြာမီပြုလုပ်သွားမည်ဟု ဘက်လန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဒဗ္ဗဒယ်ဟိုင်း နီမာတီက ပြောကြားသည်။

**ဆင်ဟွာ။**

# ပြန်ပေးဆွဲခံရသည့် တရုတ်နိုင်ငံသားနှစ်ဦး သေဆုံးသွားကြောင်း ပါကစ္စတန် အတည်ပြုပြောကြား

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၃၀**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် မြို့တော်ကွတ်တာတွင် ယခုနှစ် မေလအတွင်းက ပြန်ပေးဆွဲခံရသော တရုတ်နိုင်ငံသားနှစ်ဦးသည် ပြန်ပေးဆွဲခံရပြီး ရက်အနည်းငယ်အကြာတွင် သတ်ဖြတ်ခံရ၍ သေဆုံးသွားခဲ့ကြောင်း ပါကစ္စတန်နိုင်ငံက အောက်တိုဘာ ၃၀ ရက်တွင် အတည်ပြုပြောကြားသည်။

မျိုးဗီဇဆိုင်ရာ စစ်ဆေးမှုအစီရင်ခံစာများအရ ကွတ်တာမြို့တွင် ၂၀၁၇ ခုနှစ် မေလအတွင်းက ပြန်ပေးဆွဲခံရသည့် တရုတ်နိုင်ငံသားနှစ်ဦးသည် ယင်းနှစ် ဇွန်လအတွင်း သေဆုံးခဲ့သည်ဟု အတည်ပြုနိုင်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံသည် အကြမ်းဖက်ဝါဒ၏ ပုံသဏ္ဌာန်နှင့် သရုပ်သဏ္ဌာန်အားလုံးကို ပြင်းထန်စွာရှုတ်ချကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ ပြန်ပေးဆွဲခံရသည့် တရုတ်နိုင်ငံသားနှစ်ဦးတို့သည် ကွတ်တာမြို့တွင် တရုတ်ဘာသာသင်ပြရန် ရောက်ရှိနေစဉ်အတွင်း အမည်မသိ သေနတ်သမားများ၏ပြန်ပေးဆွဲမှုကိုခံရခြင်းဖြစ်သည်။

ပြန်ပေးဆွဲသူများက ရဲတပ်ဖွဲ့ဝင်များ ဟန်ဆောင်ကာ အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ ပါဝင်သည့် တရုတ်နိုင်ငံသားသုံးဦးတို့အား ခေါ်ဆောင်သွားခဲ့သည်။ သို့သော် လမ်းသွားလမ်းလာသူတစ်ဦး၏ ဝင်ရောက်ကူညီမှုကြောင့် တရုတ်အမျိုးသမီးတစ်ဦးမှာ လွတ်မြောက်ခဲ့ရသည်။

**ဆင်ဟွာ။**

# ကာတာလေကြောင်းလိုင်းက ထိုင်းနိုင်ငံသို့ တိုက်ရိုက်ပျံသန်းမှုများ တိုးချဲ့မည်




**ဒိုဟာ အောက်တိုဘာ ၃၀**

ထိုင်းနိုင်ငံ ပတ္တနားမြို့သို့ တိုက်ရိုက်လေကြောင်း ပျံသန်းမှုပြုလုပ်ရန် ကာတာလေကြောင်းလိုင်းမှ စီစဉ်နေကြောင်း ကာတာသတင်းဌာန(ကျူအန်အေ)က အောက်တိုဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာတာလေကြောင်းလိုင်းမှ ထိုင်းနိုင်ငံသို့ လက်ရှိပျံသန်းနေသည့် ဗန်ကောက်၊ ကရာဘီ၊ ဖူးကက်၊ ချင်းမိုင်နှင့် မကြာမီ ပျံသန်းတော့မည့် ခရီးစဉ်သစ်အပါအဝင် လေကြောင်းခရီးစဉ် ငါးခုအား တစ်ပတ်လျှင် လေးကြိမ်ပျံသန်း ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

ယခုနှစ် ဇွန် ၅ ရက်က ဖြစ်ပွားခဲ့သော ကာတာနိုင်ငံနှင့် အာရပ်လေးနိုင်ငံတို့၏ ပင်လယ်ကွေ့ဆိုင်ရာ အကျပ်အတည်း ဖြစ်ပေါ်စဉ်က ယင်းလေးနိုင်ငံက ကာတာနိုင်ငံနှင့် သံတမန်ဆက်ဆံမှုနှင့် သယ်ယူပို့ဆောင်ရေးချိတ်ဆက်မှုများ ဖြတ်တောက်ခဲ့ပြီးနောက် ကာတာလေကြောင်းလိုင်းမှ အာရှအရှေ့အလယ်ပိုင်းနှင့် ဥရောပတိုက်များသို့ ခရီးစဉ်သစ်တစ်ခုစီ တိုးချဲ့ခဲ့သည်။

**ဆင်ဟွာ။**

# ပလတ်စတစ်များတွင် လူနှင့် တိရစ္ဆာန်များပါ အဆိပ်အတောက်ဖြစ်စေသည့် ဓာတုပစ္စည်းမျိုးပေါင်းများစွာ ပါဝင်နေ

**နေပြည်တော် အောက်တိုဘာ ၃၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို တစ်ခုတင်သွင်းခြင်းနှင့် အစီရင်ခံစာ တစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။

အစည်းအဝေးတွင် ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၏ အစိုးရ၏ နှစ်စဉ်လုပ်ငန်းစီမံကိန်းများ ရေးဆွဲရာတွင် တွက်ချက်သည့် မြို့နယ်အလိုက် အခြေခံ ဈေးနှုန်းများကို ပြန်လည်ကောက်ခံစာရင်းပြုစုရန်နှင့် Quotation တောင်းသည့်စနစ်ကို တိတိကျကျအကောင် အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမောင်မောင်ဝင်းက နှစ်စဉ်အမျိုးသားစီမံကိန်း၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်များကို ရေးဆွဲ ရာတွင် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တင်ပြလာသည့် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုလျာထားရန် အဆိုပြုချက်များကို ဆောက်လုပ်ရေးလုပ်ငန်း အသုံးစရိတ် များအတွက် ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေး အဖွဲ့ကလည်းကောင်း၊ စက်ပစ္စည်းအသုံးစရိတ်အတွက် စက်ပစ္စည်းကြီးကြပ်မှုကော်မတီကလည်းကောင်း၊ အခြား ငွေလုံးငွေရင်း အသုံးစရိတ်အတွက် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနကလည်းကောင်း စိစစ်ဆောင်ရွက်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့က တင်ပြ လာသည့် BQ အပေါ် အခြေခံ၍ လုပ်ငန်းအမျိုးအစား အလိုက် လက်ရှိခန့်မှန်းတွက်ချက်နေသည့် PAE နှုန်း ထားများ၊ ဒေသအလိုက် လုပ်သား၊ ပစ္စည်းဈေးနှုန်း၊ သယ်ယူပို့ဆောင်စရိတ်တို့အပေါ် မှန်ကန်သင့်လျော်သော ကုန်ကျစရိတ်ဖြစ်စေရန် စိစစ်ပါကြောင်း၊ စက်ပစ္စည်း ကြီးကြပ်မှုကော်မတီအနေဖြင့် ဈေးနှုန်းစာရင်း၊ စက် စွမ်းအားအမှတ်တံဆိပ်၊ အလားတူပစ္စည်းဈေးနှုန်း၊ ဝယ်ယူ မည့်ဒေသ၏ သယ်ယူပို့ဆောင်ရေးစရိတ်များအပေါ် အခြေခံ၍ စိစစ်ပါကြောင်း။

တင်ဒါလုပ်ထုံးလုပ်နည်းတွင် ငွေကျပ် ၁၀ သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှု ရယူခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန်မလိုအပ်ဘဲ တင်ဒါကော်မတီအနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချ ရသော အနည်းဆုံးကုမ္ပဏီ သုံးခုကို ဈေးနှုန်းအဆိုပြုလွှာ (Quotation) တောင်းခံပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်း သူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း ဆောင်ရွက်နိုင်သည်ဟု ဖော်ပြထားပါကြောင်း၊ ဈေးနှုန်း စိစစ်မှုနှင့်ပတ်သက်၍ ယခင်နှစ်ဈေးနှုန်း၊ အခြားဌာနက တင်ပြသော အလားတူပစ္စည်းဈေးနှုန်း၊ အင်တာနက်မှ ရရှိသောဈေးနှုန်းစသည်ဖြင့် စိစစ်ရသည့်နည်းတူ တိုင်း ဒေသကြီး၊ ပြည်နယ်အလိုက် ထုတ်ပြန်သော ဒေသန္တရ ဈေးနှုန်း အတည်ပြုချက်များကိုလည်း ကိုးကားဆောင်ရွက် ကြရပါကြောင်း၊ Quotation တောင်းသည့် စနစ်ကို တိတိကျကျအကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိပါ ကြောင်းနှင့် မြို့နယ်အလိုက် အခြေခံဈေးနှုန်းများကို နှစ်စဉ် လုပ်ငန်းစီမံကိန်းများရေးဆွဲရာတွင် လိုအပ်သည့် နေရာများတွင် ကိုးကားသုံးစွဲသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း၏ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က တောင်သူလယ်သမားများအား ချေးသော စိုက်ပျိုးစရိတ်ချေးငွေများမှ မိုးသီးနှံချေးငွေ၊ ဆောင်းသီး နှံချေးငွေနှင့် နွေစပါးအတွက် ချေးငွေသက်တမ်းကာလ တစ်နှစ်အထိ ချေးထားပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်သည် မေလမှ စက်တင်ဘာလအတွင်း မိုးချေးငွေ၊ အောက်တိုဘာလမှ ဇန်နဝါရီလအတွင်း ဆောင်းချေးငွေ၊ ဇန်နဝါရီမှ မတ်လအတွင်း မိုးကြိုချေးငွေတို့ကို ထုတ်ချေး ပေးလျက်ရှိပါကြောင်း၊ ချေးငွေပေးဆပ်ရာတွင် မိုးချေးငွေ ကို ငွေချေးသည့်နှစ်၏ နောက်နှစ် ဧပြီလ ၁၅ ရက်၊ ဆောင်းချေးငွေကိုနောက်နှစ်ဇွန်လကုန်၊ မိုးကြိုချေးငွေကို နောက်နှစ် ဖေဖော်ဝါလကုန်တွင် နောက်ဆုံးထား ပေးဆပ်ရန် သတ်မှတ်ထားပါကြောင်း။

ဘဏ်၏ချေးငွေများမှာ စိုက်ပျိုးစရိတ်အတွက် အဓိကသုံးစွဲနိုင်စေရန် ရာသီအလိုက် ချေးငွေများသာ ဖြစ်သဖြင့် ငွေချေးကာလ၊ ပေးဆပ်ကာလများကို လုပ်ငန်း ဆောင်ရွက်ချိန်၊ သီးနှံပေါ်ပြီးချိန်များကို တွက်ဆ၍ ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ မိုးချေးငွေ ပြန်လည် ပေးဆပ်ရန် နောက်ဆုံးရက်ကို ငွေချေးသည့်နှစ်၏ နောက်နှစ်ဧပြီလ ၁၅ ရက်ဟု သတ်မှတ်ထားခြင်းမှာ မိုးစပါးသီးနှံများသည် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် သီးနှံပေါ်ပြီးဖြစ်၍ ရိတ်သိမ်းပြီးနောက် ဈေးကောင်းစောင့် ၍ ရောင်းချရန် အချိန်လုံလောက်စွာရရှိနိုင်မည့် အချိန် ကာလကို ရည်မှန်းပြီး သတ်မှတ်ပေးထားခြင်းဖြစ်ပါ ကြောင်း၊ တောင်သူလယ်သမားလက်ဝယ် သီးနှံ မရှိ၊ ငွေ မရှိသည့်အချိန်တွင် ကောက်ခံပါက ဘဏ်ချေးငွေ ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားမည်ဖြစ်ပါကြောင်း၊ မိုးချေး ငွေသစ်ကိုလည်း မေလတွင် စတင်ထုတ်ချေးမည်ဖြစ်၍ ချေးငွေသစ်လျှောက်ထားခြင်းမပြုမီ ကြွေးဟောင်းကို အချိန်မီပေးဆပ်နိုင်ရန်အတွက်ရည်ရွယ်၍ သတ်မှတ်ပေး ထားခြင်းဖြစ်ပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် အပ်ငွေလက်ခံ သည့် အဖွဲ့အစည်းမဟုတ်သဖြင့် ချေးငွေထုတ်ချေးရန် လိုအပ်သောရန်ပုံငွေကို မြန်မာ့စီးပွားရေးဘဏ်ထံမှ မိုး၊ ဆောင်း၊ မိုးကြိုကာလအလိုက် နှစ်ချင်းဆပ်ချေးငွေအဖြစ် ချေးယူရပါကြောင်း၊ ပေးဆပ်ချိန်ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မြန်မာ့စီးပွားရေးဘဏ်ကို သုံးလတစ်ကြိမ် ကျသင့်အတိုး ပေးရပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်သို့ အပြည့်အဝ ပြန်လည်မပေးဆပ်နိုင်ပါက၊ အချိန်စေ့ငွေမကျေပါက မြန်မာ့စီးပွားရေးဘဏ်က ချေးငွေထပ်မံခွင့်ပြုပေးရန် အခက်အခဲရှိပါကြောင်း၊ နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ် ကလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ပေးထားသော ချေးငွေများကို သတ်မှတ်ကာလအတွင်း ပြန်လည်ရရှိမှသာ နှစ်စဉ်ပုံမှန်လည်ပတ် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိချေးငွေ ပေးဆပ်ကာလသတ်မှတ်မှုသည် သင့်လျော် ပါကြောင်း၊ ချေးငွေပေးဆပ်ကာလကို သက်တမ်းတိုးမြှင့် ပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းနှင့် အခြားသောချေးငွေရရှိနိုင်သည့် နည်းလမ်းများကို တိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာ ဦးခင်မောင်မောင်၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးနှင့် ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမောင်မောင်ဝင်းက ဆက်လက်ရှင်းလင်းဖြေကြားခဲ့ သည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းက ပလတ်စတစ်အန္တရာယ် တားဆီးကာကွယ်ရန် နေ့စဉ်စွန့်ပစ် အမှိုက်များတွင် ပါဝင်သည့် ပလတ်စတစ်ပစ္စည်းများကို သီးသန့်ဖယ်ရှားစွန့်ပစ်စေခြင်းနှင့် ပလတ်စတစ်အသုံးပြုမှု နှုန်းထားများ လျှော့ချခြင်း စသည့် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်သော ဒီမိုကရေစီအခြေခံအလေ့အကျင့်ကောင်း များကို မူဝါဒတစ်ရပ်ရေးဆွဲပြဋ္ဌာန်း၍ တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေး ပါရန် ဤလွှတ်တော်က ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း ကြောင်းအဆိုကို တင်သွင်းရာတွင် လူအများနားလည်ထား သည့် ပလတ်စတစ်ဆိုသည်မှာ ရေနံမှ ခွဲထုတ်ခဲ့လာသော ဓာတုပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ပါကြောင်း၊ ပလတ်စတစ်ကို တစ်ခု(သို့မဟုတ်) တစ်ခုထက်ပိုသော အော်ဂဲနစ်ပစ္စည်းများဖြင့် ပေါင်းစပ်ဖွဲ့ထားပြီး နှစ်သက်ရာ

**စာမျက်နှာ ၆ သို့ ***

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် သုံးလပတ်ငွေရေးကြေးရေးစာရင်းအင်းထုတ်ပြန်ချက်စာစောင်ကို နိုင်ငံတကာဗဟိုဘဏ်များနည်းတူ ထုတ်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် သုံးလပတ်ငွေရေးကြေးရေး စာရင်းအင်း ထုတ်ပြန်ချက်စာစောင်ကို နိုင်ငံတကာဗဟိုဘဏ်များနည်းတူ ထုတ်ဝေလျက်ရှိပါကြောင်း၊ ထုတ်ပြန်ချက်စာစောင်တွင် ကိန်းဂဏန်းအချက် အလက်များကို ဖော်ပြထားပါကြောင်း၊ အများပြည်သူများ အလွယ်တကူလေ့လာ သိရှိနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website ဖြစ်သည့် www.cbm.gov.mm တွင် ဖော်ပြထားပါကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ ဦးစိုးသိန်းက ပြောကြားသည်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း

ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်း အဝေး၌ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးဇော်မင်း၏ ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံတကာအစိုးရများသည် မိမိနိုင်ငံ၊ မိမိအစိုးရ အဖွဲ့တို့ ပိုင်ဆိုင်သမျှသော နိုင်ငံသုံးငွေကြေးပမာဏစုစုပေါင်းနှင့် နိုင်ငံခြား ငွေကြေးပမာဏစုစုပေါင်း စသည်တို့ကို ပြည်သူတို့အား အသိပေးရိုးထုံးစံရှိသည် နှင့်အညီ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတွင်း လည်ပတ်လျက်ရှိသော ကျပ်ငွေပမာဏ စုစုပေါင်းနှင့် လက်ရှိပိုင်ဆိုင်သော နိုင်ငံခြားငွေပမာဏကို ပြည်သူတို့သိရှိစေရန် ကြေညာပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ထိုသို့ရှင်းလင်းပြောကြား ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ၂၀၁၇ ခုနှစ် မတ်လကုန်ဆုံး သည့် သုံးလပတ်အတွက် စာရင်းစာစောင်များကိုပြုစုပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ် Website တွင် မကြာမီဖော်ပြသွားမည်ဖြစ်ပါကြောင်း၊ စာစောင်တွင် မြန်မာနိုင်ငံအတွင်းလည်ပတ်လျက်ရှိသည့် ကျပ်ငွေပမာဏစုစုပေါင်း (ငွေကြေး ပမာဏ စုစုပေါင်း)နှင့် လက်ရှိပိုင်ဆိုင်သည့် နိုင်ငံခြားငွေပမာဏကိုထည့်သွင်း ဖော်ပြထားပါကြောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်ထုတ်ပြန်လျက်ရှိသည့် Selected Monthly Economic Indicators တွင် ထည့်သွင်းဖော်ပြရန် စုစုပေါင်းငွေကြေးပမာဏအပါအဝင် ပြည်တွင်းငွေရေးကြေးရေးဆိုင်ရာ ကိန်းဂဏန်းများ Myanmar Statistical Yearbook တွင် ထည့်သွင်းဖော်ပြနိုင် ရေးအတွက် စုစုပေါင်းငွေကြေးပမာဏအပါအဝင် ပြည်တွင်းငွေရေးကြေးရေး ဆိုင်ရာကိန်းဂဏန်းများနှင့် နိုင်ငံခြားငွေပေးငွေယူရှင်းတမ်း (နိုင်ငံငွေကြေး ပမာဏ)ဆိုင်ရာ ကိန်းဂဏန်းများကို ပံ့ပိုးလျက်ရှိပါကြောင်း၊ စာရင်းကိန်းဂဏန်း အချက်အလက်များကိုအခြေခံ၍ လေ့လာဆန်းစစ်မှုများကို ပြုလုပ်နိုင်ပြီ ဖြစ်ပါကြောင်း၊ စာရင်းအင်းကိန်းဂဏန်းအချက်အလက်များကို ကျယ်ကျယ် ပြန့်ပြန့်ဖော်ပြနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သုံးလပတ် ငွေရေးကြေးရေးစာရင်းအင်းထုတ်ပြန်ချက်စာစောင်များကို အချိန်ကွာခြားချက် ခြောက်လထက်မပိုစေဘဲ ထုတ်ပြန်သွားနိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါ ကြောင်းနှင့် သတင်းစာများတွင် ထုတ်ပြန်နိုင်ရေးအတွက် စဉ်းစားဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ ရခိုင် ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ အလယ်ဖရုံကာကျွန်းတွင်တည်ရှိသော မြင့်ဂါ-ဖားဒူ ကားလမ်းကို ကျောက်ချောလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့် မြှင့်တင်ခြင်းနှင့် ပျက်စီးနေသောလမ်းပိုင်းများကို ပြန်လည်ထိန်းသိမ်းမွမ်းမံရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်လင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မတိုင်မီ ရာသီမရွေး သွားလာ နိုင်သည့်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက် သွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၉) မှ ဒေါက်တာ ဇော်လင်းထွဋ်၏ အများပိုင်စားကျက်မြေ၊ အားကစားကွင်းများ၊ သာသနိက အဆောက်အအုံဝင်းများအတွင်း စိုက်ထူခဲ့သော MPT တာဝါတိုင်များအနေဖြင့် အခြား Ooredoo နှင့် Telenor ဆက်သွယ်ရေးကုမ္ပဏီများကဲ့သို့ မြေငှားရမ်းခ များကို ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်သုံးစွဲရန် ငွေကြေးလစဉ် ထောက်ပံ့ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်၏ ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် လေယာဉ်ကွင်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး၏ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အတွင်းရှိ ကျေးရွာချင်းဆက် ကျောက်ချောလမ်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာ ရေးနှစ်အတွင်း ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရန် အစီ အစဉ် ရှိ၊ မရှိ မေးခွန်းများနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း က ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် လက်ခံ ဆွေးနွေးရန် အဆိုတင်သွင်းရာ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုးဝင်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူပြီး အဆိုကိုလွှတ်တော်တွင် လက်ခံ ဆွေးနွေးရန်ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် အိန္ဒိယရေတပ်မှ ဧည့်သည်တော်အဖွဲ့တို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၀**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Don Pramudwinai အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နိုင်ငံတကာ မီဒီယာမျက်နှာစာတွင် အင်အားအချိုးမညီစွာ ဖော်ပြနေမှုများကြောင့် ဖြစ်စဉ်အမှန်များကို နိုင်ငံတကာကသိရှိရန် လိုအပ်မှုအခြေအနေ၊ နှစ်နိုင်ငံအတွေ့အကြုံများအပေါ် အခြေခံပြီး ဆွေးနွေးညှိနှိုင်းလုပ်ဆောင်ခြင်းဖြင့် ပြဿနာများဖြေရှင်းရာတွင် အထောက်အကူပြုနိုင်မည့် အခြေအနေ၊ မိတ်ဆွေကောင်းပီသမှု၊ ညီအစ်ကိုစိတ်ဖြင့် အပြန်အလှန်ယုံကြည်မှုတို့ဖြင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်းဖြင့် ထာဝရတည်ငြိမ်အေးချမ်းသော နယ်စပ်ဒေသဖြစ်ရေးတို့အပေါ် အပြန်အလှန်အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယရေတပ်မှ Vice Admiral Bimal K Verma,AVSM, Commander in Chief of Andaman and Nicobar Command နှင့် အဖွဲ့အား အဆိုပါခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား တပ်မတော်(ကြည်း၊ ရေ၊ လေ) ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များစွာရှိနေသည့် အခြေအနေ၊ ရေတပ်ဆိုင်ရာလေ့ကျင့်ခန်းများတွင် မြန်မာ့တပ်မတော်(ရေ)နှင့် အိန္ဒိယရေတပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ စစ်ရေယာဉ်များ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ လာရောက်ရေးကိစ္စရပ်များ၊ အခြားနယ်ပယ်များတွင်ပါ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**
မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ်လက်ခံ၍ ထိရောက်သည့် ပတ်ဝန်းကျင်သက်ရောက်မှုအကဲဖြတ်ခြင်းအတွက် ဒေသတွင်း စီမံခန့်ခွဲမှု နည်းဗျူဟာများထံသို့ အခွင့်အရေးကိုအခြေခံ၍ ချဉ်းကပ်ဆောင်ရွက်မည့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ရှိ Melia ဟိုတယ်၌ ကျင်းပသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ AICHR ကိုယ်စားလှယ်များ၊ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပတ်ဝန်းကျင်နှင့်လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လက်ရှိကျင့်သုံးလျက်ရှိသည့် ပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်မှုများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများနှင့်အလေ့အထများကို ဆွေးနွေးကြသည်။ ထို့အပြင် အခွင့်အရေးများအပေါ် အခြေခံသည့် ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းမှုကို ကျင့်သုံး၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများ၊ အလေ့အထများကို မည်ကဲ့သို့ပိုမိုခိုင်မာတောင့်တင်းစေရန် ဆောင်ရွက်သွားနိုင်ရေးနှင့် ပတ်သက်၍လည်း ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုလုပ်ငန်းစဉ်များ၏ ဘုံသွင်ပြင်လက္ခဏာများ ရှာဖွေနိုင်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ယင်းလုပ်ငန်းစဉ်များအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် မည်ကဲ့သို့ အထောက်အကူပြုမည်ကို ဒေသတွင်းရှုထောင့်မှလည်းကောင်း၊ ပတ်ဝန်းကျင်၊ လူမှုရေး၊ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဖြေရှင်းနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်မှုနှင့် ပတ်သက်၍ ဒေသတွင်း စည်းမျဉ်းစည်းကမ်းများချမှတ်ရာတွင် အထောက်အကူဖြစ်စေမည့် အမြင်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပြည်မြို့၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပြည် အောက်တိုဘာ ၃၀**
ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (ပြည်)ကို အောက်တိုဘာ ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့အထက(၁) ရတနာဆောင်၌ ကျင်းပခဲ့သည်။ ကလေးစာပေပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယင်းနေ့နံနက် ၇ နာရီခွဲတွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးညဏ်ဇော်၊ ပဲခူးတိုင်းဒေသကြီးပညာရေးမှူး ဦးတင်မောင်လတ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးစိုးပိုင်၊ ခရိုင်ပညာရေးမှူး ဒေါက်တာချစ်ကိုကို၊ ကင်းထောက်ချုပ် ဆလိုင်းဟိန်းသူရကျော်နှင့် လူရည်ချွန် (သုံးထပ်ကွမ်း) မောင်ကောင်းခန့်စည်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကလေးစာပေပွဲတော်တွင် ကလေးများ၏ ကာယဉာဏ စွမ်းဆောင်ရည်များ ထက်မြက်ဖွံ့ဖြိုးရင့်သန်လာစေရန်နှင့် ကလေးများပျော်ရွှင်စေရန်အတွက် စာရေးဆရာကြီး မင်းသုဝဏ်၏ ကလေးကဗျာများနှင့် ကလေးစာဖတ်ခန်း၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ပျော်ရွှင်စရာဂိမ်းကစားပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့သည်။ ပျော့ပျော့အိအိ ကလေးကစားကွင်း၊ 3Dရုပ်ပုံကားချပ်များနှင့်ဓာတ်ပုံရိုက်ခြင်းများ၊ စာအုပ်အရောင်းဆိုင်လေးဆိုင်မှလည်း စာအုပ်များရောင်းချနိုင်ခဲ့သည်။

ထို့အပြင် ဖျော်ဖြေရေးအစီအစဉ်များနှင့် စာပေဟောပြောပွဲများလည်း ကျင်းပခဲ့ရာ ပြည်ခရိုင်ခြောက်မြို့နယ်ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ပညာသင်ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ ဒေသခံပြည်သူများနှင့် ပါဝင်ဆင်နွှဲခဲ့ကြရာ အထူးစည်ကားခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ညနေ ၄ နာရီတွင် ဆက်လက်ကျင်းပရာ ပြိုင်ပွဲများအလိုက် ဆုရရှိသည့် ကလေးများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ တိုင်းဒေသကြီး ပြန်/ဆက်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးကြပြီး ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတွင် ပါဝင်ကူညီသူများကိုလည်း ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



**✻ စာမျက်နှာ ၅ မှ**
ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်နိုင်ပါကြောင်း၊ ပလတ်စတစ်များတွင် လူနှင့်တိရစ္ဆာန်များပါ အဆိပ်အတောက်ဖြစ်စေသည့် ဓာတုပစ္စည်းမျိုးပေါင်း များစွာပါဝင်နေပါကြောင်း၊ ပလတ်စတစ်သည် ပျက်စီးဆွေးမြည့်ရန် ခက်ခဲသဖြင့် မြေထု၊ ရေထုနှင့် လေထုတို့ကို ညစ်ညမ်းစေပြီး ကမ္ဘာမြေ၏ ဂေဟစနစ်ကို များစွာမတည်မငြိမ်ဖြစ်စေပါကြောင်း၊ မိမိတို့နေ့စဉ်စွန့်ပစ်သော အမှိုက်များတွင် ပလတ်စတစ် တစ်ဝက်ခန့်ပါဝင်နေပြီး အတူတကွရောနှော၍စွန့်ပစ်ခြင်းဖြင့် လေဟာပြင်များ၊ လူနေအိမ်ခြေများ၊ မြို့တွင်း၊ မြို့ပြင်လမ်းမကြီးများ၊ ပင်လယ်ကမ်းခြေနှင့် မြစ်ဆိပ်ချောင်းဆိပ်များ၊ တော၊ မြို့များပါမကျန် အရုပ်ဆိုးအကျည်းတန်သော အမှိုက်ပုံများ ဖြစ်ပေါ်လာစေပါကြောင်း၊ စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် အမှိုက်သိမ်းစနစ်ကို များစွာအနှောင့်အယှက်ဖြစ်ပြီး ကုန်ကျစရိတ် ပိုမိုများပြားလာစေပါကြောင်း။

ပလတ်စတစ်အိတ်များသည် ရောဂါများစွာဖြစ်စေရုံမျှမက အသုံးပြုပြီးသော ပလတ်စတစ်အိတ်များကို စနစ်တကျ မစွန့်ပစ်ပါက ကျွဲ၊ နွား တိရစ္ဆာန်များစားမိပြီး အသက်ရှူခက်ခဲခြင်း၊ အစာအိမ်၊ အူလမ်းကြောင်းနှင့်ပတ်သက်သော ရောဂါများကြောင့် သေဆုံးနိုင်ပါကြောင်း၊ ပလတ်စတစ်အန္တရာယ်ကို မိမိတို့တားဆီးကာကွယ်ရန် လိုအပ်ပါကြောင်း၊ ပလတ်စတစ် အသုံးပြုမှုလျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ စွန့်ပစ်ပစ္စည်းမှ ပြန်လည်ထုတ်လုပ်သုံးစွဲခြင်း စသည့်နည်းလမ်းများစွာဖြင့် စနစ်တကျ ထိန်းချုပ်ခြင်း၊ လျှော့ချခြင်း အစီအမံများကို အပြောင်းအလဲတစ်ရပ်အဖြစ် ဒီမိုကရေစီအစိုးရလက်ထက်၌ စတင်ဖော်ဆောင်ပေးစေလိုပါကြောင်း၊ တိုင်းသူပြည်သားများက တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်ဓာတ်အပြည့်အဝဖြင့် မိမိတို့ နေ့စဉ်နှင့်အမျှ စွန့်ပစ်သော ပလတ်စတစ်နှင့်တကွ အမှိုက်သရိုက်များကို စည်းကမ်းတကျခွဲခြားစွန့်ပစ်ခြင်းဖြင့် ပါဝင်ကူညီဖော်ဆောင်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်က ထောက်ခံ ဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက အစီရင်ခံစာ တင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နိုဝင်ဘာ ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အေးအေးသန့်)**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၃၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၅)တွင် ဖော်ပြခဲ့သော ငြိမ်းချမ်းရေးဂီတပွဲတော်သတင်း၏ ပထမကော်လံ၊ ဒုတိယစာပိုဒ်စာကြောင်းရေ(၄)တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**

# တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၅)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၂၄/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၅)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကြေညာချက်အမှတ်(၁/၂၀၁၆)နှင့် ၁၄-၁၁-၂၀၁၆ ရက်စွဲပါ ကြေညာချက်အမှတ် (၂၆/၂၀၁၆) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၅)ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၉၅၃၀<br>ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်အောင် | အစား | ကြည်း ၃၂၃၄၃<br>ဒုတိယဗိုလ်မှူးကြီး ရဲမင်းဦး |
| (၂) | ကြည်း ၃၀၄၈၉<br>ဗိုလ်မှူး ကျော်ဇင်မိုး | အစား | ကြည်း ၃၇၀၇၇<br>ဗိုလ်မှူး ဇွဲနေဇော် |
| (၃) | ကြည်း ၃၂၃၉၄<br>ဗိုလ်မှူး လှညီညီ | အစား | ကြည်း ၃၃၅၀၀<br>ဗိုလ်မှူး ဇေဖြိုး |
| (၄) | ကြည်း ၃၂၄၁၃<br>ဗိုလ်မှူး ကျော်ကျော်ထက် | အစား | ကြည်း ၃၆၄၂၃<br>ဗိုလ်မှူး နိုင်လင်းအောင် |
| (၅) | လေ ၂၇၃၇<br>ဗိုလ်မှူး ဟိန်းမင်းထက် | အစား | လေ ၃၀၈၂<br>ဗိုလ်မှူး ဆွေမြင့်ဦး |

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်( ၆ )ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၂၅/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၆)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၆)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆)၊ ၁၄-၁၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၇/၂၀၁၆) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၆)ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၈၀၂၀<br>ဗိုလ်မှူးချုပ် အောင်ခင်ဇော် | အစား | ကြည်း ၂၉၄၈၆<br>ဒုတိယဗိုလ်မှူးကြီး ဇာနည်အောင် |
| (၂) | ကြည်း ၂၀၅၈၆<br>ဗိုလ်မှူးကြီး မြင့်ဆွေ | အစား | ကြည်း ၁၈၉၃၇<br>ဗိုလ်မှူးကြီး ဇော်လွင် |
| (၃) | ကြည်း ၂၂၇၈၄<br>ဒုတိယဗိုလ်မှူးကြီး ထွန်းမြင့် | အစား | ကြည်း ၃၁၇၇၄<br>ဒုတိယဗိုလ်မှူးကြီး တင်ထွန်းအောင် |
| (၄) | ကြည်း ၃၅၄၅၃<br>ဗိုလ်မှူး ကိုကိုနိုင် | အစား | ကြည်း ၃၈၃၄၀<br>ဗိုလ်မှူး ပြည့်ဖြိုးဟန် |
| (၅) | ကြည်း ၃၇၂၃၂<br>ဗိုလ်မှူး မင်းအောင်ဖြိုး | အစား | ကြည်း ၄၀၆၅၃<br>ဗိုလ်မှူး ကျော်မင်းထွန်း |
| (၆) | ကြည်း ၃၇၆၃၄<br>ဗိုလ်မှူး နိုင်သူ | အစား | ကြည်း ၄၁၀၉၇<br>ဗိုလ်မှူး မင်းရဲထွန်း |

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၃၀)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၂၆/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်**
**ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၃၀)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၀)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၆)၊ ၁၇- ၅-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၀/၂၀၁၆)၊ ၁၄- ၁၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂၈/၂၀၁၆)နှင့် ၂-၂-၂၀၁၇ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၄/၂၀၁၇) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၃၀)ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(က) **ကချင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| | ကြည်း ၄၇၇၄၂<br>ဗိုလ်ကြီး ကောင်းမြတ်သူ | အစား | ကြည်း ၅၂၄၇၂<br>ဗိုလ်ကြီး ရန်အောင်ထိုက် |

(ခ) **ချင်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| | ကြည်း ၃၄၇၂၄<br>ဗိုလ်မှူး တင်အောင်မိုး | အစား | ကြည်း ၆၆၅၉၀<br>ဗိုလ်ကြီးအောင်ကျော်သက် |

(ဂ) **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၄၇၆၅<br>ဗိုလ်မှူး သက်စိုးအောင် | အစား | ကြည်း ၄၈၁၉၅<br>ဗိုလ်ကြီး ရဲမွန်ကျော် |
| (၂) | ကြည်း ၂၈၅၆၆<br>ဗိုလ်ကြီး ကျော်မင်း | အစား | ကြည်း ၄၅၉၅၈<br>ဗိုလ်ကြီး အောင်ကိုထွေး |

(ဃ) **တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၈၉၃၇<br>ဗိုလ်မှူးကြီး ဇော်လွင် | အစား | ကြည်း ၂၀၅၈၆<br>ဗိုလ်မှူးကြီး မြင့်ဆွေ |
| (၂) | ကြည်း ၂၆၁၁၃<br>ဗိုလ်မှူး ထွန်းထွန်းဦး | အစား | ကြည်း ၆၆၁၈၃<br>ဗိုလ်ကြီး ဝေမိုးနောင် |
| (၃) | ကြည်း ၃၆၂၄၁<br>ဗိုလ်မှူး ကျော်ရဲမြင့် | အစား | ကြည်း ၄၀၄၇၄<br>ဗိုလ်မှူး ဝင်းအောင်သန်း |

(င) **ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၃၉၇၄<br>ဗိုလ်မှူး သိန်းလွင်ဦး | အစား | ကြည်း ၃၆၃၈၇<br>ဗိုလ်မှူး အောင်မိုးလွင် |
| (၂) | ကြည်း ၂၆၁၆၆<br>ဗိုလ်မှူး ဇော်လွင် | အစား | ကြည်း ၂၅၂၀၄<br>ဗိုလ်မှူး နေလင်း |
| (၃) | ကြည်း ၂၈၃၆၁<br>ဗိုလ်မှူး သိန်းခိုင်မြင့် | အစား | ကြည်း ၄၀၂၃၈<br>ဗိုလ်မှူး ကျော်မျိုးသန့် |
| (၄) | ကြည်း ၃၃၅၃၁<br>ဗိုလ်မှူး နိုင်ဝင်းဌေး | အစား | ကြည်း ၃၇၇၀၁<br>ဗိုလ်မှူး ဝင်းဟန် |
| (၅) | လေ ၂၈၅၅<br>ဗိုလ်မှူး ကျော်သူရ | အစား | လေ ၂၈၃၃<br>ဗိုလ်မှူး အောင်မျိုးမင်း |
| (၆) | ကြည်း ၄၇၆၄၇<br>ဗိုလ်ကြီး နိုင်အောင်ခင် | အစား | ကြည်း ၄၆၁၂၅<br>ဗိုလ်ကြီး မင်းသိန်းထိုက် |

(စ) **မကွေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၆၀၄၈<br>ဗိုလ်မှူး သန်းစိုးဦး | အစား | ကြည်း ၂၈၄၆၃<br>ဗိုလ်မှူး ကျော်ကျော်စိုး |
| (၂) | ကြည်း ၄၇၁၇၉<br>ဗိုလ်ကြီး ဝေဖြိုးအောင် | အစား | ကြည်း ၅၁၈၄၃<br>ဗိုလ်ကြီး အောင်နိုင်သူ |

(ဆ) **မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၇၄၀၁<br>ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေ | အစား | ကြည်း ၂၆၁၃၀<br>ဒုတိယဗိုလ်မှူးကြီး နေမျိုးဝေ |
| (၂) | ကြည်း ၂၀၃၀၄<br>ဗိုလ်မှူး တင်ထွန်း | အစား | ကြည်း ၃၇၉၅၃<br>ဗိုလ်မှူး ဝေယံမင်း |
| (၃) | ကြည်း ၂၈၃၂၅<br>ဗိုလ်မှူး သိန်းဌေးမောင် | အစား | ကြည်း ၃၆၄၃၀<br>ဗိုလ်မှူး ဖြိုးသီဟကျော် |

(ဇ) **မွန်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| | ကြည်း ၅၁၃၂၂<br>ဗိုလ်ကြီး ဝဏ္ဏနိုင် | အစား | ကြည်း ၅၈၅၁၃<br>ဗိုလ်ကြီး ကျော်သက်နိုင် |

(ဈ) **ရခိုင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၀၄၃၁<br>ဒုတိယဗိုလ်မှူးကြီးမြတ်မင်းထွေး | အစား | ကြည်း ၂၆၁၅၈<br>ဒုတိယဗိုလ်မှူးကြီး မင်းသူ |
| (၂) | ကြည်း ၃၅၃၆၄<br>ဗိုလ်မှူး ဟိန်းဇေမြင့် | အစား | ကြည်း ၄၀၁၇၂<br>ဗိုလ်မှူး ရဲနောင်ဦး |
| (၃) | ရေ ၃၉၀၀<br>ဗိုလ်မှူး စိုးပိုင် | အစား | ရေ ၄၂၅၄<br>ဗိုလ်မှူး ဝေသူအောင် |

(ည) **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| | လေ ၁၇၉၃<br>ဗိုလ်မှူးချုပ် သိန်းနိုင် | အစား | ကြည်း ၃၆၇၈၁<br>ဗိုလ်မှူး ကျော်ကျော်ဝိုင်း |

(ဋ) **ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၃၀၈၀<br>ဗိုလ်မှူး ကျော်ဇေယျ | အစား | ကြည်း ၄၀၂၄၈<br>ဗိုလ်မှူး ကျော်ကျော်နိုင် |
| (၂) | ကြည်း ၃၇၂၅၄<br>ဗိုလ်မှူး ရဲမြင့်ထွန်း | အစား | ကြည်း ၄၀၂၅၇<br>ဗိုလ်မှူး ကျော်ဆန်းမင်း |
| (၃) | ကြည်း ၃၃၈၀၄<br>ဗိုလ်ကြီး ပေါ်လာ | အစား | ကြည်း ၄၅၉၆၃<br>ဗိုလ်ကြီး သက်ဦးစံ |
| (၄) | ကြည်း ၃၅၁၉၇<br>ဗိုလ်ကြီး ဆန်းလင်း | အစား | ကြည်း ၄၆၁၁၃<br>ဗိုလ်ကြီး ဝင်းမင်းထွေး |

(ဌ) **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ရေ ၄၁၅၉<br>ဗိုလ်မှူး အောင်ပြည့်စုံ | အစား | ရေ ၄၁၈၀<br>ဗိုလ်မှူး ရဲမင်းကြည် |
| (၂) | ကြည်း ၄၅၃၂၃<br>ဗိုလ်ကြီး ဟန်ဇော်ထွန်း | အစား | ကြည်း ၅၈၁၂၂<br>ဗိုလ်ကြီး ခင်မောင်ချို |
| (၃) | ကြည်း ၅၁၆၈၀<br>ဗိုလ်ကြီး ဇာနည်အောင် | အစား | ကြည်း ၅၃၇၅၀<br>ဗိုလ်ကြီး အာကာ |

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေးကြ**

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



## ❖ မြန်မာနိုင်ငံမှ

ကျွန်မအရင်တုန်းကလည်း ပြောဖူးပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်စကတည်းက ကိုယ်ကဘာပေးနိုင်မလဲ ဆိုတာကို အဓိကထားပြီးတော့မှ စဉ်းစားစေချင်ပါတယ်။ ကျွန်မတို့ရဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးအတွက် ကိုယ်ကဘာပေးနိုင်မလဲ၊ ဘယ်လို ကူညီနိုင်မလဲဆိုတဲ့စိတ်ဓာတ်နဲ့ ဒီအစည်းအဝေးမှာ အားလုံးဝိုင်းဝန်းပြီးတော့ ပါဝင်စေချင်ပါတယ်။

ကျွန်မတို့ရဲ့တာဝန်ကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ရှေ့ကိုတိုးတိုးပြီးသွားအောင် လုပ်ဖို့ပါပဲ။ လူတိုင်း လူတိုင်းဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီး တိုးတက်အောင် ဘယ်လိုလုပ်မလဲဆိုပြီး စဉ်းစားပြီးတော့ ပါဝင်စေချင်ပါတယ်။ ကျွန်မတို့ အခုလုပ်ရမယ့် လုပ်ငန်းတွေကိုပြောရမယ် ဆိုရင်တော့ ဒီနေ့ကနေ အခုကနေစပြီးတော့ လာမယ့် ၂၀၁၈ ခုနှစ်အထိ အချိန်ကာလအတွင်းမှာ ဖက်ဒရယ် ဆိုင်ရာ အခြေခံမူတွေကို အခြေခံအုတ်မြစ်အနေနဲ့ချမှတ်နိုင်ဖို့ ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်သွားဖို့လိုပါတယ်”ဟု ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဘက်စုံပြည့်စုံကောင်းမွန်သည့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ပေါ်လာရေးကို အားလုံးက အတူတကွပူးပေါင်း ဆောင်ရွက်သွားကြရန်လိုအပ်မှုနှင့်စပ်လျဉ်း၍ “ဒီရည်မှန်းချက် ပြည့်ဝအောင်မြင်မှသာ မြန်မာနိုင်ငံရဲ့ နောက်မျိုးဆက်သစ်တွေရဲ့ အနာဂတ်ကို ကောင်းမွန်စေမှာဖြစ်ပါတယ်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းရေးဟာ နိုင်ငံရေးသဘောတူညီချက်များ ရရှိရေးပေါ် မူတည်နေတာဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေအောင်မြင်မှ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူတွေ ချမှတ်နိုင်မှာ ဖြစ်ပြီးတော့ UPDJC က ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အရေးကြီးလာတဲ့အခန်းကဏ္ဍမှာ အခုရှိနေတယ်ဆိုတာတော့ အားလုံးသဘောပေါက်မယ်လို့ မျှော်လင့်ပါတယ်။ အခုဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးအတွက် အနာဂတ်ကို ရှေးရှုပြီး အားလုံးပါဝင်ဖို့ ထပ်မံပြီး ဆော်သြချင်ပါတယ်။ ပြီးခဲ့တဲ့ညီလာခံအတွင်းမှာ ကြုံတွေ့ရတဲ့အခြေအနေတွေအပေါ်မှာ အစုအဖွဲ့အသီးသီးက ပြန်လည်သုံးသပ်မှုတွေ ပြုလုပ်ခဲ့ကြတာကိုလည်း ကြားသိရပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေ အောင်မြင်ဖို့အတွက် အချိန်လုံလောက်မှု၊ အကျေအလည် ဆွေးနွေးနိုင်မှု၊ ပါဝင်သူအားလုံး အပြန်အလှန်ယုံကြည်မှုတို့ အရေးကြီးသလို အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ် ထားရှိတဲ့ စိတ်ရင်းစေတနာတွေကလည်း အရေးကြီးလှပါတယ်။ ပြန်လည်သုံးသပ်တဲ့ လုပ်ငန်းတွေမှာ ရှေ့ဆက်မယ့် နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် ပိုမိုကောင်းမွန်တဲ့ အတွေးအမြင်သစ်တွေ ယူဆောင်လာကြမယ်လို့လည်း ယုံကြည်ပါတယ်။ ဘက်စုံပြည့်စုံကောင်းမွန်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ပေါ်လာရေးကို အားလုံးက အတူတကွပူးပေါင်းဆောင်ရွက်သွားကြဖို့လည်း ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်” ဟု ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က UPDJC နှင့် ရုံးအဖွဲ့များ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ “အခုအစည်းအဝေးမှာဆိုရင် UPDJC အနေနဲ့ မျဉ်းပြိုင်လုပ်ဆောင်သွားရမယ့် လုပ်ငန်းစဉ်တွေကို အဆုံးအဖြတ်ပေးဖို့ လိုအပ်နေပါတယ်။ ပထမဆုံးအနေနဲ့ လာမယ့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးမှာ ဘယ်လိုအခြေခံမူဆိုင်ရာခေါင်းစဉ်တွေ ဆွေးနွေးကြမလဲဆိုတာကို သတ်မှတ်ပေးဖို့ ဆိုတာလည်း ရှိပါတယ်။ ဒီလိုညီလာခံမှာ ဆွေးနွေးမယ့် ခေါင်းစဉ်တွေ အတည်ပြုသတ်မှတ်ပေးပြီးတဲ့နောက်မှာ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို ဆက်လက်လုပ်ဆောင်ကြဖို့ပဲ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း အချိန်လုံလုံလောက်လောက်ရရှိပြီး အကျေအလည် ညှိနှိုင်းနိုင်မယ့် အခြေအနေမျိုး ဖန်တီးပေးဖို့ UPDJC က စဉ်းစားပြီးတော့ ဆောင်ရွက်ပေးစေချင်ပါတယ်။

“ဒုတိယအနေနဲ့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်းနဲ့ ပြင်ဆင်ခြင်းကို ပြီးစီးအောင် ဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။ UPDJC အနေနဲ့ အတည်ပြုပေးခဲ့တဲ့ မူဘောင်၊ လုပ်ငန်း၊ လမ်းညွှန် (ToR) တွေကို ပြန်ကြည့်ရင် နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပမယ့် အနေအထားကို မျှော်မှန်းပြီး အကောင်းဆုံးဖြစ်အောင် ရေးဆွဲခဲ့ကြခြင်းဖြစ်ပါတယ်။ လက်တွေ့လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ စိတ်ကူးထားတဲ့အတိုင်းမဟုတ်ဘဲ ပြောင်းလွယ်၊ ပြင်လွယ် ဆောင်ရွက်ခဲ့ကြတာလည်း ရှိနေပါတယ်။ အခုအခါမှာ နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ လက်တွေ့ အတွေ့အကြုံများရရှိခဲ့ပြီးဖြစ်တဲ့အတွက် နောက်တစ်ခါ ပိုမိုကောင်းမွန်ရေးအတွက် ပြောင်းလဲပြင်ဆင်ရမယ့် အစိတ်အပိုင်းတွေကိုလည်း ပြောင်းလဲပြင်ဆင်ဖို့ဖြစ်ပါတယ်။

“တတိယအနေနဲ့ကတော့ သဘောတူညီချက်တွေကို လက်တွေ့လုပ်ဆောင်ကြရာမှာ စနစ်တကျနဲ့ ထိထိရောက်ရောက်ဖြစ်စေရေးအတွက် လိုအပ်တဲ့ Standard Operating Procedure (SOP)တွေကို ရေးဆွဲကြဖို့နဲ့ UPDJC ရဲ့ လုပ်ငန်းတာဝန်တွေကို ထိရောက်အောင်မြင်စေဖို့အတွက် ရုံးအဖွဲ့စနစ်တကျဖွဲ့စည်းဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

“ကျွန်မ SOP ရဲ့ အရေးကြီးပုံတွေလည်း ပြောပါရစေ။ တချို့ကတော့ စည်းမျဉ်းစည်းကမ်းတွေရှိရင် SOP ဆိုတာ မလိုအပ်ဘူးလို့ ထင်ပါတယ်။ တကယ်တော့ စည်းမျဉ်းစည်းကမ်းတွေ ဘယ်လိုပဲရှိရှိ Standard Operating Procedure မရှိရင် ဒီစည်းမျဉ်းစည်းကမ်းတွေ အရ အလုပ်ကို ထိထိရောက်ရောက် လုပ်လို့မရပါဘူး။ ဒါကြောင့်မို့ ကျွန်မတို့ဟာ Standard Operating Procedure သတ်မှတ်ဖို့က အင်မတန်မှ အရေးကြီးပါတယ်။ Standard Operating Procedure ဆိုတာ လက်တွေ့လည်း ကျရပါလိမ့်မယ်။ လက်တွေ့မကျတဲ့ Procedure တွေကို သတ်မှတ်လိုက်ရင် စက္ကူပေါ်မှာပဲရှိပြီးတော့ ကျွန်မတို့အလုပ်ဖြစ်မှာ မဟုတ်ပါဘူး။

“နိုင်ငံရေးဆွေးနွေးပွဲအောင်မြင်ရေးအတွက် UPDJC ရဲ့ ဦးဆောင်မှုအရေးကြီးသလို UPDJC လုပ်ငန်းများ စနစ်တကျနဲ့ထိရောက်အောင်မြင်စေရေးအတွက် UPDJC ရုံးအဖွဲ့တွေလည်း အရေးကြီးပါတယ်။ ရုံးအဖွဲ့ ဆိုရာမှာ ကျွန်မတို့ရုံးအဖွဲ့တွေက လုပ်ထုံးလုပ်နည်းတွေလည်း နားလည်ရမယ်။ လုပ်ပုံကိုင်ပုံကလည်း မှန်ကန်ရမယ်။ နောက်ပြီးတော့လည်း ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ သမိုင်းကြောင်းတွေတင်မကဘူး၊ ကျွန်မတို့ရည်ရွယ်နေတဲ့ ပန်းတိုင်ဟာ ဘာလဲဆိုတာကိုလည်း ကျွန်မတို့ ရုံးအဖွဲ့တွေက နားလည်ဖို့လိုပါတယ်။ ရုံးအဖွဲ့ဆိုတာ သက်သက်စာရွက်တွေဝေဖို့၊ လက်မှတ်ထိုးဖို့နဲ့ စာရွက်တွေ နှိပ်ထုတ်ဖို့ ဒါမျိုးမဟုတ်ပါဘူး။ ငြိမ်းချမ်းရေးစိတ်ဓာတ် အပြည့်အဝနဲ့ နားလည်မှု၊ အုပ်ချုပ်ရေးဆိုင်ရာ ကျွမ်းကျင်တဲ့ရုံးအဖွဲ့ တွေလိုပါတယ်” ဟု ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က NCA လက်မှတ်မထိုးရသေးဘဲ ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို လက်ဆင့်ကမ်းပေးကြရန်တို့နှင့်စပ်လျဉ်း၍ “ဒီလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရာမှာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ မျဉ်းပြိုင်လုပ်ကိုင်သွားကြဖို့ လိုအပ်ပါတယ်။ ဒီလိုမျဉ်းပြိုင် လုပ်ကိုင်သွားရမယ်၊ ဒါကြောင့်မို့ UPDJC အဖွဲ့ဝင်တွေ အထူးသဖြင့် UPDJC အတွင်းရေးမှူးများအနေနဲ့ လုပ်ငန်းတာဝန်တွေကို ဖြန့်ခွဲဆောင်ရွက်ကြရမှာဖြစ်ပြီးတော့ အလုပ်ကတော့များမယ်၊ ပင်ပန်းမယ်။ ဒါပေမယ့်ဒီလိုပင်ပန်းရကျိုး၊ လုပ်ရကျိုးနပ်အောင်လို့ အားလုံးကြိုးစားသွားဖို့လိုပါတယ်။ ဒါကြောင့်မို့ အခုကတည်းက ပင်ပန်းမယ်ဆိုတာလည်း ပြောကြားရင်းနဲ့ အလုပ်တွေပြီးတဲ့အခါကျရင် ကျေးဇူးတင်တယ်လို့ ပြောနိုင်ပါစေလို့ မျှော်လင့်ပါတယ်။

“ဒုတိယအစည်းအဝေးမှာ နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့နည်းတူ ဆက်လက်ပြီးတော့ ဒီလိုပဲ ဆောင်ရွက်သွားကြမယ်လို့ ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်။ တစ်ဆက်တည်းမှာလည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေလည်း ကျန်နေသေးတယ်ဆိုတာလည်း အားလုံး သိပြီးသားဖြစ်ပါတယ်။ (၂၁)ရာစုပင်လုံညီလာခံရဲ့ နိုင်ငံရေးဆွေးနွေးပွဲတံခါးကို အစဉ်အမြဲဖွင့်ထားပါတယ်။ ဒါဟာ ကျွန်မတို့ရဲ့မူပါပဲ။ ဘယ်တော့မဆို ငြိမ်းချမ်းရေးနယ်ထဲမှာ ပါဝင်လာချင်တဲ့ အစုအဖွဲ့တွေကို ကြိုဆိုပါတယ်။

“ငြိမ်းချမ်းရေးကော်မရှင်အနေနဲ့ ဆွေးနွေးညှိနှိုင်းမှုတွေပြုလုပ်လျက်ရှိပါတယ်။ ကျန်နေသေးတဲ့ အဖွဲ့တွေပါဝင်လာဖို့ကို နိုင်ငံတော်အစိုးရအနေနဲ့လည်း အထူးတလည် အလေးအနက်ထားပါတယ်။ ယနေ့ကမ္ဘာပေါ်မှာ ပြောင်းလဲနေတဲ့ အင်အားချိန်ခွင်လျှာအရ နိုင်ငံတကာ အခြေအနေတွေလည်း အချိန်နဲ့အမျှ ပြောင်းလဲလျက်ရှိပါတယ်။ မည်သို့ပင်ပြောင်းလဲစေကာမူ ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာမြင့်မားတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် အစဉ်အမြဲ ရပ်တည်ရှင်သန်နိုင်ရေးအတွက် အရေးကြီးဆုံးဟာ အမျိုးသားညီညွတ်ရေးပဲဖြစ်ပါတယ်။

“အမျိုးသားညီညွတ်ရေးဆိုတာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးရရှိမှသာ ခိုင်မာမှာဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို အမျိုးသားညီညွတ်ရေးနဲ့ လျှောက်လှမ်းကြရမှာဖြစ်ပါတယ်။ NCA လက်မှတ်မထိုးရသေးဘဲ ကျန်နေတဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပါဝင်လာရေးအတွက် UPDJC အဖွဲ့ဝင်တွေက တစ်ဖက်တစ်လမ်းကနေပြီးတော့ အတတ်နိုင်ဆုံး ကူညီပံ့ပိုးဆောင်ရွက်သွားကြဖို့လည်း ကျွန်မအနေနဲ့ မေတ္တာရပ်ခံပါတယ်။

“နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ပင်လုံအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြပါ။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အုတ်မြစ်ဖြစ်တဲ့ အခြေခံမူများချမှတ်ခြင်းကို ၂၀၁၈ ခုနှစ်အတွင်း ပြီးပြတ်အောင် ရည်မှန်းချက်ထားပြီး ဦးတည်ကြိုးပမ်း ဆောင်ရွက်ပေးကြပါ။ ဒီနေ့ကလေးသူငယ်တွေ ကြီးပြင်းလာတဲ့အချိန် နောင်လာမယ့်ကာလမှာ မြန်မာနိုင်ငံကို နိုင်ငံတကာအလယ်မှာ မြင့်မြင့်မားမား ရပ်တည်နိုင်ပြီး ဘယ်သူကမှ မထိပါးမစော်ကားရဲတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာစေဖို့ ဒီကနေ့ခေါင်းဆောင်တွေက အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို လက်ဆင့်ကမ်းပေးကြပါလို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်” ဟု ပြောကြားသည်။

**ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌ ကိုယ်စား EAO-UPDJC အဖွဲ့ခေါင်းဆောင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းဖွင့်ထားသကဲ့သို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ မကျင်းပနိုင်သေးသည့် အထူးသဖြင့် RCSS နှင့် ALP နေရာတို့တွင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပပေးနိုင်ရန် ယနေ့အစည်းအဝေးက ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းလိုပါကြောင်း။**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြပြီးဖြစ်သည့်အတိုင်း လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် တစ်ဆင့်နှင့်တစ်ဆင့်အကြား၊ အစည်းအဝေးတစ်ခုနှင့်တစ်ခုအကြား လုံလောက်သောအချိန်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ အထူးသဖြင့် မိမိတို့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ တကွဲတပြားစီနေကြပါကြောင်း၊ လူမျိုးချင်းမတူသကဲ့သို့ အဖွဲ့အစည်းချင်းလည်းမတူပါကြောင်း၊ သို့ဖြစ်၍ တိုင်ပင်ရန်လုံလောက်သောအချိန်လိုပါကြောင်း။**

**အမှန်စင်စစ် NCA စာချုပ်ကို ကြည့်မည်ဆိုလျှင် နိုင်ငံရေးလမ်းပြမြေပုံ နံပတ်(၁) တွင် NCA စာချုပ်ချုပ်ဆိုရမည်ဟု ပါရှိပါကြောင်း၊ ပြီးမှသာ မူဘောင်ရေးဆွဲခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကျင်းပခြင်းဆိုသည့် အဆင့်များလာမည်ဖြစ်ပါကြောင်း၊ UPDJC အဖွဲ့အားလုံးက NCA စာချုပ်၊ NCA မှာပါသည့် လမ်းပြမြေပုံအတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ပါက မိမိတို့အတွက် စုစည်းမှုလည်း ပိုအားကောင်းမည်ဖြစ်ပါကြောင်း ပြောကြားသည်။**

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ-(UPDJC) ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသုဝေက မိမိတို့ရည်မှန်းထားသည့် ငြိမ်းချမ်းရေးသည် အင်မတန်အရေးကြီးပြီး ခက်ခဲသည့်ကိစ္စရပ်ဖြစ်ပါကြောင်း၊ ကြန့်ကြာနေရသည်ဆိုသည်မှာလည်း မိမိတို့နားလည်၍ရပါကြောင်း၊ ငြိမ်းချမ်းရေးညီလာခံကြီးဖြစ်မြောက်ရန် အခက်အခဲများ တွေ့ရလေလေ အရည်အချင်းတိုးတက်လေလေဖြစ်သည်ဟု နားလည်ထားပါကြောင်း၊ မိမိတို့၏ ကြိုးပမ်းမှုကိုနှစ်ဆတိုးပြီး ကြိုးပမ်းလုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်ပါက ပန်းတိုင်ကို အများကြီးနီးကပ်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ပြီးခဲ့သည့်ညီလာခံကြီးက အခြေအနေအရပ်ရပ်ကိုလေ့လာနိုင်အောင်၊ သုံးသပ်နိုင်အောင် စုစည်းပြီးဆွေးနွေးကြပါကြောင်း၊ ရည်ရွယ်ချက်မှာ နိုင်ငံရေးပါတီများအနေဖြင့် UPDJC အဖွဲ့နှင့်ပူးပေါင်းကာ တိုင်းပြည်အတွက် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်ရန် ဆွေးနွေးကြခြင်းဖြစ်ပါကြောင်း။

**စာမျက်နှာ ၁၁ သို့** ❐

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာ



**ရန်ကုန် အောက်တိုဘာ ၃၀**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ AACC အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံးက ကျင်းပသည့် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ယမန်နေ့ည ၁၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့မှ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန် မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်ပါပို့ဆောင်ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်ဦးကျော်ဆန်းလည်း လိုက်ပါသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Truong Minh Tuan နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဗီယက်နမ် ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနတို့အကြား အပြန်အလှန် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးရေးကိစ္စရပ်များ၊ နှစ်နိုင်ငံသတင်းအချက်အလက်ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ဗီယက်နမ်ရုပ်သံလွှင့်ချန်နယ်နှင့် သတင်းဌာနရုံးခွဲများ ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်





**ရန်ကုန် အောက်တိုဘာ ၃၀**

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်း အကယ်ဒမီ ကေတုမတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ယခုသင်တန်းကို ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၏ စီမံခန့်ခွဲအုပ်ချုပ်မှုပိုင်းတွင် အဓိကတာဝန်ထမ်းဆောင်နေကြပြီး အနာဂတ်တွင် နိုင်ငံတော်၏ ပိုမိုကြီးမားသည့် တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် အဆင့်မြင့်အရာရှိကြီးများ၏ အရည်အသွေးများ မြင့်မားထက်မြက်စေပြီး မိမိတာဝန်ယူရသည့် အဖွဲ့အစည်းတွင် ဦးဆောင်နိုင်မှု စွမ်းရည် တိုးတက်လာစေရန်နှင့် အနာဂတ် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ပထမဆုံးအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်းမှာ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများက ဘာသာရပ်များကို ပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုရာထူးဝန်က ၂၀၁၇ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာစီမံချက်ကို ထုတ်ပြန်နိုင်ခဲ့ပြီး စီမံချက်တွင် ပါဝင်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်စနစ် ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာတွင် ပြည်သူများကို အနီးကပ်ဝန်ဆောင်မှုပေးရသည့် နိုင်ငံ့ဝန်ထမ်း၏စွမ်းအား (Ability)နှင့် စွမ်းဆောင်ရည် (Capability)တို့သည် အလွန်အရေးကြီးသည့်အတွက် စွမ်းအားနှင့် စွမ်းဆောင်ရည်များ အစဉ်တိုးတက်နေစေရန် ပညာသစ်၊ အတွေ့အကြုံသစ်များကို ဆက်လက်ရှာဖွေစုဆောင်းသွားကြရန်လိုကြောင်း။

စီမံခန့်ခွဲမှု၏ သဘောတရားအရ အဖွဲ့အစည်းတစ်ခု၏ ထိပ်ပိုင်းအဆင့်က မူဝါဒရေးဆွဲပြီး လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ချမှတ်ပေးရပါကြောင်း၊ ယခုသင်တန်းသား အရာရှိကြီးများက ယင်းဒီမူဝါဒများကို အောင်မြင်ပြီးမြောက်ရန် စီမံအကောင်အထည်ဖော်ရမှာ ဖြစ်သကဲ့သို့ မူဝါဒများ အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် အခြေအနေအခက်အခဲများကို အောက်အဆင့်ဆင့်သော အရာထမ်းများအား ထိရောက်ထက်မြက်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် တီထွင်ဆန်းသစ်သည့် ဦးဆောင်မှုပေးနိုင်သည့်သူများ ဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရက အရာရှိကြီးများကို စွမ်းဆောင်ရည်မြှင့်တင်ပေးမှုနှင့် လေ့ကျင့်သင်တန်းပေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေခြင်းသည် အုပ်ချုပ်ရေးကဏ္ဍ၏ ခေါင်းဆောင်မှုအရည်အသွေး တိုးတက်လာရန်ဖြစ်ခြင်းကြောင့် သင်တန်းကာလအတွင်း မိမိအတွက်၊ မိမိဝန်ကြီးဌာနအတွက် အကျိုးရှိရန်၊ ကြိုးကြိုးစားစားသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါ်လှမျိုးနွယ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များဖြစ်သည့် ဦးဝင်းမော်၊ ဒေါက်တာဦးပွား၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ် ဦးအောင်တင်စိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တက္ကသိုလ်မှ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၂၂ ဦး၊ သင်တန်းသူ ၁၀ ဦး စုစုပေါင်း ၃၂ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂၂ ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စတုတ္ထအကြိမ် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံသတင်းစာဆရာအသင်းက ကြီးမှူးပြီး စတုတ္ထအကြိမ် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေပေးအပ်ခြင်းနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောခစ်ဟိုတယ်၌ ပြုလုပ်မည်ဖြစ်ပြီး ယင်းအခမ်းအနားတွင်လည်း လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းအနေဖြင့် အသက်(၇၅)နှစ်ပြည့်ပြီး သက်ကြီးသတင်းစာပညာရှင်များကို ၂၀၁၄ ခုနှစ်မှစတင်ကာ နှစ်စဉ်မပျက်ကျင်းပခဲ့ရာ ယခုအကြိမ်သည် စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ အသက်(၇၅) နှစ်ပြည့်ပြီးသူ သက်ကြီးသတင်းစာပညာရှင် ၁၅၀ ကျော်ကို ပူဇော်ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုသူများအနေဖြင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း အခန်း(၆၀၃) အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၅၁၉၊ ၀၉-၄၂၁၀၉၄၆၅၉ တို့သို့ လူကိုယ်တိုင်ဆက်သွယ်လာရောက်လှူဒါန်းနိုင်ပြီး ငွေသားကို ကမ္ဘောဇဘဏ် အကောင့်အမှတ်(၁၇၃-၃၀၂-၀၀၇၀၃၇၄၈၈၀၁) သို့လည်း ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ❂ ရှေ့ဖုံးမှ

TTCL ကုမ္ပဏီက ၉၅ ရာခိုင်နှုန်း ပိုင်ဆိုင်မည်ဖြစ်ကြောင်း TTCL ကုမ္ပဏီ အမှုဆောင်ဒုတိယဥက္ကဋ္ဌ ဆူရာတာနာထရင်ရာတာနာက အား ကိုးကား၍ ပြောကြားသည်။

တည်ဆောက်ရေးလုပ်ငန်းမှာ အမေရိကန်ဒေါ်လာ ၂ ဘီလီယံအထိ ကုန်ကျမည်ဟု မျှော်မှန်းထားပြီး TTCL ကုမ္ပဏီက စက်ရုံတည်ဆောက်ရေး ရင်းနှီးမြှုပ်နှံမှုတွင် ပြန်လည်ရရှိမည်ဟု မျှော်မှန်းထားသောပမာဏမှာ ၁၀ နှင့် ၁၃ ရာခိုင်နှုန်းကြားဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ TTCL မှာ Italian-Thai Development နှင့် ဂျပန်နိုင်ငံမှ Toyo Engineering Corp အကြား ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်သည်။

TTCL ကုမ္ပဏီသည် လက်ရှိတွင် မြန်မာနိုင်ငံ၌ ဓာတ်အားပေးစက်ရုံတစ်ခု လည်ပတ်နေပြီး ယင်းစက်ရုံမှာ ၂၀၁၃ ခုနှစ်တွင် စတင်လည်ပတ်ခဲ့သည့် ရန်ကုန်မြို့တော် အလုံမြို့နယ်ရှိ ၁၂၀ မဂ္ဂါဝပ် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံဖြစ်သည်။

**(သုတ)**

***ကိုးကား-Power Engineering International***

# ရခိုင်ပြည်နယ်သတင်း

## ဘူးသီးတောင် ရွှေ့လျားဆေးကုသရေးအဖွဲ့ အလယ်သံကျော်ကမ်းခြေရှိ အစ္စလာမ်ဘာသာဝင်များအား ဆေးကုသ

တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်ရန် နေရပ်စွန့်ခွာပြီး မောင်တောမြို့နယ် လေယာဉ်ပျံကွင်းကျေးရွာအနီးရှိ အလယ်သံကျော်ကမ်းခြေ၌ စုရုံးရောက်ရှိနေသော အစ္စလာမ်ဘာသာဝင်များအား ယနေ့နံနက်ပိုင်းတွင် ဘူးသီးတောင် ရွှေ့လျားဆေးကုသရေးအဖွဲ့က ဆေးကုသပေးပြီး ကူးစက်ရောဂါဖြစ်ပွားမှု ရှိမရှိ ကွင်းဆင်းစစ်ဆေးသည်။

"ရောဂါဆိုတာ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပြီး တစ်ဦးကိုတစ်ဦး ကူးစက်နိုင်ပါတယ်။ ကူးစက်နိုင်တဲ့ ရောဂါဆိုရင် ပိုပြီးသတိထားဖို့လိုအပ်ပါတယ်။ ကူးစက်တတ်တဲ့ ရောဂါမျိုးတွေ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။

ဒါ့အပြင် ကူးစက်ရောဂါ ဖြစ်ပွားလာခဲ့ရင်လည်း စောစောစီးစီး ရောဂါအမည်တွေဖော်ထုတ်ပြီး ကုသပေးတဲ့အနေအထားနဲ့ ပြည်သူလူထုကြား ပြန့်ပွားမှုမရှိအောင်၊ ကူးစက်မှုမရှိအောင် ရည်ရွယ်ဆောင်ရွက်တာဖြစ်ပါတယ်" ဟု ဘူးသီးတောင်မြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းကျော်က ပြောသည်။

နေရပ်စွန့်ခွာပြီး တစ်ဖက်နိုင်ငံသို့သွားရောက်ရန် အလယ်သံကျော်ကမ်းခြေ၌ စုဝေးရောက်ရှိနေသည့် အစ္စလာမ်ဘာသာဝင်ဦးရေ ၃၀၀၀ ခန့်ရှိပြီး အဆိုပါကမ်းခြေသို့ ရောက်ရှိနေသည်မှာ နှစ်ပတ်ခန့်ရှိပြီဖြစ်ကြောင်း၊ ၎င်းတို့အား လာခေါ်မည့်လှေများကို စောင့်ဆိုင်းနေကြခြင်းဖြစ်ကြောင်း သိရသည်။

ဒေါက်တာသန်းထွန်းကျော်က"ကျွန်တော်တို့အဖွဲ့မှာ အားလုံးပေါင်း ၁၀ ဦးပါဝင်ပါတယ်။ ရန်ကုန်ဆေးရုံကြီးက အရိုးရောဂါအထူးကုဆရာဝန်ကြီးလည်း ပါပါတယ်။ ဒီနေ့မနက် ၈ နာရီခွဲကစပြီး ဒီကလူနာတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေတာပါ။ သာမန် နှာစေး၊ ချောင်းဆိုး၊ ဖျားနာတာတွေပဲတွေ့ရပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ပတ်သက်လို့ ပြင်းထန်တဲ့လက္ခဏာတော့ မတွေ့ရပါဘူး။ သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်နေတဲ့ ကလေးအနည်းငယ်တော့ တွေ့ရပါတယ်။

ဘူးသီးတောင် ရွှေ့လျားဆေးကုသရေးအဖွဲ့အနေနဲ့ အကြမ်းဖက်မှုဖြစ်စဉ်တွေ စတင်ဖြစ်ပွားကတည်းက ဘူးသီးတောင်ပြည်သူ့ဆေးရုံမှာ လူမျိုး၊ ဘာသာမရွေး၊ အရောင်အသွေး၊ အဆင့်အတန်းမခွဲခြားဘဲ ကျန်းမာရေးစောင့်ရှောက်မှုပေးနေတာ အခုထိပါပဲ။ တိုင်းရင်းသားကျေးရွာတွေသာမက အစ္စလာမ်ဘာသာဝင်တွေနေတဲ့ ကျေးရွာတွေကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနေပါတယ်။



ဒေါက်တာသန်းထွန်းကျော်

အခုအချိန်ထိလည်း ဆေးရုံကြီးမှာ အစ္စလာမ်ဘာသာဝင်တွေရော၊ ဟိန္ဒူဘာသာဝင်တွေရော၊ တိုင်းရင်းသားဖြစ်တဲ့ ရခိုင်၊ ဗမာ၊ မြို၊ သက်၊ ခမီ၊ ဒိုင်းနက်ကအစ ဆေးဝါးတက်ရောက်ကုသမှုခံယူနေကြတာ အများကြီးရှိပါတယ်" ဟု ပြောသည်။

ရွှေ့လျားဆေးကုသရေးအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်းထားပြီး ဆရာဝန်များ၊ ကျန်းမာရေးမှူးများနှင့် သူနာပြုများပါဝင်သည်။ ထိုအဖွဲ့ ၁၀ ဖွဲ့ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိသည်။

တိုင်းရင်းသားကျေးရွာများကိုလည်း ရွှေ့လျားဆေးကုသရေးအဖွဲ့များက နယ်လှည့်ဆေးခန်းများဖွင့်၍ အလှည့်ကျ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် အလယ်သံကျော်ကမ်းခြေသို့ ယခုလာရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက "အခု လက်ရှိအချိန်မှာ ဘူးသီးတောင်မြို့ပေါ်မှာ ကယ်ဆယ်ရေးစခန်းတွေ သိပ်မရှိတော့ပါဘူး။ ဒါကြောင့် ရွှေ့လျားဆေးကုသရေးအဖွဲ့ကို ငါးဖွဲ့အဖြစ် ကျစ်ကျစ်လျစ်လျစ်နဲ့ ပြောင်းလဲဖွဲ့စည်းပြီး ဝန်ကြီးဌာနနဲ့ ပြည်နယ်အစိုးရတို့ရဲ့ လမ်းညွှန်ချက်နဲ့ ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်တွေမှာ ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမှာပါ။

ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့အခါမှာလည်း လူမျိုးဘာသာခွဲခြားမှုမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမှာဖြစ်ပါတယ်။ ဝေးလံပြီး တောင်ပေါ်ဒေသတွေမှာ နေထိုင်ကြတဲ့ မြို၊ ခမီ၊ ဒိုင်းနက်နဲ့ သက်လူမျိုးတွေကိုလည်း ကျန်းမာရေး စောင့်ရှောက်မှုပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

သီးသန့်အစီအစဉ်တစ်ခုအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍတစ်ခုချင်းမသွားဘဲ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း၊ အာဟာရစောင့်ရှောက်မှုလုပ်ငန်း၊ ရောဂါနှိမ်နင်းရေးလုပ်ငန်း၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စုပေါင်းဆောင်ရွက်သွားရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်း ဒေါက်တာသန်းထွန်းကျော်က "ရွှေ့လျားဆေးကုသရေးအဖွဲ့တွေက နယ်လှည့်ဆေးကုသတဲ့ လုပ်ငန်းတွေကိုဆောင်ရွက်ရင် ကာကွယ်ဆေးထိုးလုပ်ငန်းတွေကိုလည်း တစ်ပါတည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အခုဆိုရင် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးနဲ့ H1 N1 ရောဂါ ကာကွယ်ဆေးတွေလည်း အကုန်လုံးထိုးနှံပေးပြီး ဖြစ်ပါတယ်။

ပြည်နယ်အတွင်း ရွှေ့လျားဆေးခန်းတွေ သွားရောက်ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ မော်တော်ယာဉ်တွေ၊ အမြန်ရေယာဉ်တွေနဲ့ အခြားလိုအပ်တာတွေ ထောက်ပံ့ပေးပြီးဖြစ်ပါတယ်။ ပြည်နယ်အစိုးရကလည်း အခြားလိုအပ်တဲ့ ကူညီပံ့ပိုးမှုတွေ ဆောင်ရွက်ပေးပါတယ်"ဟု ပြောကြားသည်။

ရွှေ့လျားဆေးခန်းများကို ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ ဦးဆောင်၍ ရန်ကုန်မြို့မှ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများအပြင် ကဏ္ဍအစုံဖိတ်ခေါ်ပြီး ရခိုင်ပြည်နယ်ရှိ မြို့နယ်များသို့ အလှည့်ကျ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

ရွှေ့လျားဆေးကုသရေးအဖွဲ့၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍"ဒီလိုဆောင်ရွက်ပေးခဲ့တာ အခုဆိုရင် မာန်အောင်၊ မြောက်ဦးနဲ့ ရမ်းဗြဲမြို့တွေကို သွားရောက်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ နောက်လမှာလည်း တောင်ကုတ် သို့မဟုတ် သံတွဲမြို့မှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီနောက် ဘူးသီးတောင်မှာ ကျန်းမာရေးစောင့်ရှောက်မှုတွေ လာရောက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီလိုရောက်လာတဲ့အခါ ဆေးဝါးကုသမှုခံယူဖို့ အခက်အခဲရှိတဲ့သူတွေကို အကြိုးစားခွဲစိတ်ကုသမှုတွေပါ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ပြောကြားသည်။



"ဒီကိုရောက်နေတာ ၁၅ ရက်လောက်ရှိပါပြီ။ ကြက်ခြေနီအဖွဲ့က သောက်စရာရေသန့်၊ စားစရာနဲ့ နေစရာပေးတဲ့အပြင် ဆရာဝန်တွေနဲ့ ဆရာ ဆရာမတွေက ကျန်းမာရေးစောင့်ရှောက်မှုလည်းပေးပါတယ်။ အခုလို ကျန်းမာရေးလာစောင့်ရှောက်မှုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု အလယ်သံကျော်ကမ်းခြေတွင် ရောက်ရှိနေသူ တစ်ဦးကပြောသည်။

**သတင်း- မော်စီ၊ ဓာတ်ပုံ - ဟန်လင်းနိုင်**

## မောင်တောမြို့တွင် တည်ငြိမ်အေးချမ်းလာသဖြင့် ဈေးဆိုင်ခန်းများဖြင့် သက်ဝင်စည်ကားလာ

**မောင်တော အောက်တိုဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဩဂုတ် ၂၅ ရက်က အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီးနောက် ယခုအခါ တစ်စတစ်စ ပြန်လည်တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ နှစ်ဖက်လူ့အသိုက်အဝန်းအတွင်း ရောင်းဝယ်ဖောက်ကားမှုများ၊ ပုံမှန်သွားလာနေထိုင်မှုများဖြင့် တစ်ရက်ထက်တစ်ရက် ပိုမိုသက်ဝင် စည်ကားလာလျက်ရှိသည်ကို တွေ့ရသည်။

ဖြစ်စဉ်တွင် ပါဝင်ခြင်းမရှိဘဲ ယခင်ကတည်းက တည်ငြိမ်အေးချမ်းမှုရှိသည့် အစ္စလာမ်ဘာသာဝင်များ အများစုနေထိုင်ရာ ရွှေဇားကျေးရွာအုပ်စုအတွင်းတွင် ဈေးဆိုင်များ၊ သွားလာလှုပ်ရှားမှုများ၊ ကလေးများ ပျော်ရွှင်စွာ ကစားခုန်စားမှုများဖြင့် ပုံမှန်သွားလာနေထိုင်လျက်



ရှိကြသကဲ့သို့ မောင်တောမြို့ မဟာဗန္ဓုလလမ်းနှင့် နာရီစင်လမ်းထောင့်တွင် ကားပစ္စည်းအရောင်းဆိုင်၊ ဆိုင်ကယ်ပြင်ဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်၍ စည်ကားနေသည်ကို တွေ့ရသည်။

မောင်တောမြို့လေးမိုင်ဈေးနှင့် ကညင်တန်းဈေးတို့မှာ ပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ဆိုင်ခန်းပေါင်း လေးရာကျော်ရှိသည့် မောင်တောမြို့မဈေးကိုလည်း မကြာမီ ပုံမှန်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်တောမြို့တွင် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ဈေးများပိတ်သိမ်းခဲ့ရသည့်အတွက် စားသောက်ကုန်အပါအဝင် အထွေထွေကုန်များမှာ မူလဖြစ်စဉ်မတိုင်ခင်ကထက် ဈေးနှုန်းထက်ဝက်မြင့်တက်ခဲ့သည်။ ယခုဈေးနှင့်ဆိုင်ခန်းအများစု ပြန်လည်ဖွင့်လှစ်နိုင်၍ ကုန်ဈေးနှုန်းအချို့ ပြန်လည်တည်ငြိမ်လာကြောင်း သိရသည်။

**သတင်း-ဟန်လင်းနိုင်**
**ဓာတ်ပုံ-နေသစ်ဦး**

## ဧယျဝတီမြို့ ဟိန္ဒူလူငယ်လူမှုကူညီရေးအဖွဲ့မှ နေရပ်စွန့်ခွာဒေသခံ တိုင်းရင်းသားများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ အောက်တိုဘာ ၃၀**

ရခိုင်ပြည်နယ်အတွင်းရှိ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် စစ်တွေမြို့ရှိ ခေတ္တယာယီကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံလျက်ရှိသည့် နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများအား ယနေ့ညနေပိုင်းက ဖျူးမြို့နယ် ဧယျဝတီမြို့ ဟိန္ဒူလူငယ်လူမှုကူညီရေးအဖွဲ့မှ တာဝန်ရှိသူများက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက်ရှိ ဟိန္ဒူဘုရားကျောင်း ယာယီကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၆၈ စုအတွက် ထောက်ပံ့ငွေကျပ် ခုနစ်သိန်း၊ ဟိန္ဒူအမျိုးသမီးများအတွက် ဆာရီအထည် ၁၃၀၊ ကလေးများအတွက် အဝတ်အထည်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ ဆက်လက်ပြီး ညေဝတီအားကစားကွင်းယာယီကယ်ဆယ်ရေးစခန်းတွင် ခေတ္တခိုလှုံနေသည့် ဟိန္ဒူဘာသာဝင် အိမ်ထောင်စု ၁၁၆ စုအတွက် ထောက်ပံ့ငွေကျပ်၁၇ သိန်း၊ ဟိန္ဒူအမျိုးသမီးများအတွက် ဆာရီ ၂၉၇ ထည်၊ ကလေးများအတွက် အဝတ်အထည်များ ထောက်ပံ့ခဲ့သည်။ ထို့အပြင် အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်း၊ အဓိဋ္ဌာန်ဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းနှင့် စစ်ကဲတော်မင်း ဘုန်းတော်ကြီးကျောင်းရှိ နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများအတွက် ငွေကျပ် ၁၁ သိန်းကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ဖျူးမြို့နယ် ဧယျဝတီမြို့ ဟိန္ဒူလူငယ်လူမှုကူညီရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးစီဝါးက ပြောကြားသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**

စာမျက်နှာ ၈ မှ

မိမိတို့ ယခုဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးမှာ ငြိမ်းချမ်းရေးရသွားသည့်တိုင် ပြီးပြတ်သွားမည်မဟုတ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ကြီး တည်ဆောက်ရန်အတွက် ဆက်လက်ပြီး ကြိုးစားဆောင်ရွက်ကြရဦးမည်ဖြစ်ပါကြောင်း။

**နိုင်ငံရေးဆွေးနွေးမှုများဖြစ်အောင် ဆောင်ရွက်မည်ဆိုပါက NCA ကို လက်မှတ်ထိုးရမည်ဖြစ်ပါကြောင်း၊ NCA လက်မှတ်ထိုးခြင်းသည် အခြေခံအကျဆုံး ဖြစ်ပါကြောင်း၊ UPDJC အဖွဲ့နှင့် ငြိမ်းချမ်းရေးကို ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များချမှတ်ရာတွင် မျက်စိတစ်ဆုံးမကြည့်ဘဲနှင့် အနာဂတ်တိုင်းပြည်ကြီးမှာ သားစဉ်မြေးဆက်တို့ကို အမွေကောင်းများပေးနိုင်အောင် အမြော်အမြင်ကြီးကြီး အဆုံးအဖြတ်ပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။**

ထို့နောက် တက်ရောက်လာကြသူများက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးတွင် ဆွေးနွေးမည့်ခေါင်းစဉ်များ သတ်မှတ်ခြင်းကိစ္စ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးနှင့် ကျင်းပမည့်နေရာ၊ ကျင်းပမည့်ပုံစံ သတ်မှတ်ရေးကိစ္စနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ၏ လုပ်ငန်းကော်မတီများတွင် ဆွေးနွေးမည့်စာတမ်းများကိစ္စတို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အဖွဲ့ဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့မှကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်များ အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေး၊ ပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**




# ရန်ကုန်တက္ကသိုလ်၌ ပြည်သူ့စကားဝိုင်းများ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူ့စကားဝိုင်း (Public Talk)များကို ကျင်းပလျက်ရှိရာ **လူငယ်နှင့်လူမှုမီဒီယာ** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၄ ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ **လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၅ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ပြည်သူ့စကားဝိုင်းများကို ရန်ကုန်တက္ကသိုလ် Recreation Center ၌ ပြုလုပ်မည်ဖြစ်သည်။

**လူငယ်နှင့်လူမှုမီဒီယာ** ခေါင်းစဉ်ကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ သင်္ဃန်းကျွန်းမြို့နယ် အမှတ် (၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်၊ ဦးသောင်းစုငြိမ်း (CEO, Information Matrix Co.,Ltd.)နှင့် လူငယ်ကိုယ်စားလှယ် ဦးရန်နိုင်ဦး (CEO, The Door Institute and Social Enterprise)တို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။ **လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း** ခေါင်းစဉ်ကို ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုး၊ အင်းစိန်မြို့နယ် အမှတ်(၂) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာ ဒေါ်သီတာတင်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်း၊ ဦးဝင်းနိုင် (JPE Everest Ltd.)၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ)နှင့် ဦးသန်းစိုး (CEO & Chief Editor, 7 HR Business Group and Two Four DMA Media Group)တို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး ပြည်နယ်ဦးစီးမှူးရုံးဖွင့်ပွဲနှင့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းပွဲကျင်းပ



**စစ်တွေ အောက်တိုဘာ ၃၀**

ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကုမ္ပဏီများမှတ်ပုံတင်ခြင်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်စေရန် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများနှင့် ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်အစိုးရရုံးဝင်းအတွင်း အဆိုပါရုံးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့က အဆိုပါရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ပြည်နယ်ဦးစီးမှူးရုံးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများ၊ လုပ်ထုံးလုပ်နည်းများရှင်းလင်းဆွေးနွေးပွဲကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်နယ်ဦးစီးမှူးရုံးဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီရုံးတွင် ပထမဆုံး မှတ်ပုံတင်သည့် ကုမ္ပဏီငါးခုအား ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းက ကုမ္ပဏီမှတ်ပုံတင် လက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က စီးပွားရေးလုပ်ငန်းများ ထူထောင်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းကြပြီး တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

"ရခိုင်ပြည်နယ်အတွင်းမှာရှိနေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဟာ ဟိုယခင်ကကုမ္ပဏီမှတ်ပုံတင်တဲ့လုပ်ငန်းတွေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ ဆက်စပ်လုပ်ဆောင်ရတဲ့ လုပ်ငန်းတွေဆိုရင် ရန်ကုန်နဲ့ နေပြည်တော်ကို သွားရောက်လုပ်ဆောင်ရပါတယ်။ ဒီမှာရုံးလာဖွင့်ပေးခြင်းအားဖြင့် ဒီမှာရှိတဲ့လုပ်ငန်းရှင်တွေဟာဘယ်ကိုမှ သွားစရာမလိုတော့ဘဲနဲ့ ကိုယ့်ပြည်နယ်အတွင်းမှာအားလုံးကို လုပ်ဆောင်ပြီးနိုင်ပါမယ်။ နောက်တစ်ခုက ပြည်နယ်မှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ အတည်တကျဖြစ်လာတဲ့အခါ နိုင်ငံခြားကဝင်လာမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေနဲ့ ချိတ်ဆက်ပြီးတော့ လုပ်ကိုင်တဲ့အခါ လိုအပ်တဲ့အကူအညီ ပေးနိုင်ဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်နယ်မှာရှိတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ ဒီမှာလုပ်ငန်းတော်တော်များများကိုတင်ပြ အတည်ပြုလို့ရမှာ ဖြစ်တဲ့အတွက် အချိန်ကုန်ငွေကုန်သက်သာမယ်။ နောက်တစ်ခုကရုံးဖွင့်ခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ဖြစ်စေ၊ မိမိလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ထူထောင်ဖို့ မသိတာတွေ၊ နားမလည် တာတွေ၊ မရှင်းလင်းတာတွေကိုမေးမြန်းဆွေးနွေး တာတွေလုပ်လို့ရပါမယ်။ ပြည်နယ်မှာရှိတဲ့ လုပ်ငန်းရှင်တွေအနေနဲ့လည်း မိမိလုပ်ငန်းတွေကိုချဲ့ထွင်ဖို့၊ ထူထောင်ဖို့ သက်သောင့်သက်သာနဲ့ လုပ်ကိုင်နိုင်မယ်"ဟုရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

ကျော်သိန်းနှင့် မိသားစုကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးညီညီနိုင်က "ဒီမှာရုံးဖွင့်လှစ်ခြင်းအားဖြင့် လုပ်ငန်းတွေကိုလွယ်လွယ်ကူကူနဲ့လုပ်ဆောင်လို့ ရသွားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကတော့ ရုံးဖွင့်လှစ်တာကို ကြိုဆိုပါတယ်။ အရင်တုန်းကမှတ်ပုံတင်ရမှာကို ကြောက်ခဲ့ကြတယ်။ မှတ်ပုံတင်ခြင်းအားဖြင့် အခက်အခဲတွေဖြစ်လာနိုင်တယ်ပေါ့။ အခုကဥပဒေတွေလည်း ပြင်ဆင်လိုက်တဲ့အခါ ပိုလွယ်ကူလာပါတယ်။ နောက်ပြီး ဒီမှာရှင်းလင်းပွဲတွေနဲ့ ရှင်းလင်းလိုက်တဲ့အခါမှာပိုပြီး နားလည်လာပါတယ်။ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမယ့် အပိုင်းကျရင် ရခိုင်ပြည်နယ်မှာ ခရီးသွားလုပ်ငန်းကို အဓိကလုပ်ဆောင်သွားပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ရခိုင်ပြည်နယ်မှာ သဘာဝအလှတရားတွေ၊ ရှေးဟောင်းအမွေအနှစ်တွေရှိတယ်။ ပုဂံဆိုရင် လူတွေအရောက်အပေါက်များတယ်။ လူတွေကအသစ်အသစ်တွေကို နှစ်သက်ကြတဲ့အတွက် ရခိုင်ပြည်နယ်ရဲ့ ခရီးသွားလုပ်ငန်းတွေကို မြှင့်တင်သွားချင်ပါတယ်။ ဒါ့အပြင် အစိုးရအပိုင်းကလည်း ရခိုင်ပြည်နယ်နဲ့ ပတ်သက်ပြီး ဖြေလျှော့မှုတွေ လုပ်ပေးနေပါတယ်။ဒါကြောင့် ပြည်တွင်း၊ ပြည်ပစီးပွားရေး လုပ်ငန်းရှင်တွေအနေနဲ့ လာရောက်ပြီး ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်ပေးကြပါလို့လည်း ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ဖလားနှစ်လုံးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းအား ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၀**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံးထွက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်းအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ညပိုင်းက တောင်ကြီးမြို့၌ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ အောင်ပွဲရ ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ၊ ဒုဥက္ကဋ္ဌ ဦးစောလုလုထော်၊ အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များ၊ ကစားသမားများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ဂုဏ်ပြုပွဲတွင် အောင်ပွဲရ ရှမ်းယူနိုက်တက်အသင်းအား KBZ Bank က ဆုကြေးငွေကျပ်သိန်း ၂၀၀၀၊ Ever Winner ကုမ္ပဏီက ဆုကြေးငွေကျပ်သိန်း ၂၀၀၀ ချီးမြှင့်ရာ ရှမ်းယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေနှင့် ဒုဥက္ကဋ္ဌ ဦးစောလုလုထော်တို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ အောင်ပွဲရရှမ်းယူနိုက်တက်အသင်းအား Iron Cross တီးဝိုင်းနှင့် အတူနာမည်ကြီးတေးသံရှင်များဖြစ်သည့် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်း၊ တင်ဇာမော်တို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် တစ်ရာသီအတွင်းဖလားနှစ်လုံးရရှိခဲ့ပြီး အမှတ်ပေးနှင့် ရှုံးထွက်ချန်ပီယံဆုကို ပထမဆုံးအကြိမ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ MNL ပြိုင်ပွဲတစ်လျှောက် တစ်ရာသီအတွင်း ဖလားနှစ်လုံးရရှိသည့် ဒုတိယမြောက်အသင်းဖြစ်လာခဲ့ပြီး ၂၀၁၁ ရာသီတွင် ရန်ကုန်အသင်း ဗိုလ်စွဲပြီးနောက်ပိုင်း ရှမ်းယူနိုက်တက်အသင်းက ဒုတိယမြောက်ရယူနိုင်သည့် အသင်းဖြစ်လာခဲ့သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**



ပဲခူးတိုင်းဒေသကြီး ပိန်းဇလုပ်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်အပူဇော်ခံပွဲကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက မြို့အတွင်းလမ်းများ၌ လှည့်လည် ပူဇော်စဉ်။

(ပိန်းဇလုပ်-သိန်းညွန့်)

# ထန်းကုန်းနှင့် ကန့်ဘလူဘူတာကြား ကုန်ရထားတွဲချော်မှုဖြစ်

**ကန့်ဘလူ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် အောက်တိုဘာ ၂၉ ရက်က ထန်းကုန်းဘူတာနှင့် ကန့်ဘလူဘူတာကြား မိုင်တိုင်အမှတ် (၄၈၇/၂၄) အရောက်တွင် ကုန်ရထားအမှတ် (၉၃၇) ကုန်တွဲအဆန်ရထားသည် ကုန်တွဲလေးတွဲချော်ကျမှုဖြစ်ပွားခဲ့ရာ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းမှာ ပိတ်ဆို့သွားခဲ့ကြောင်း သိရသည်။

အဆိုပါကုန်ရထားတွဲချော်မှုကြောင့် ကန့်ဘလူဘူတာတွင် မြစ်ကြီးနား-မန္တလေး အစုန်အမြန်ရထားအမှတ် (၅၈) သည် ရပ်တန့်ထားရပြီး ထန်းကုန်းဘူတာတွင် မန္တလေး-မြစ်ကြီးနား အဆန်အမြန်ရထားအမှတ် (၅၇) မှာလည်း ရပ်တန့်ထားရသည်။

ယနေ့နံနက် ၁၁ နာရီခွဲတွင် ကန့်ဘလူခရိုင် မြို့နယ်တာဝန်ရှိသူများသည် မြန်မာ့မီးရထားမှ ချော်ကျတွဲများ ပြန်လည်မတင်နေမှု၊ သံလမ်းများ ပြုပြင်နေမှုတို့ကို ကြည့်ရှုပြီး ရထားနှစ်စင်းပေါ်မှ ခရီးသည်များအား ပြောင်းရွှေ့နေမှုကို ဝိုင်းဝန်းဆောင်ရွက်ပေးသည်။ အမှတ် (၅၇) ရထားသည် အစုန်အမြန်ရထားအမှတ် (၅၈) ဖြင့် မန္တလေးဘက်သို့လည်းကောင်း၊ ရထားအမှတ် (၅၈) သည် မြစ်ကြီးနားဘက်သို့ အဆန်အမြန်ရထားအမှတ် (၅၇) ဖြင့်လည်းကောင်း မွန်းလွဲ ၁၂ နာရီခွဲတွင် ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အဆိုပါကုန်ရထားတွဲလမ်းချော်မှုကြောင့် လမ်းပိတ်ဆို့သွားသော



မန္တလေး-မြစ်ကြီးနားမီးရထားလမ်းအား ပြန်လည်ပြုပြင်ပြီး၍ ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် မီးရထားများ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း ကန့်ဘလူမီးရထားဘူတာ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရွှေတောင်မြို့နယ် ရန်ကုန်-ပြည်ကားလမ်းမပေါ်တွင် (၁၂)ဘီး ကုန်တင်ယာဉ်တစ်စီး မီးလောင်

**ရွှေတောင် အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက် တည်ကုန်းရပ် ရန်ကုန်-ပြည် အဝေးပြေးကားလမ်းမပေါ်တွင် ယနေ့နံနက် ၂ နာရီက (၁၂)ဘီး



ကုန်တင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက် တည်ကုန်းရပ် ရန်ကုန်-ပြည်ကားလမ်းမပေါ်တွင် ရန်ကုန်မှ ပြည်သို့ ယာဉ်မောင်း(စိစစ်ဆဲ) မောင်းနှင်လာသော (၁၂) ဘီးယာဉ်သည် ကုန်များတင်ဆောင်ပြီး မောင်းနှင်လာစဉ် ဘီးပေါက်၍ ဟန်းဘရိတ်ဆွဲစဉ် နောက်ဘီးဘယ်ဘက်တာယာကျွတ်ထွက်ပြီး ပွတ်တိုက်မှုဖြစ်ရာမှ ဘရိတ်ရှူးများ အပူလွန်ကဲကာ စတင်မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းတွေ့ရှိချက်များအရ သိရသည်။

ယာဉ်မီးလောင်သည့်နေရာသို့ ရွှေတောင်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ မီးသတ်ရေယာဉ်တစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် ယာဉ်နှင့် ယာဉ်ပေါ်တွင်ပါလာသော စိုက်ပျိုးရေးသုံးပစ္စည်း၊ ပိုးသတ်ဆေးအမျိုးမျိုး၊ စားအုန်းဆီ၊ အိမ်ဆောက် ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်းအား ရွှေတောင်မြို့မရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တရားမဝင်သစ်များသယ်ဆောင်လာမှု ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် ကိုယ်ပိုင်ယာဉ်တစ်စီးတွင် တရားမဝင်သစ်များ သယ်ဆောင်လာသည်ကို ရေပူစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက အောက်တိုဘာ ၂၉ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အောက်တိုဘာ ၂၉ ရက်က မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ် (၁၉၇/၅) စံလောင်းကျေးရွာအနီး၌ မသင်္ကာဖွယ် ရပ်တန့်ထားသော Nissan Liberty ယာဉ်တစ်စီးအား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တမလန်းခားရွေ ၁၅ တုံး (သုည ဒသမ ၁၅၈၆ တန်)၊ ယင်းတိုက်ခားရွေ ၁၀ တုံး (သုည ဒသမ ၄၃၉၈ တန်)နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်တစ်စီး အပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂၉၅ သန်းခန့် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါနေ့က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တရားမဝင်ကုန်သွယ်မှုများအား တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၈၀၅ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**

## ❋ ပြင်ဦးလွင်မှ

အဆိုပါ တန်ဆောင်တိုင်ပွဲတော်တွင် လေယာဉ်ငယ်များ ပျံသန်းစီးချင်းထိုးမည့်ပြိုင်ပွဲကို ယမန်နှစ်ကလည်း ကျင်းပခဲ့ပြီး ယခုနှစ် မီးပုံးပျံပြိုင်ပွဲတွင် မီးပုံးပျံ ၇၈ လုံး လွှတ်တင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးကျော်ဌေးကိုက ပြောသည်။

"မီးပုံးပျံပြိုင်ပွဲမှာ ပြိုင်ပွဲမဝင်တဲ့ မီးပုံးပျံတွေက လာတဲ့သူကြည့်လို့ရအောင် အလှလွှတ် မီးပုံးပျံ ၁၉ လုံးခန့် လွှတ်မယ်။ လေယာဉ်ငယ်ပြိုင်ပွဲမှာတော့ အပြင်က တကယ့်လေယာဉ်ပျံတွေနဲ့ ပုံစံတူတွေနဲ့ ပြိုင်မယ်။ တန်ဆောင်မုန်းလပြည့်ညမှာတော့ အဆိုတော်တွေရဲ့ ဖျော်ဖြေရေးအစီအစဉ်ပါမယ်"ဟု ၎င်းက ပြောသည်။

မီးပုံးပျံပြိုင်ပွဲတွင် ညမီးကျည်အမျိုးအစား ၁၁ လုံး၊ ပြိုင်ပွဲဝင်စိန်နပန်မီးပုံးပျံ ၁၇ လုံးနှင့် နေ့ပိုင်းတွင် မီးပုံးပျံ အလုံး ၅၀ လွှတ်တင်မည်ဖြစ်ကြောင်း၊ လေယာဉ်ငယ်ပြိုင်ပွဲတွင် လေယာဉ်ကြီးများနှင့် ပုံစံတူလေယာဉ်ငယ်များဖြစ်ပြီး ကောင်းကင်တွင် လေယာဉ်များက စီးချင်းထိုးတိုက်ခိုက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဝေးထိန်းစနစ်သုံး လေယာဉ်ငယ်များပြိုင်ပွဲတွင် Senior တန်း၊ Junior တန်းနှင့် Beginner ဟူ၍ ခွဲခြားယှဉ်ပြိုင်ကြမည်ဖြစ်၍ ဆုကြေးများလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များမှာ ရန်ကုန်၊ မန္တလေး၊ သီပေါ၊ ကျောက်မဲ၊ မိတ္ထီလာနှင့် ပြင်ဦးလွင်မြို့များမှ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မီးပုံးပျံပြိုင်ပွဲတွင် ဆုကြေးသတ်မှတ်ထားရာ၌ ညမီးကျည် အမျိုးအစားတွင် ပထမဆု ငွေကျပ် ၅၅ သိန်း၊ ဒုတိယဆု ငွေကျပ်သိန်း ၄၀၊ တတိယဆု ငွေကျပ်သိန်း ၃၀၊ စိန်နပန်အမျိုးအစားတွင် ပထမဆု ငွေကျပ်သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်း၊ နေ့ဘက်အုပ်စုပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်းနှင့် ခြေနှစ်ချောင်းနှင့် လေးချောင်းမီးပုံးပျံပြိုင်ပွဲတွင် ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်းတို့ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ○ အာရှချန်ပီယံလိဂ်

AFC Cup ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ ထို့ပြင် အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို နောက်ဆုံးအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်မရသေးသော်လည်း ခြေစစ်ပွဲအဆင့်မှ ယှဉ်ပြိုင်ခွင့်ရခဲ့ကာ ခြေစစ်ပွဲမအောင်ပါက AFC Cup ပြိုင်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ ခွဲတမ်းအရ အာရှချန်ပီယံလိဂ်ခြေစစ်ပွဲတွင် တစ်သင်း၊ AFC Cup ပြိုင်ပွဲ၌ အုပ်စုအဆင့်တွင် နှစ်သင်း ယှဉ်ပြိုင်ခွင့်ရထားသည်။

ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ မြန်မာကလပ်အသင်းများသည် ၂၀၁၂ ရာသီတွင် စတင်ယှဉ်ပြိုင်ခွင့်ရသည့် AFC Cup ပြိုင်ပွဲတွင် အမြင့်ဆုံးအောင်မြင်မှုအဖြစ် ရှုံးထွက်အဆင့်သာ တက်ရောက်နိုင်ခဲ့ပြီး အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင်မူ ခြေစစ်ပွဲအောင်မြင်ခြင်း မရှိသေးပေ။ မြန်မာ့ဘောလုံးပရော်ဖက်ရှင်နယ်စနစ် ကူးပြောင်းပြီးနောက်ပိုင်းတွင် မြန်မာကလပ်အသင်းများအနက် ရတနာပုံတစ်သင်းတည်းသာ အာရှအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိဖူးပြီး 2010 AFC President's Cup ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ဖူးကြောင်း သိရသည်။ အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်ရမည့် ရှမ်းယူနိုက်တက်အသင်းသည် ခြေရည်တူယှဉ်ပြိုင်နိုင်ရန်နှင့် ရလဒ်ကောင်းများရရှိရန် အသင်းအား ယခုထက်ပိုကောင်းရန် ပြင်ဆင်ရမည်ဖြစ်ပြီး ရန်ကုန်အသင်းမှာလည်း AFC Cup ပြိုင်ပွဲတွင် တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရထားသောကြောင့် နိုင်ငံခြားသားကစားသမားများအပါအဝင် အသင်းအား ပိုမိုကောင်းမွန်အောင် ပြင်ဆင်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## ❖ မောင်တောမြို့မှ

ပင်လယ်ရေကြောင်း ကုန်သွယ်ရေးကဲ့သို့ LCTT ပုံစံဖြစ်၍ နိုင်ငံအတွက် အကျိုးကျေးဇူးများကြောင်း မောင်တောဒေသကုန်သည်များအသင်းမှ သိရသည်။

သို့သော် ၂၀၁၂ ခုနှစ် ဇွန်လနောက်ပိုင်း မောင်တောဆူပူမှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် ကုန်သွယ်မှုပမာဏဟာ ၆၀ ရာခိုင်နှုန်းအထိ ထိုးဆင်းသွားကြောင်း သိရသည်။

လက်ရှိကာလတွင် ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို နိုင်ငံတော်က ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အတွင်းရေးမှူးချုပ် ဦးဆောင်သော တာဝန်ရှိသူများ မြေပြင်ကွင်းဆင်း၍ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကညင်ချောင်းကုန်သွယ်ရေးဇုန်အတွင်း အအေးခန်းစက်ရုံများ၊ အထည်ချုပ်စက်ရုံများအပါအဝင် စက်ရုံများကို တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ကညင်ချောင်းဆိပ်ကမ်းတွင် ကြက်ခြေနီလူ့ပ်ရှားမှုအဖွဲ့ အစီအစဉ်ဖြင့် ရောက်ရှိနေသော ဆောက်လုပ်ရေးပစ္စည်းများနှင့် ဆန်အိတ်များ သယ်ဆောင်လာသည့် သင်္ဘောကြီးတစ်စင်း ဆိုက်ကပ်ထားသည်ကို တွေ့ရသည်။ ကညင်ချောင်းကုန်သွယ်ရေးဇုန်မှ မောင်တောမြို့သို့သွားသော ကားလမ်းတွင် ကွန်ကရစ်ခင်းရန် ကျန်နေသေးသည့်လမ်းပိုင်း တစ်မိုင်ခန့်သာရှိပြီး အဆိုပါလမ်းပိုင်းတွင် လမ်းလုပ်သားများက ပြင်ဆင်လျက်ရှိသည်ကို တွေ့ခဲ့ရသည်။

အဆိုပါ ကျောက်ကြမ်းလမ်းပိုင်းကို ကွန်ကရစ်လမ်းခင်းပြီးပါက ကုန်သွယ်ရေးဇုန်မှ မောင်တောမြို့သို့ မော်တော်ယာဉ်များဖြင့် လျင်မြန်လွယ်ကူစွာ ပစ္စည်းများ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။

**သတင်း-အောင်ကျော်ဦး၊ ဓာတ်ပုံ-ဟန်လင်းနိုင်**

ဒီရက်သတ္တပတ်အတွင်းမှာတော့ မြန်မာယူ-၁၉ အသင်းရဲ့ အာရှ ခြေစစ်ပွဲကျဆုံးခန်းအကြောင်းအပါအဝင် ဥရောပလိဂ်အသီးသီးက ပွဲစဉ်တွေကို ပြန်လည် ထုတ်နုတ်တင်ဆက်ပေးလိုက်ပါတယ်။



မေလှဲ့သင်း ရေးသားသည်

# ခဲလေသမျှ သဲရေကျ

ပြီးခဲ့တဲ့ရက်သတ္တပတ်တုန်းကတော့ မြန်မာယူ-၁၉အသင်း အာရှခြေစစ်ပွဲဝင်မယ့်အကြောင်းနဲ့ အုပ်စုတွင်းပြိုင်ဘက်တွေက သိပ်အကောင်းကြီး မဟုတ်တာကြောင့် မြန်မာအသင်း အခွင့်အရေးယူနိုင်ဖို့ ကြိုးပမ်းသင့်တယ်ဆိုတဲ့ အကြောင်းကို ရေးသားခဲ့ပါတယ်။ ပွဲတစ်ပွဲမယှဉ်ပြိုင်ခင် ကိုယ့်ဘက်က အခွင့်အရေး ၅၀၊ သူ့ဘက်က အခွင့်အရေး ၅၀ လို့ ယေဘုယျတွက်နိုင်ပေမယ့် ခြေစစ်ပွဲယှဉ်ပြိုင်အပြီးမှာတော့ မြန်မာယူ-၁၉ ရဲ့ အာဆီယံဖလားအုပ်စုပွဲစဉ်က ခြေစွမ်းတွေ ဘယ်ရောက်ကုန်သလဲဆိုတာ မေးခွန်းထုတ်ဖို့လိုပါပြီ။ မြန်မာအသင်းက အုပ်စုအဖွင့်ပွဲစဉ်မှာ ဖိလစ်ပိုင်အသင်းကို ဂိုးဒါဇင်ဝက်သွင်းယူနိုင်ခဲ့လို့ အစောပိုင်းက စိတ်ဝင်စားမှုအနည်းငယ်လျော့နည်းနေတဲ့ ပရိသတ်တွေတောင် အာရုံပြောင်းလာခဲ့ကာမှ အိမ်ရှင် ကမ္ဘောဒီးယားအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံး၊ တရုတ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ထပ်မံအရေးနိမ့်ပြီး ခြေစစ်ပွဲ မအောင်မြင်ခဲ့ပါဘူး။

ကမ္ဘောဒီးယားနဲ့ ပွဲအကြောင်းပြောရရင် ခြေစွမ်းတော်တော်ညံ့တယ်လို့ပဲ အပြစ်တင်ပြောရမှာပါ။ တကယ်ဆို ဦးဆောင်ဂိုးနှစ်ဂိုးသွင်းထားပြီးခဲ့ကာမှ မြန်မာကစားသမားတွေ အာရုံစူးစိုက်မှုလျော့နည်းတာ၊ နည်းပြက ထိရောက်တဲ့နည်းဗျူဟာအပြောင်းအလဲ မဆောင်ရွက်နိုင်တာ စတာတွေက ပွဲရဲ့ရလဒ်ကို အဆုံးအဖြတ်ပေးသွားခဲ့တာပါ။ ဒီလိုဆို စပါးတောင် ဝက်စ်ဟမ်းကို နှစ်ဂိုးသွင်းခဲ့ပြီးမှ အရေးနိမ့်သွားခဲ့သေးတာပဲလို့ အကြောင်းပြချင်တဲ့သူက ကြားဖြတ်အကြောင်းပြလို့ ရပါတယ်။ ဒါပေမယ့် ခက်တာက ဂျပန်မှာ ခြေစမ်းတယ်၊ သွင်းဂိုးမဲ့အနေအထားနဲ့ ပွဲတိုင်းရှုံးတယ်၊ ကမ္ဘောဒီးယားကို ခြေစစ်ပွဲလာကစားတယ်၊ ပွဲဦးထွက်မှာ ဂိုးတွေ အများကြီးသွင်းပေမယ့် ခြေစွမ်းပိုင်းက သိပ်ပြီး အားရစရာမရှိလှဘူး။ ဒုတိယပွဲမှာ ကမ္ဘောဒီးယားက ချေပဂိုးလည်း ပြန်သွင်းလိုက်ရော ပျာယာခတ်သွားတဲ့ပုံစံနဲ့ ရင်ဆိုင်သွားခဲ့ပြီး ဂိုးပြန်သွင်းဖို့ထက် နောက်တန်းခံစစ်ကိုပဲ အာရုံစိုက်နေတာကြောင့် အရပ်အမောင်းကောင်းတဲ့ ကမ္ဘောဒီးယားရဲ့ Set Piece တွေကနေ ဂိုးရအောင် သွင်းယူခြင်းခံလိုက်ရတာဖြစ်ပါတယ်။

အရင် အာဆီယံပြိုင်ပွဲတုန်းက ခြေစွမ်းကောင်းတဲ့ ဝင်းနိုင်ထွန်းနဲ့ ပြည့်စုံနိုင်တို့ရဲ့ခြေစွမ်းကို လုံးဝမမြင်ခဲ့ရတော့သလို မြန်မာအသင်းက ဂိုးရဖို့ ကွင်းလယ်လူ မြတ်ကောင်းခန့်ကို အားကိုးလွန်းနေတဲ့ပုံစံနဲ့ ချဉ်းကပ်သွားခဲ့တာကလည်း ရလဒ်ထက်တောင် ပိုပြီးစိတ်ပျက်စရာကောင်းခဲ့ပါတယ်။ တရုတ်နဲ့ပွဲမှာတော့ မြန်မာအသင်းခြေစွမ်းပိုင်းပြန်ကောင်းလာပြီး ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူကစားနိုင်ပေမယ့် တိုက်စစ်ပိုင်းအတွက် ဂိုးရဖို့ ဘယ်သူ့ကို အဓိကအားကိုးရမလဲဆိုတဲ့ပြဿနာကို ပိုမိုပေါ်လွင်သွားစေပါတယ်။ ဒီပွဲမှာတော့ မြန်မာကစားသမားလေးတွေ အနိုင်ယူလိုစိတ်ပြင်းပြင်းနဲ့ ကစားသွားခဲ့တာကိုတော့ ကျေနပ်ဖွယ်တွေ့ရပါတယ်။

နည်းပြချုပ် ဦးချစ်နိုင်ကတော့ တရုတ်ကစားသမားတွေရဲ့ အရပ်အမောင်းမြင့်မားမှုက မြန်မာအသင်းရဲ့ ဖြတ်တင်ဘောတွေဆုံးရှုံးစေခဲ့ပြီး မြန်မာအသင်းရတဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုတွေကိုလည်း တရုတ်ဂိုးသမားကာကွယ်နိုင်မှုကြောင့် မြန်မာအသင်း ကံဆိုးခဲ့ရတယ်လို့ အကြောင်းပြချက်ပေးခဲ့ပါတယ်။ ဒါပေမယ့် တကယ်တမ်း အရပ်အမောင်းကွာခြားလို့သာ ဂိုးမသွင်းနိုင်ရင် မက်ဆီတစ်ယောက် ကမ္ဘာ့အကောင်းဆုံးဆိုတဲ့အဆင့်မှာ တောင်ရှိနေမှာ မဟုတ်ပါဘူး။ တကယ်တော့ ဘောလုံးဆိုတာ ခွန်အားကို အဓိကအားပြုကစားရတယ်လို့ ယေဘုယျတွက်လို့ရပေမယ့် တကယ်တမ်းကျ တစ်ဦးချင်း ကျွမ်းကျင်မှုစွမ်းရည်ကို အခြေပြုစိတ်ဓာတ်၊ ဘောလုံးဦးနှောက်ဒါတွေကိုအမှီပြုပြီး ကစားရတာမျိုးပါ။ အခု ယူ-၁၉ အသင်းမှာ ပျောက်နေတာက ဘောလုံးဦးနှောက်နဲ့ စိတ်ဓာတ်ပိုင်းတို့ဖြစ်ပါတယ်။ ဘောလုံးပိုင်ဆိုင်မှုအသာရရုံနဲ့ အနိုင်ရတာမဟုတ်ဘဲ ကျဉ်းထဲကျပ်ထဲမှာ ဂိုးကို ဘယ်လိုရအောင်သွင်းမလဲ၊ ဘယ်လိုနေရာလွတ်ကို ရအောင်ရှာမလဲ၊ ကိုယ့်ထက်အရပ်အမောင်းမြင့်မားတဲ့ နောက်တန်းခံစစ်ကို ဘယ်လို ကျော်ဖြတ်မလဲဒါတွေ လိုပါတယ်။ ဥပမာဆိုရရင် ကာဂျစ္စတန်နဲ့ ပွဲစဉ်တုန်းက မြန်မာတိုက်စစ်မှူး ကျော်ကိုကို လုပ်ဆောင်ပြခဲ့တာမျိုးပေါ့။ ကျော်ကိုကိုဆို ကာဂျစ္စတန်နောက်တန်းကို အကြိမ်ပေါင်းများစွာ အလုပ်ရှုပ်စေပြီး နေရာလွတ်တွေ ရှာပေးတယ်။ ရန်နိုင်ဦးတို့၊ အောင်သူတို့ ဂိုးသွင်းနိုင်ဖို့ ဖန်တီးမှုများစွာပြုလုပ်ပေးနိုင်တယ်။ ကာဂျစ္စတန်ဂိုးသမားရဲ့ အမှားကို အခွင့်အရေးယူပြီး ကိုယ်တိုင်ဂိုးသွင်းယူသွားတယ်။ ခု မြန်မာယူ-၁၉ မှာ ဒီလို ကစားသမားတွေ တစ်ဦးမျှ မတွေ့ရသေးပါဘူး။ ဝင်းနိုင်ထွန်းတို့ မြတ်ကောင်းခန့်တို့ ပြည့်စုံနိုင်တို့ဆီမှာ ဒါမျိုးအရည်အသွေးရှိဖို့ လိုအပ်နေပါပြီ။ ဒါမှသာ နောင်အနာဂတ် မြန်မာဘောလုံးလောကအနေနဲ့ မျိုးဆက်သစ်တွေကို အားကိုးနိုင်ပါလိမ့်မယ်။

နည်းပြ ဘန်လာဘီကို ထုတ်ပယ်ခဲ့ပြီး ဦးချစ်နိုင်ကို ကိုင်တွယ်ခိုင်းပြီး နောက်ပိုင်း ဝင်းနိုင်ထွန်းရဲ့ပုံစံကောင်း လုံးဝပျောက်ဆုံးသွားခဲ့တာကတော့ နောက်ထပ် စိတ်မကောင်းဖြစ်စရာတစ်ချက်ပါ။ မချိတင်ကဲ မြန်မာပရိသတ်တွေက ဝင်းနိုင်ထွန်းလည်း ဘန်လာဘီနဲ့အတူ လိုက်သွားပြီလားဆိုတဲ့ မှတ်ချက်တွေ ရေးသားကြတာကို တွေ့ရပါတယ်။ တကယ်ဆို တရုတ်က ဂျပန်၊ ကိုရီးယားတို့လို အာရှထိပ်သီးမဟုတ်သလို အုပ်စုတွင်းပြိုင်ဘက်ကျန်နှစ်သင်းကလည်း ကမ္ဘောဒီးယားနဲ့ ဖိလစ်ပိုင်တို့ဆိုတာကလည်း မြန်မာအသင်းအတွက် ခက်ခဲတဲ့ပြိုင်ဘက်တွေ မဟုတ်ခဲ့ဘူး။ မြန်မာအသင်းသာ ကမ္ဘောဒီးယားနဲ့ပွဲမှာ အနိုင်ရခဲ့မယ်ဆိုရင် အုပ်စု ဒုတိယနဲ့ ခြေစစ်ပွဲအောင်မြင်ဖို့မျှော်လင့်နိုင်မှာဖြစ်ပါတယ်။ ခုတော့ ကမ္ဘောဒီးယားကို အရေးနိမ့်ခဲ့တာကြောင့် တရုတ်ကို ဖိအားတွေနဲ့ကစားခဲ့ရကာ ပွဲပြီးခါနီး နောက်ဆုံးမိနစ်မှာပေးခဲ့ရတဲ့ဂိုးနဲ့အတူ မြန်မာပရိသတ်တွေရဲ့ မျှော်လင့်ချက်တွေဟာ ခဲလေသမျှ သဲရေကျခဲ့ရပြန်တာ ဖြစ်ပါတယ်။

| နိုဝင်ဘာ ၁ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၄) | | | | | | | |
|---|---|---|---|---|---|---|---|
| မန်ယူ | - | ဘင်ဖီကာ | နံနက် ၂း၁၅ | အက်သလက်တီကို | - | ကာရာဘတ် | နံနက် ၂း၁၅ |
| ဘေဆယ်လ် | - | စီအက်စ်ကေအေ | နံနက် ၂း၁၅ | ရိုးမား | - | ချယ်လ်ဆီး | နံနက် ၂း၁၅ |
| ပီအက်စ်ဂျီ | - | အန်ဒါလက်ချ် | နံနက် ၂း၁၅ | စပို့တင်းလစ္စဘွန်း | - | ဂျူဗင်တပ် | နံနက် ၂း၁၅ |
| ဆဲလ်တစ် | - | ဘိုင်ယန်မြူးနစ် | နံနက် ၂း၁၅ | အိုလံပီယာကို့စ် | - | ဘာစီလိုနာ | နံနက် ၂း၁၅ |

ခိုင်ဝင်း



## အသင်းကြီးတွေ အောင်ပွဲခံတဲ့ ပရီမီယာလိဂ်

ဒီရက်သတ္တပတ်မှာ အသင်းကြီးတွေထဲ မန်ယူနဲ့ ထိပ်တိုက်တွေ့တဲ့ စပါးတစ်သင်းသာ ရှုံးပွဲကြုံပြီး ကျန်တဲ့ လီဗာပူး၊ မန်စီးတီး၊ အာဆင်နယ်နဲ့ ချယ်လ်ဆီးတို့ အားလုံးနိုင်ပွဲရခဲ့ကြပါတယ်။ မန်စီးတီးကတော့ ဝက်စ်ဘရွန်းကို ခြေစွမ်းပိုင်းရော စွမ်းဆောင်ရည်ပါ အားလုံးသိသိသာသာ အသာစီးရယူပြီး သူတို့အသင်းကို ဘယ်အသင်းကမှ ရပ်တန့်လို့ မရတော့ဘူးဆိုတဲ့ အချက်ကို သက်သေပြနိုင်ခဲ့တယ်။

ဒီလိုပဲ မော်ရင်ဟိုရဲ့ မန်ယူအသင်းကလည်း အဓိကပြိုင်ဘက် စပါးကို လူစားဝင် တိုက်စစ်မှူး မာရှယ်လ်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ယူပြီး ဒုတိယနေရာကို တည်မြဲအောင် ဆက်လက်ဆုပ်ကိုင်နိုင်ပါတယ်။ စပါးက အခုပွဲမှာလည်း ကစားပုံကောင်းမွန်ခဲ့ပေမယ့် တိုက်စစ်မှူး ဟယ်ရီကိန်း ဒဏ်ရာရရှိမှုနဲ့အတူ မန်ယူဘက်ကို ဂိုးသွင်းယူနိုင်မှုမရှိခဲ့တာကြောင့် မီဒီယာတွေက "ကိန်းမရှိ၊ ဂိုးမရှိ" ဆိုပြီး အမည်တပ်ခဲ့ကြပါတယ်။ နည်းပြ ဝင်းဂါးရဲ့ အာဆင်နယ်ကလည်း ကိုလာစီနစ်ရဲ့ ခြေစွမ်းပြမှုနဲ့အတူ ဆွမ်ဆီးကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့သလို ချယ်လ်ဆီးကလည်း ဘုန်းမောက်ကို ဟာဇက်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရလဒ်ထွက်ပေါ်ခဲ့ပါတယ်။ ချယ်လ်ဆီးဟာ အနိုင်ရခဲ့ပေမယ့် တိုက်စစ်ပိုင်းမှာ အဆုံးသတ်ပိုင်းသေချာတဲ့ တိုက်စစ်မှူးစစ်စစ် လိုအပ်နေတယ်ဆိုတာ အခုပွဲက သက်သေထူနိုင်ခဲ့ပါတယ်။



## အလဲလဲ အကွဲကွဲ ရီးယဲလ်

ဘောလုံးသမိုင်းမှာ ချန်ပီယံလိဂ် နှစ်ကြိမ်ဆက်ရယူပြီး သမိုင်းသစ် ရေးထိုးထားတဲ့ ရီးယဲလ်ဟာ တနင်္ဂနွေနေ့က ယှဉ်ပြိုင်ခဲ့တဲ့ လာလီဂါပွဲစဉ်(၁၀)မှာ တန်းတက် ဂျီရိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့ပါတယ်။ ကာတလန်ဒေသအခြေစိုက် ဂျီရိုနာအသင်းကို အဝေးကွင်းမှာ သွားရောက်ယှဉ်ပြိုင်ခဲ့ရတဲ့ ရီးယဲလ်က ပွဲအစ ၁၂ မိနစ်မှာ အစ္စကိုရဲ့သွင်းဂိုးနဲ့ ဦးဆောင်နေခဲ့ပြီးကာမှ လေးမိနစ်အတွင်း နှစ်ဂိုးသွင်းခံရပြီး အရေးနိမ့်သွားခဲ့ပါတယ်။ ဒါ့အပြင် ဂျီရိုနာဟာ လာလီဂါကို အခုမှ ပထမဦးဆုံး တက်လှမ်းလာနိုင်တာဖြစ်သလို ကစားသမားတန်ဖိုးချင်းကလည်း မိုးနဲ့မြေလို ကွာခြားပါတယ်။ ရီးယဲလ်ရဲ့ ကစားသမားတန်ဖိုးက ပေါင် ၆၅၇ သန်း တန်ကြေးရှိချိန်မှာ ဂျီရိုနာက ပေါင် ၃၇ သန်းသာ တန်ဖိုးရှိပါတယ်။ ပါဝင်ကစားကြတဲ့ ကစားသမားအများစုဟာ အငှား၊ အလွတ်ပြောင်းရွှေ့ကြေးတွေနဲ့သာ လာရောက်ကစားကြတာဖြစ်တာကြောင့် ဒီရလဒ်ဆိုတာကို ဘယ်သူမှ မျှော်လင့်မထားတဲ့ရလဒ် ဖြစ်နေပါတယ်။

ရီးယဲလ်အနေနဲ့ အခုလို တန်းတက်အသင်းတစ်ခုကို ရှုံးနိမ့်ခဲ့တာက ၂၀၀၈ ခုနှစ် အယ်လ်မာရီယာကို အရေးနိမ့်ပြီးနောက် ပထမဦးဆုံးအကြိမ်ဖြစ်ပါတယ်။ ရီးယဲလ်ရဲ့ အဝေးကွင်း ၁၃ ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်ပါ ကျိုးပျက်သွားခဲ့သလို ရီးယဲလ်အနေနဲ့ ရှုံးပွဲလုံးဝမရှိသေးတဲ့ ဘာစီလိုနာထက် ရှစ်မှတ်၊ ဗလင်စီယာထက် လေးမှတ်လျော့နဲ့ တတိယနေရာမှာသာ ရပ်တည်နေတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဒေါသထွက်နေတဲ့ ရီးယဲလ်ပရိသတ်တွေက ဒီနှစ်အတွက်တော့ လာလီဂါဖလားရဖို့ မဖြစ်နိုင်တော့ဘူးဆိုတဲ့ မှတ်ချက်အများအပြားကို တွေ့ရပါတယ်။

ရီးယဲလ် ဥက္ကဋ္ဌကြီး ပီရက်ဇ်က ဇီဒန်းကို ဘယ်တော့မှ ထုတ်ပစ်မှာမဟုတ်ဘူးလို့ သူ့ဘုတ်အဖွဲ့ဝင်တွေကို ပြောကြားထားပေမယ့် ရီးယဲလ် နည်းပြဘဝဆိုတာက တစ်ပွဲရှုံးရင်တောင် အာမခံချက်မရှိတဲ့ အနေအထားဖြစ်တာကြောင့် နောက်ပိုင်းပွဲတွေမှာ ဇီဒန်း မှားလို့ မရတော့ဘူးဆိုတာ သေချာ သဘောပေါက်ထားရပါမယ်။

# လူထုဒေါ်အမာနှင့် ဓားတန်းဦးသန့်ကိုသာလွမ်း

ဆုူးငှက်

လွန်ခဲ့သော နှစ်၂၀ကျော် ၁၉၉၆ ခုနှစ် မေလ ၁၁ ရက် နေ့က မန္တလေး မလွန်ရပ်မှာရှိတဲ့ ပရိယတ္တိသာသနာ့ ဟိတအသင်းကြီးရဲ့ သာသနာ့ဗိမာန်တော်ကြီးမှာ အသင်းတော်ကြီး နှစ် (၁၀၀) ပြည့်ပွဲတော်အတွက် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများထံက ဩဝါဒခံယူပွဲ ကျင်းပတယ်။ ဝါဆိုဆရာတော်ကြီး၊ မြတောင်ဆရာတော်ကြီး၊ ဗန်းမော်ဆရာတော်ကြီးစတဲ့ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြတယ်။

ဒီပွဲမှာ သတင်းစာဆရာ၊ စာရေးဆရာမကြီး ဒေါ်ဒေါ်လူထုဒေါ်အမာလည်း တက်ရောက်ပြီး ဆရာတော်ကြီးများကို လျှောက်ထားတဲ့အခါ ထူးထူးခြားခြား မှတ်မိတဲ့ အချက်လေးရှိတယ်။ ဒေါ်ဒေါ်က ပရိယတ္တိသာသနာ့ဟိတအသင်းကြီးရှိလို့ ဆဋ္ဌသင်္ဂါယနာတင်နိုင်တာ၊ အထူးသဖြင့် ဒီအသင်းကြီးလို၊ မလွန်စျေးဆန်လှူအသင်းကြီးလို သက်တမ်း ၁၀၀ တိုင် ခိုင်ခိုင်မာမာ တည်တံ့နေတာ မန္တလေးမြို့အတွက် ဂုဏ်ယူစရာဖြစ်တယ်။ နှစ် ၁၀၀ တိုင် ငွေရေးကြေးရေးအရှုပ်အထွေး၊ လူမှုရေး အရှုပ်အထွေး။ ရာထူးရာခံ အရှုပ်အထွေး မရှိခဲ့ပါဘူးဆိုတဲ့အချက်ပါ။ ဒေါ်ဒေါ်လျှောက်ထားတဲ့ အချက်ကို ဆရာတော်ကြီးများက သဘောကျတယ်။ "ပရိယတ္တိသည် ဗုဒ္ဓမည်၊ စွမ်းရည်သာသနာ" ဆိုပြီး သာခုခေါ်ကြတယ်။

**တိကျတဲ့မူဝါဒ၊ စနစ်ကျတဲ့ စည်းမျဉ်းစည်းကမ်း ဖွဲ့စည်းပုံများအပြင်**

ဒေါ်ဒေါ်ပြောမှပဲ သတိထားမိတယ်။ ဟုတ်တာပေါ့ မန္တလေးမှာ အနှစ် ရာပြည့်လုနီး၊ ၈၀ ပြည့်လုနီး၊ ၇၅နှစ် စိန်ရတုသက်တမ်းပြည့်လုနီးအသင်းတွေ အတော်များများရှိပါကလား။ အဲဒီ ၁၉၉၆ ခုနှစ်ကာလက မလွန်စျေးဆန်လှူအသင်းကြီးက အနှစ် (၁၀၀) ပြည့်ပြီ။ ပရိယတ္တိသာသနာ့ဟိတအသင်းကြီးက (၉၆)နှစ်ပြည့်ပြီ။ မိတ္တအရဏ်တော်အသင်းကြီးက (၈၁) နှစ်ပြည့်ပြီ။ သူရဲတပ်အရဏ်တော်အသင်းကြီးက (၇၆) နှစ်ရှိပြီ။ အုတ်ကလေးအသင်းလို့ခေါ်တဲ့ ရတနာပုံ ဗုဒ္ဓဘောဇနိယ ဥဿဟအသင်းက (၇၃) နှစ်ရှိပြီ။ မြို့မတူရိယာအသင်းက (၇၁)နှစ်ရှိပြီ။ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းက (၆၆) နှစ်ရှိပြီ။

ဒီအသင်းကြီးတွေ အခုလို သက်တော်ရှည်ခဲ့တာ အသင်းစတင်တည်ထောင်စဉ်ကတည်းက တိကျတဲ့ မူဝါဒ၊ စနစ်ကျတဲ့ စည်းမျဉ်းစည်းကမ်း ဖွဲ့စည်းပုံများ အပြင် အပရိဟာနိကတရား ခုနစ်ပါးလို၊ နာယကဂုဏ် ခြောက်ပါးလို ပြည့်စုံညီညွတ်လို့လည်း ဖြစ်ပါတယ်။ အထူးသဖြင့် သမာသမတ်ကျပြီး အမြော်အမြင်ကြီး ပညာတတ်နာယကကြီးများနှင့် ဩဇာကြီးတဲ့ မြို့မိမြို့ဖများက ကြီးကြပ်လမ်းညွှန်နိုင်ခဲ့လို့လည်းဖြစ်ပါတယ်။ စစ်မှန် သမာဓိကောင်း သင်းပင်းဆိုင်ရာ အမြော်အမြင်ကြီးတဲ့ နာယကကြီးများ စဉ်ဆက်မပြတ် ဦးဆောင်ကာ သင်းပင်းတည်တံ့နိုင်ရေးအတွက် အပျော်တမ်းတူရိယာအသင်းတစ်သင်းဖြစ်တဲ့ မြို့မတူရိယာအသင်းက စည်းမျဉ်းဥပဒေစာအုပ်ပါ အချက်အလက်လေးကို နမူနာပြပါရစေ။

> အသင်းကြီးတွေ အခုလို သက်တော်ရှည်ခဲ့တာ အသင်းစတင် တည်ထောင်စဉ်ကတည်းက တိကျတဲ့ မူဝါဒ၊ စနစ်ကျတဲ့ စည်းမျဉ်းစည်းကမ်း ဖွဲ့စည်းပုံများအပြင်. . .

**အမှုဆောင်က အသင်းရဲ့မျိုးနွယ်ဆက် ဖြစ်ရမယ်**

၁၉၂၅ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့တဲ့ မြို့မတူရိယာအသင်းမှာ စည်းမျဉ်းဥပဒေကို ၁၉၂၈ ခုနှစ်မှာ စနစ်တကျရေးဆွဲပြီး အသင်းကိုလည်း စနစ်တကျဖွဲ့စည်းနိုင်ခဲ့ပါပြီ။ ဒီ စည်းမျဉ်းဥပဒေမှာ နာယကပုဂ္ဂိုလ်ကြီးများ နေရာထိုက်တန်ဖို့အတွက် အခြေခံအသင်းသားကတည်းက အမှုဆောင်ဖြစ်ထိုက်သူကို အခုလို သတ်မှတ်ခဲ့ပါတယ်။ အမှုဆောင်က အသင်းရဲ့မျိုးနွယ်ဆက်ဖြစ်ရမယ်တဲ့။ မျိုးနွယ်ဆက်ဆိုတာကလည်း "အနုသုခုမဂီတကို ပါရမီ၊ ပညာ၊ ဝါသနာတို့ကို အခြေခံတတ်မြောက်လျက် စတင်တည်ထောင်ခဲ့သော ပုဂ္ဂိုလ်များနှင့် ၎င်းတို့နှင့်အတူ အသင်းအား တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်အသီးသီးတို့၏ မျိုးဆက်များဖြစ်၍ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တွင် အသင်းတိုးတက်သည်ဖြစ်စေ၊ ဆုတ်ယုတ်သည်ဖြစ်စေ၊ မပြစ်မခွာ ကောင်းတူဆိုးဖက် အနစ်နာခံလျက် အသင်းအကျိုးကို အဓိကထား၍ လက်တွဲဆောင်ရွက်သူများကို ဆိုလိုသည်" လို့ သတ်မှတ်ခဲ့တယ်။ ဒီလိုမျိုးနွယ်ဆက်မှ အမှုဆောင်ရွေးချယ်ခွင့်ရှိရမယ်တဲ့။

အမှုဆောင်ဖြစ်ထိုက်သူဆိုတာကလည်း "အသင်း၏ ရည်ရွယ်ချက်ကို အဓိကထားလျက် သီဆိုတီးမှုတ်မှုတွင် အကျိုးခံစားမှုကိုမယူဘဲ အထူးသဖြင့် အသင်း၏ မျိုးနွယ်ဆက်များထဲမှ နောင်သောအခါ နာယကအဖွဲ့ဝင်ဖြစ်နိုင်မည့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဖွဲ့စည်းထားသော အလုပ်အမှုဆောင်အဖွဲ့မှ ပုဂ္ဂိုလ်ကို ဆိုလိုသည်" လို့ သတ်မှတ်ခဲ့တယ်။

ဒီလို အခြေခံတွေ ခိုင်မာအောင် တည်ဆောက်ပြီးမှ ပွဲကိုင်ဦးဆောင်မယ့် နာယကကို (က) အသင်းတည်ထောင်သူများ (ခ) ထိုပုဂ္ဂိုလ်များနှင့် တစ်ဆက်တည်းအားဖြင့် အသင်းတည်တံ့ခိုင်မြဲစေရန် စဉ်ဆက်မပြတ် စောင့်ရှောက်ထိန်းသိမ်း လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ကြသော ပုဂ္ဂိုလ်များဆိုတဲ့ အရည်အချင်းနဲ့ သတ်မှတ်ခဲ့တယ်။

**လူမှုရေး၊ ကျန်းမာရေးတွေ ချို့တဲ့သွားတဲ့လူငယ်တွေကို ပြန်လည်တည့်မတ်စေဖို့**

ဒါကြောင့်လည်း ဒုတိယကမ္ဘာစစ်ကြီးကာလမှာပင် အသင်းက ညီညွတ်စွာ သက်တမ်းဆက်နိုင်ခဲ့တာပါ။ စစ်ကြီးကြောင့် သင်းပင်းတိုးတက်မှု အားနည်းကောင်း အားနည်းခဲ့ပေမယ့် စစ်ပြေးစစ်ရှောင်ကာလမှာပင် မြို့မငြိမ်းက ရေချိုးဆိပ်လို စစ်ကိုင်းတောင်လို ထိုသုံးပါးလို သီချင်းတွေ မြို့မအတွက် ရေးစပ်နိုင်ခဲ့သလို အသင်းသားကြီး ဆရာညှာကလည်း နာမည်ကျော် ပြည်တော်ဝင်သီချင်းကို ရေးစပ်နိုင်ခဲ့တာပဲ မဟုတ်လား။ စစ်ကြီးအပြီး မန္တလေးရောက်တော့လည်း အရပ်လေးမျက်နှာကပြန်စုစည်းရတဲ့ အသင်းသားတွေက မကွဲမပြဲကြဘဲ ၁၉၄၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှာ စစ်ကြောင့် လူမှုရေး၊ ကျန်းမာရေးတွေ ချို့တဲ့သွားတဲ့ လူငယ်တွေကို ပြန်လည်တည့်မတ်စေဖို့ မန္တလေးမြို့လယ် နေသူရိန်ဇာတ်ရုံကြီးမှာ "အထက်ဗမာနိုင်ငံ ကိုယ်လက် ကျန်းမာရေးအသင်းကြီး၏ ကာယဗလပြပွဲ" ကျင်းပတော့ ကိုဘငြိမ်းနဲ့ ကိုရင်လေးက ဦးဆောင်ပြီး မြို့မတူရိယာအသင်းက ဦးဆောင်စီစဉ်နိုင်ခဲ့တယ်။ ဒီပွဲမှာ ကိုဘငြိမ်း(မြို့မငြိမ်း)က ကရဝိက် (သ) မြူးဇစ်၊ အိုလံပစ်၊ ယဉ်တစ်ကိုယ်မယ်စတဲ့ နာမည်ကျော်သီချင်းသစ်တွေ ရေးစပ်သီဆိုတီးမှုတ်ခဲ့တယ်။

နောက်နှစ်နှစ်အကြာ ၁၉၄၇ ခုနှစ် သင်္ကြန်မှာလည်း မြို့မက ငွေငန်းအလှပြယာဉ်ကို ခေတ်မီဒီဇိုင်းနဲ့ ဆင်ယင်ကာ ပြန်လည်ထွက်နိုင်ခဲ့တယ်။ ဒီသင်္ကြန်မှာပဲ မြို့မငြိမ်းက ဒီနေ့ထက်တိုင် နာမည်ကျော်ဆဲဖြစ်တဲ့ ရွှေမန်းတောင်ရိပ်ခိုအပါအဝင် သင်္ကြန်သီချင်းတွေ ရေးစပ်ပေးခဲ့တာပါပဲ။ ဒါပေမယ့် စစ်ကြီးအပြီး ကမ္ဘာနဲ့အဝှမ်း ပြောင်းလဲမှုတွေ မြန်ဆန်နေတယ်။ အသင်းက ခေတ်နဲ့အမီလိုက်ရမယ်။ စစ်ကြီးကြောင့် အဆက်ပြတ်သွားတဲ့ မျိုးဆက်တွေ အသစ်မွေးရမယ်။ အသင်းကိုအားဖြည့်ရမယ်။ စစ်ကြီးကြောင့် မလုပ်ဖြစ်ခဲ့တဲ့ အသင်းစည်းမျဉ်းဥပဒေအရ တစ်နှစ်တစ်ကြိမ် ကျင်းပရမယ့် သင်းလုံးကျွတ် အစည်းအဝေးတွေ၊ အမှုဆောင်အသစ်ဖွဲ့စည်းရေးတွေ ပြန်လုပ်ရမယ်။

ဒါကြောင့် သင်းလုံးကျွတ်အစည်းအဝေးနဲ့ အမှုဆောင်သစ်ရွေးချယ်ပွဲကို ၁၉၄၇ ခုနှစ် ဧပြီလ ၂၇ ရက် (၁၃၀၉ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်) ညနေ ၃ နာရီအချိန် ဓားတန်းရပ် အားကစားနှင့် ယဉ်ကျေးမှုအသင်းတိုက်မှာ ကျင်းပခဲ့ပါတယ်။



vkk':trm/

ဒီအစည်းအဝေး ကျင်းပဖို့အတွက် မြို့မိမြို့ဖတွေ၊ အသင်းသူ အသင်းသားတွေ၊ မြို့မချစ်သူ၊ ဂီတချစ်သူတွေ အားလုံးသိရှိနိုင်၊ ပါဝင်တက်ရောက်နိုင်အောင် ဝင်းလိုက်ရုပ်ရှင်ရုံကနေ တစ်ပတ်ကျော်ကြိုတင်ပြီး ရုပ်ရှင်များ မပြမီ ဆလိုက်ထိုး ကြော်ငြာခဲ့ပါသတဲ့။ စစ်ကြီးအပြီး ပြန်လည်ဖွဲ့စည်းမယ့် မြို့မအသင်းအတွက် မြို့လုံးကျွတ် သိရှိနိုင်အောင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ကြတာပါ။

**မြို့မိမြို့ဖများနဲ့ သတင်းစာဆရာများရှေ့မှာ**

လတ်တလော မြို့မကို ဒု-ဥက္ကဋ္ဌ ကိုဘသင်၊ အတွင်းရေးမှူး ကိုရင်လေးတို့က မပျက်မယွင်းအောင် ထိန်းထားခဲ့တာမို့ အသင်းရည်ရွယ်ချက်များ ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့ မြို့မိမြို့ဖများရှေ့မှောက် ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းနဲ့ အမှုဆောင်သစ် ကျယ်ပြန့်စွာ ဖွဲ့စည်းနိုင်ဖို့ ယာယီဥက္ကဋ္ဌအဖြစ် မန်းညွန့်ဦးမောင်ကလေး၊ အတွင်းရေးမှူး ဦးအောင်ကြီးတို့က ကိုဘသင်နဲ့ ကိုရင်လေးတို့ထံမှ ခေတ္တလွှဲယူပြီး နာယကအဖွဲ့နဲ့ အမှုဆောင်အသစ်ကို မြို့မိမြို့ဖများနဲ့ သတင်းစာဆရာများရှေ့မှာ စနစ်တကျ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

ဒါကြောင့် နာယကများအဖြစ် ဓားတန်းဦးသန့်၊ ဝင်းလိုက်ဦးကျော်ဝင်းနဲ့ ဦးမြင့်တို့က တာဝန်ယူပြီး ဥက္ကဋ္ဌ- ဦးအေးမောင်(ရတနာပုံ)၊ ဒုဥက္ကဋ္ဌ- ဝါးတန်းဦးအေးမောင်နဲ့ ဦးဘဒင်၊ အတွင်းရေးမှူး- ဦးရင်လေး၊ တွဲဖက်အတွင်းရေးမှူး- ဦးအောင်ကြီး၊ စာရင်းစစ်- ကိုဘကြင်၊ ကိုစော၊ အလုပ်အမှုဆောင်များအဖြစ် ကိုဘငြိမ်း(မြို့မငြိမ်း)၊ ကိုဘအေး၊ ကိုသန့်စင်၊ ကိုဘသိန်း၊ ကိုလှဒင်၊ ကိုအေးကျော်၊ ကိုမောင်ကို၊ ကိုစိန်ကြည်၊ ကိုဖူးအုံ၊ ကိုဘငွေတို့ကို အများဆန္ဒနဲ့အညီ ရွေးကောက်ဖွဲ့စည်းခဲ့ကြပါတယ်။

ဒီအစည်းအဝေးကြီးမှာပဲ အသင်းသားအသစ်တွေကို အသင်းဝင်ကြေး ငါးကျပ်၊ လစဉ်ကြေး တစ်ကျပ်နဲ့ ဝင်ရောက်နိုင်လို့ အသင်းသား အသစ် ၃၀ ကျော် စာရင်းပေးဝင်ရောက်ကြပါတယ်။ နာမည်ကျော် ဂီတမှူးတွေဖြစ်လာမယ့် ကိုဘိုခင်နဲ့ ကိုပေါ်တို့က ဒီအစည်းအဝေးမှာ အသင်းသားအသစ်အဖြစ် စတင်စာရင်းပေးဝင်ရောက်ခဲ့ကြတာပါ။ ဒီအစည်းအဝေးမှာ တက်ရောက်လာသူတွေကို ယူနီဗာဆယ် ကိတ်မုန့်တိုက်က ကိတ်မုန့်၊ လက်ဖက်ရည်၊ ငှက်ပျောသီး၊ သစ်ကြားသီးများနဲ့ ဧည့်ခံကူညီပြီး ဝင်းလိုက်ဦးကျော်ဝင်းကလည်း အသင်းကို ဒဗလယ်ဗေ့ကြီးတစ်လုံး လှူဒါန်းခဲ့ပါတယ်။

တစ်မြို့လုံးက အားတက်သရော တက်ရောက်ခဲ့ကြတဲ့ အစည်းအဝေးကြီးမှာ မန္တလေးသူတွေဖြစ်တဲ့ ဒေါ်စိန်ရင် (စာရေးဆရာမ မာလာ)၊ နဂါးဒေါ်ဦး၊ အမ်အေဒေါ်အုန်းတို့ကလည်း အမျိုးသမီးမြို့မအသင်းဖွဲ့စည်းဖို့ အဆိုပြုခဲ့ကြသေးပါတယ်။

အစည်းအဝေးကြီးက ဖွဲ့စည်းခဲ့တဲ့ နာယကများနဲ့ အမှုဆောင်အသစ်က ကိုဘငြိမ်း(မြို့မငြိမ်း)ကို ဂီတမှူးအဖြစ် တာဝန်ပေးပြီး အသင်းသားသစ်များအတွက် ဂီတသင်တန်းများ ပေးစေခဲ့ပါတယ်။ ဒါကြောင့် ကိုဘငြိမ်း (မြို့မငြိမ်း)က မေလ ၁၅ ရက်နေ့ကစတင်ပြီး ည ၇ နာရီမှ ၈ နာရီအထိ ဂီတသင်တန်းကို စတင်သင်ကြားပေးခဲ့တယ်။ ဒီသင်တန်းကနေ ဂီတမှူး ကိုဘိုခင်၊ ကိုပေါ်စသူတို့ ထွက်ပေါ်ခဲ့တာပါပဲ။

ဒါဟာ တူရိယာအသင်းတစ်သင်းရဲ့ အရည်အချင်းပြည့်မီစွာ သက်တမ်းရှည်ရေးကို ရှေးက ကမ္ဘာကြည့် ကြည့်မြင်ခဲ့ကြတဲ့ မြို့မိမြို့ဖများနဲ့ နာယကကြီးများ ပညာရှင်ကြီးများ အမြော်အမြင်ကြီးစွာ ဆောင်ရွက်ခဲ့ကြတဲ့ နမူနာတစ်ခုပါ။

**၁၉၄၇ ခုနှစ် နာယကကြီးများက မြို့မငြိမ်းကို ဂီတသင်တန်းဖွင့်စေခဲ့တယ်**

ဒီကနေ့ ထိုနမူနာပြအပ်သော တူရိယာအသင်းကြီးမှာ ထိုအရည်အချင်းပြည့်မီစွာ သက်တမ်းရှည်ရေးကို ရှေးရှုကမ္ဘာကြည့် ကြည့်မြင်နိုင်တဲ့ နာယကကြီးများဦးဆောင်မှု အစဉ်အလာရှိဆဲပါလား။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ (၁၉၄၇ ခုနှစ်) နာယကကြီးများက မြို့မမျိုးဆက်သစ်အတွက် မြို့မငြိမ်းကို ဂီတသင်တန်းဖွင့်စေခဲ့တယ်။ အခု နာယကကြီးများကရော မျိုးဆက်သစ်များအတွက် သင်တန်းတွေ ဖွင့်စေခဲ့တာလား၊ အမိန့်အာဏာနဲ့ ပိတ်စေခဲ့တာလား။ (လောလောဆယ် မြို့မမှာ အဓိကလေမှုတ်တူရိယာဆိုင်ရာ အသင်းသား ကိုးဦးပဲ ကျန်တော့ပြီး ခုနစ်ဦးက အသက် (၆၀)ကျော် (၇၀)နီးနေပါပြီ)

အလားတူ အမှုဆောင်အဖွဲ့ဆိုသည်မှာလည်း လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ (၁၉၄၇ခုနှစ်) ကလို မြို့လူထုကို ကြိုတင်ကြေညာကာ မြို့မိမြို့ဖနှင့် မီဒီယာများရှေ့မှောက် နာယကများ၊ အသင်းသားများ စုံစုံညီညီနှင့် "အနုသုခုမဂီတကို ပါရမီ၊ ပညာ၊ ဝါသနာတို့ကို အခြေခံတတ်မြောက်လျက် စတင်တည်ထောင်ခဲ့သော ပုဂ္ဂိုလ်များနှင့် ၎င်းတို့နှင့်အတူ အသင်းအား တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်အသီးသီးတို့၏ မျိုးဆက်များဖြစ်၍ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တွင် အသင်းတိုးတက်သည်ဖြစ်စေ၊ ဆုတ်ယုတ်သည်ဖြစ်စေ၊ မပြစ်မခွာ ကောင်းတူဆိုးဖက် အနစ်နာခံလျက် အသင်းအကျိုးကို အဓိကထား၍ လက်တွဲဆောင်ရွက်သူများကို ဆိုလိုသည်" လို့ သတ်မှတ်ခဲ့တဲ့ ပုဂ္ဂိုလ်များနှင့် ပွင့်လင်းမြင်သာစွာ စနစ်တကျ ဖွဲ့စည်းခဲ့တာလား။ (နောက်ဆုံး အမှုဆောင်ရွေးပွဲကို ဂီတမှူး ဝါရင့်အသင်းသားကြီး နှစ်ဦးအပါအဝင် အသင်းသားအချို့ပင် မသိလိုက်၊ အဖိတ်ကြားမခံရဘဲ ဖိတ်ကြားခံရတဲ့ အသင်းသားတွေကိုယ်တိုင် အစည်းအဝေးဖိတ်စဉ်က ဘာအကြောင်းအရာလို့မပါဘဲ အစည်းအဝေးခန်းရောက်မှ အမှုဆောင်ရွေးမယ်ဆိုတာ သိရပါသတဲ့။ မီဒီယာဆိုတာ ဝေလာဝေးပေါ့။ )

လတ်တလော အကြောင်းအရာတွေ တွေးတောရင်း မြို့မငြိမ်းနဲ့ နာယကကြီး ဓားတန်းဦးသန့်တို့အကြောင်း ကြားဖူးတာတစ်ခု သတိရမိတယ်။ ၁၉၅၀ ဝန်းကျင်ကာလမှာ မြို့မငြိမ်းက ကျန်းမာရေးအရ အသင်းက ခေတ္တခဏ အနားယူထားတယ်။ မကြာပါဘူး၊ တစ်နှစ်လောက်ပါပဲ။ မြို့မငြိမ်း ကျန်းမာရေးကောင်း သွားပါပြီ။ ဓားတန်းဦးသန့်က သူ့ဝင်းပေါက်မှာရှိတဲ့ မြို့မအသင်းတိုက်ဘက်ကို အပြင်ကပြန်လာတိုင်း အမြဲလိုလိုစောင်းငဲ့ကြည့်တယ်။ ကျန်းမာရေးကောင်းနေတဲ့ မြို့မငြိမ်းကို အသင်းတိုက်မှာ မတွေ့ရသေးဘူး။ တစ်လ နှစ်လ သုံးလ"။ ဒါကြောင့် တစ်နေ့သား သူ့ကားလေးနဲ့ အပြင်ကအပြန် ဝင်းပေါက်က အသင်းတိုက်ရှေ့ရပ်ပြီး တီးလုံးတိုက်နေတဲ့ အသင်းသားတွေဆီ သွားတယ်။ "ဆရာငြိမ်းမလာဘူးလား" လို့ မေးတယ်။ အသင်းသားတွေက "ဟုတ်ကဲ့ ဦးလေးသန့်" လို့ဖြေကြတော့ "မလာရင် သွားခေါ်ရမှာ ခင်ဗျားတို့ ဝတ္တရားလေ၊ ဆရာငြိမ်းလို ပုဂ္ဂိုလ်ကို ဘာလိုအပ်ပါသလဲမေးမြန်းပြီး သွားခေါ် သွားပင့်ရမှာ မဟုတ်လား"လို့ ပညာရှင်နဲ့ပတ်သက်ရင် မျက်ခြည်မပြတ် ပြောဆိုတည့်မတ်ရတာမျိုး ဓားတန်းဦးသန့်လို နာယကကြီးက အမြဲဂရုတစိုက်ရှိသတဲ့။

အခုတလော ဒေါ်ဒေါ်လူထုဒေါ်အမာနဲ့ အနုပညာရှင်ကြီး ဓားတန်းဦးသန့်ကိုလွမ်းတယ်။ ။

# အိမ်ခြံမြေ မရှိသေးသော ပြည်သူများထံသို့ မြေကွက်များ ခွဲဝေချထား



**လှိုင်ကော် အောက်တိုဘာ ၃၀**
ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ အခြေခံလိုအပ်ချက်များအား ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဘောလခဲမြို့ ပွန်ချောင်းအရှေ့ဘက်ကမ်း တံတားဟောင်းနှင့် တံတားသစ်ကြားရှိ မြေဧရိယာများအနက်မှ လူနေအိမ်ရာမြေအဖြစ် အသုံးပြုရန် နိုင်ငံပိုင်လယ်ယာမြေပြုလုပ်ရေး အက်ဥပဒေပုဒ်မ-၃၉(လန/၃၉) ခွင့်ပြုချက် ရရှိထားသော ၁၈ ဧကမှ ကျန်ရှိသော ၁၅ ဒသမ ၄၄ ဧကအား စနစ်တကျအကွက်ရိုက်ပြီး ဘောလခဲမြို့ပေါ်ရှိ အိမ်ရာမဲ့ပြည်သူများကို ငွေကြေးကောက်ခံခြင်း လုံးဝမပြုဘဲ ခွဲဝေချထားပေးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ မြေပေးမိန့်ပေးအပ်ပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ဘောလခဲမြို့ စောလဖော်ခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြေပေးမိန့်လက်ခံရယူမည့်ပြည်သူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မြေကွက်မရှိသေးသော ပြည်သူများကို မြေကွက်သစ်ချထားပေးခြင်းသည်လည်း လူနေမှုဘဝ တိုးတက်မြင့်မားရေးကို ရှေးရှုကြောင်း၊ ယခုလိုစနစ်တကျမြေကွက်ချထားနိုင်ရေးအတွက် မြေရာဇဝင်စိစစ်ခြင်း၊ ဌာနဆိုင်ရာနှင့် ကဏ္ဍစုံနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များပါဝင်သော စိစစ်ရေးကော်မတီများ ဖွဲ့စည်းခြင်း၊ ကော်မတီ သဘောတူညီချက်ဖြင့် မြေကွက်ချထားပေးမည့် မူဝါဒ၊ စည်းကမ်းသတ်မှတ်ခြင်း၊ လျှောက်လွှာခေါ်ယူခြင်း၊ စည်းကမ်းချက်ကိုက်ညီမှုရှိ၊ မရှိစနစ်တကျစိစစ်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိစွာ ချပြရှင်းလင်းခြင်းနှင့် အဆင့်ဆင့်စိစစ်တင်ပြအတည်ပြုချက်ရယူခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ မြို့ကွက်သစ် ဖော်ထုတ်ရရှိသည့် အကွက်များမှ အိမ်ခြံမြေမဲ့ အိမ်ထောင်စု ၁၂၀ အတွက် ပေ ၆၀ ပတ်လည်မြေကွက်များအားလည်းကောင်း၊ ကျန်မြေကွက်များအနက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ၊ အများပြည်သူနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာရုံး အသုံးပြုနိုင်ရေး စီစဉ်လျာထားကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ဘောလခဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က မြို့မြေကွက်သစ် ဖော်ထုတ်ချထားရေး လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြေကွက်ရရှိသူများထံသို့ ကယားပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြေပေးမိန့်များကို ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ ဆက်လက်၍ မြေကွက်ရရှိသူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်တို့က ဘောလခဲ ရွာသစ်လမ်းခွဲ့ထွင်နေမှုကိုလည်းကောင်း၊ သစ်တောဦးစီးဌာနမှ ဘောလခဲကြိုးပြင် ကာကွယ်တောအကွက်အမှတ်(၂၃) စိုက်ခင်းအမှတ် (၁/၂၀၁၇) စီးပွားကျွန်းစိုက်ခင်း ဧက ၅၀၊ စိုက်ပျိုးထားသည့် အပင်ပေါင်း ၆၀၅၀၀ အောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ဈေးအတွင်း မီးသတိမူရေး သုဝဏ္ဏဈေးတွင် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်

**သထုံ အောက်တိုဘာ ၃၀**
မွန်ပြည်နယ် သထုံမြို့ သုဝဏ္ဏဈေးတွင် အောက်တိုဘာ ၂၉ ရက် နံနက်က သထုံခရိုင် အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးတာဝန်ရှိသူများ ပူးပေါင်းကာ မီးဘေးအန္တရာယ်ကို သတိမူပြီး အကြောင်းကြောင်းကြောင့် မီးလောင်မှုများ ဖြစ်ပွားမှုမရှိစေရေး လက်တွေ့မီးငြိမ်းသတ်သရုပ်ပြ လေ့ကျင့်ခြင်းနှင့် ပူပြင်းခြောက်သွေ့လာသည့် ပွင့်လင်းရာသီကာလတွင် မီးဘေးအန္တရာယ်ကင်းဝေးပြီး ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့၏ စွမ်းရည်စစ်ဆေးခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

"အရေးပေါ်ဖြစ်လာရင် ဘာတွေကိုအဓိကထားဆောင်ရွက်ရမယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ ဘာတွေပြင်ဆင်ထားသင့်သလဲ ဆိုတာကို သိဖို့လိုပါတယ်။ ကြိုတင်ကာကွယ်ခြင်းက ဘေးဖြစ်ပွားမှုနဲ့ ဆုံးရှုံးမှုကို အများကြီးလျှော့ချပေးတယ်"ဟု ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းက ပြောသည်။

အဆိုပါနေ့တွင် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက ခရိုင်မီးသတ်တပ်ဖွဲ့၏ သင့်(၄)သင့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဈေးတာဝန်ရှိသူများ၊ ဈေးသာယာရေးကော်မတီအဖွဲ့ဝင်များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်တို့က သုဝဏ္ဏဈေးအတွင်း မီးငြိမ်းသတ်ယာဉ် လေးစီးဖြင့် မီးငြိမ်းသတ်သရုပ်ပြသခဲ့ကြသည်။

သုဝဏ္ဏဈေးတွင် အရေးပေါ်မီးဘေးကာကွယ်ရေးအတွက် ဈေးအရန်မီးသတ်တပ်ဖွဲ့အား ဖွဲ့စည်းထားပြီး ဈေးအတွင်း ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်၊ အရေးပေါ်မီးသတ်ရေငုတ် ၂၂ ခု၊ မီးသတ်ဆေးဘူး ၁၀၀ ကျော် ထားရှိထားကြောင်း ဈေးသာယာရေးကော်မတီမှ သိရသည်။

**သက်ဦး(သထုံ)**

## မိုးစပါးစိုက်တောင်သူများ အချိန်မီ အမိုးအကာအောက်ရောက်ရှိနိုင်ရေး ရိတ်ခြွေစက်နည်းပါးမှုကြောင့် အခက်အခဲများစွာရှိနေ

**ရေတာရှည် အောက်တိုဘာ ၃၀**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးများရိတ်သိမ်းဆဲဖြစ်ရာ အချိန်မီအမိုးအကာအောက်ရောက်ရှိနိုင်ရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသော်လည်း ရိတ်သိမ်းခြွေလှေ့စက်နည်းပါးခြင်းကြောင့် အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ယခုလ နောက်ဆုံးပတ်အထိတိုင် မိုးရွာသွန်းလျက်ရှိသည့်အပြင် ရိတ်သိမ်းမည့်စပါးခင်းများအတွင်း ရေများစွာကျန်ရှိနေခြင်း၊ စပါးပင်များလဲကျကာ အနှံများရေသောက်ပြီး အပင်များပြန်ပေါက်နေခြင်းနှင့် လမ်းပန်းအခက်အခဲကြောင့် စပါးများကို အချိန်မီရိတ်သိမ်းနိုင်ခြင်းမရှိသည့်တောင်သူများ အနေဖြင့် စပါးအရည်အသွေး၊ ထွက်နှုန်းကျဆင်းဖွယ်ရှိနေကြောင်း တောင်သူများအတွင်း ညည်းတွားပြောဆိုမှုများရှိနေသည်။ နွေကာလ၌ ရိတ်သိမ်းခြွေလှေ့စက် ပေါများသလောက် စိုက်ဧကပမာဏပိုမိုများပြားသည့် မိုးရာသီရိတ်သိမ်းကာလတွင် ရိတ်သိမ်းခြွေလှေ့စက် နည်းပါးခြင်းမှာ တောင်သူများအတွက် အခက်အခဲများစွာဖြစ်ပေါ်နေကြခြင်းလည်းဖြစ်သည်။

"ကျွန်တော်ဆို ရိတ်ခြွေလှေ့စက်ကိုခေါ်ထားတာ တစ်ပတ်ပြည့်တော့မယ်။ ရိတ်ရမယ့်ရက်ထက် အတော့်ကိုကျော်လာပြီး နက်ဖြန်လာမယ်။ သန်ဘက်ခါလာမယ်နဲ့ ခုထိကိုမရိတ်နိုင်သေးဘူး။ မိုးကလည်းမပြတ် အပင်တွေကကျကုန်ပြီ။ အရောင်မလှပြန်ရင် ဈေးကောင်းရတော့မှာမဟုတ်ဘူး"ဟု ဆွာမင်းလမ်းကျေးရွာနေ တောင်သူ ဦးမြင့်ဦးကပြောသည်။

ထို့အတူ စပါးပင်လဲကျမှုများပြားသည့် တောင်သူများအနေဖြင့် စက်ဖြင့်ရိတ်ခြင်းထက် လူဖြင့်ငှားရိတ်သူများပြားလျက်ရှိ၍ လက်လုပ်လက်စားလုပ်ကိုင်သူများအတွက် အခွင့်အလမ်းကောင်းမွန်သော်လည်း တောင်သူများဘက်ကပြန်ကြည့်လျှင် ကုန်ကျစရိတ်ပိုမိုများပြားလျက်ရှိပြီး စပါးခြွေလှေ့စက်သယ်ယူနိုင်ရန် အခက်အခဲများရှိနေရာ စပါးအရည်သွေးပိုင်း ထိခိုက်လျက်ရှိနေကြောင်း တောင်သူများထံမှ သိရသည်။

**ကိုလွင်(ဆွာ)**

## ဖမ်းဆီးနည်း (ဆင့်ပွား) သင်တန်းဖွင့်

**မော်လမြိုင် အောက်တိုဘာ ၃၀**
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သော ဖမ်းဆီးနည်း (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး ခင်မောင်စိုး၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဇော်မိုး၊ မော်လမြိုင်ခရိုင် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ မော်လမြိုင်မြို့နယ်အတွင်းရှိ ရဲစခန်းမှူးများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကာလ နှစ်ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(၃၀၇)**



**သဃ်န်းကျွန်းမြို့နယ် သွပ်ဝိုင်းကြီးရပ်ကွက် သံသုမာလမ်း အလက(၆) ရှေ့၌ အောက်တိုဘာ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုဦး ဦးဆောင်၍ မှုခင်းပညာပေးလုပ်ငန်း ဆောင်ရွက်စဉ်။** (ကြေးမုံ)

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မံစီ အောက်တိုဘာ ၃၀**
ကချင်ပြည်နယ် မံစီမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအဆောက်အအုံ (၄၀× ၅၀×၂၄)ပေ RC နှစ်ထပ်အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော ရေခူးမံခံကျေးရွာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းညွှန့် မံစီမြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် တာဝန်ရှိအင်ဂျင်နီယာဝန်ထမ်းများလိုက်ပါ၍ ကွင်းဆင်းစစ်ဆေးရာ ခရိုင်ဦးစီးမှူးက လုပ်ငန်းများဆောက်လုပ်မှုအပေါ် အရည်အသွေးပြည့်မီစေရေးကို အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## (၉၇)နှစ်မြောက် အမျိုးသားနေ့အကြို ပြိုင်ပွဲများ ကျင်းပ

**ကျောက်ကြီး အောက်တိုဘာ ၃၀**
ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် (၉၇) နှစ်မြောက် အမျိုးသားနေ့အကြိုအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး Community Centre ခန်းမ၌ ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်းသိရသည်။

အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ ပညာရေးဌာနတို့မှဒိုင်အဖြစ်ဆောင်ရွက်ပြီး အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲနှင့်ပုံပြောပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက လည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် အလယ်တန်း၊ အထက်တန်း ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို လည်းကောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် KG တန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲများကိုကျင်းပခဲ့ရာ မြို့ပေါ်ရပ်ကွက်ကျောင်းသုံးကျောင်းမှ ကျောင်းသူကျောင်းသား ၆၀ ခန့် လာရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သူနာပြု-သားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်း

**တောင်ကြီး အောက်တိုဘာ ၃၀**

စတုတ္ထအကြိမ်မြောက် သူနာပြု-သားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပကြောင်းသိရသည်။

ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က နိုင်ငံတစ်နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် ကျန်းမာရေးကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေပါကြောင်း၊ ဆေးပညာသင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီစေရန်နှင့် တိုင်းပြည်၏ လိုအပ်ချက်များကို ပြည့်မီစေရန် အစဉ်အမြဲ သုံးသပ်ပြင်ဆင်နေပြီး ဆေးသိပ္ပံပညာရပ်များ ကျွမ်းကျင်တတ်မြောက်ရုံသာမက မိမိနိုင်ငံနှင့် မိမိလူမျိုး အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လိုသော စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအပြင် ပြည်သူများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ထားရှိအပ်သော စေတနာ၊ စိတ်ထား၊ ကျင့်ဝတ်တို့ကိုပါ အလေးထားဖော်ဆောင်ပေးမည့် သင်ရိုးညွှန်းတမ်းများကို ရေးဆွဲနိုင်ခဲ့ပြီး သင်ရိုးညွှန်းတမ်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ဆက်လက်၍ သူနာပြုသင်တန်းကျောင်းအုပ်ဆရာမကြီးဦးဆောင်၍ ဆရာမများက ကျောင်းသား ကျောင်းသူများအား သူနာပြု-သားဖွားဒီပလိုမာ အောင်လက်မှတ်ပေးအပ်ရန် သတ်မှတ်နေရာများတွင် နေရာယူပြီး အပတ်စဉ် (၄၀)မှ ကျောင်းသား ကျောင်းသူ ၆၂ ဦးတို့ကို ဒီပလိုမာအောင်လက်မှတ်များကို အသီးသီးချီးမြှင့်ပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဂျပန်နိုင်ငံထုတ် ရေအောက်ရှာဖွေရေးကိရိယာဖြင့် ချင်းတွင်းမြစ်အတွင်း လက်တွေ့စမ်းသပ်အသုံးပြု

**မုံရွာ အောက်တိုဘာ ၃၀**

ရေအောက်မှ အရာဝတ္ထုပစ္စည်းများကို ရှာဖွေဆယ်ယူရာတွင် အထောက်အကူဖြစ်စေမည့် ရေအောက်ရှာဖွေကယ်ဆယ်ရေးကိရိယာကို လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဝယ်ယူနိုင်ရန်တင်ပြသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးထံမှသိရသည်။

ဂျပန်နိုင်ငံထုတ်ရေအောက်ရှာဖွေကယ်ဆယ်ရေးကိရိယာဖြင့် လက်တွေ့စမ်းသပ်အသုံးပြုခြင်းများကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းက မုံရွာမြို့ ကွေ့ကြီးရပ်ကွက်အုန်းပင်ဆိပ်ကမ်းမီးသတ်စခန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန့်နိုင်ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေး၊ မုံရွာခရိုင်မီးသတ်ဦးစီးမှူးနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းစမ်းသပ်ခြင်းကိုပြုလုပ်ရာ ဂျပန်ပညာရှင်တစ်ဦးက လက်တွေ့သရုပ်ပြရှင်းလင်းခဲ့သည်။

"ရေအောက်ကအရာဝတ္ထုတွေကို ရှာဖွေဆယ်ယူတဲ့အခါမှာ ဒီကိရိယာနဲ့ရှာမယ်ဆိုရင်အချိန်တိုတိုနဲ့ ဆောင်ရွက်နိုင်မှာပါ။



အောင်စိုးမိုးကျော် ချင်းတွင်းမြစ်ထဲနစ်တုန်းကဆိုရင် အဲဒီနေရာမှာရှာရုံတင် နှစ်ရက်လောက်ကြာခဲ့တယ်။အခုလိုကိရိယာရှိမယ်ဆိုရင် ရေအောက်ပေ ၁၄၀ ကျော်အထိ ရှာဖွေနိုင်လာပါ့မယ်။ ဂျီပီအက်စ် (GPS) စနစ်တွေ ရေအောက်ကင်မရာစနစ်တွေကြောင့် ထိထိရောက်ရောက်အသုံးပြုနိုင်မှာဖြစ်ပါတယ်" ဟု ဦးမင်းစမ်းအေးက ရှင်းပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် ကားကြီးကွင်းတည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမ်းနားလမ်းရှိ ပြည်နယ်အစိုးရအဖွဲ့၏ ဧည့်ရိပ်သာတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး စီတာပူရပ်ကွက် မုန်ကျိန်လမ်းဘေး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသွားလမ်းအား စည်ပင်သာယာရေးအဖွဲ့မှ ကတ္တရာလမ်းအဆင့်မြှင့်တင်ဆောင်ရွက်မည့် အခြေအနေတို့ကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တပ်ကုန်းရပ်ကွက်ရှိ မြစ်ဖျားဧရာအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း ဆောက်လုပ်ပြီးသည့် ၁၄ ခန်းတွဲ၊ ကားဂိတ်အဆောက်အအုံများ၊ ခုနစ်ခန်းတွဲ ကုန်သိုလှောင်ရုံများ၊ ကားဝင်းအတွင်း ကွန်ကရစ်ပတ်လမ်းခင်းကျင်းပြီးစီးမှု၊ လမ်းဘေးဝဲ၊ ယာ ပလက်ဖောင်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကားလိုင်းများစနစ်တကျနေရာချထားပေးရေး တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် အေးမြသာယာရပ်ကွက် လမ်းသွယ်(၁၀)မှ ဂျာမိုင်ကောင်းနယ်မြေ(၁၂)အထိ စည်ပင်နှင့် ပြည်သူများ ပူးပေါင်း၍ ပေ ၂၆၅၀ အရှည်ရှိ ကတ္တရာလမ်းခင်းမည့် မြေသားလမ်းကို ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများဖောက်လုပ်သွားရေး မြေပြင်ကွင်းဆင်းတိုင်းတာစစ်ဆေးဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**




## အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား/အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ တောင်ကြီးမြို့၌ ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၃၀**

ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ရှမ်းပြည်နယ်အခြေခံပညာကျောင်းပေါင်းစုံအမျိုးသား/အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၆ နာရီက ပြည်နယ်လေ့ကျင့်ရေးအားကစားရုံရှေ့ တောင်ကြီးမြို့၌ ကျင်းပခဲ့သည်။

အမျိုးသား/အမျိုးသမီးရိုးရိုးစက်ဘီးစီးပြိုင်ပွဲ၊ အမျိုးသမီးဂီယာစက်ဘီးစီးပြိုင်ပွဲနှင့် အပျော်စီးစက်ဘီးအဖွဲ့အားကစားသမားများကို ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက သေနတ်ပစ်ဖောက်၍တာလွှတ်ခဲ့ပြီး အမျိုးသားဂီယာစက်ဘီးစီးပြိုင်ပွဲကို ရှမ်းပြည်နယ် ပြည်နယ်ပညာရေးမှူး၊ ညွှန်ကြားရေးမှူး၊ ဆရာကြီးဦးအောင်ကျော်စိုးက သေနတ်ပစ်ဖောက်၍ တာလွှတ်ခဲ့သည်။ အမျိုးသား/ အမျိုးသမီးရိုးရိုးစက်ဘီးစီးပြိုင်ပွဲကို ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့မှစတင်၍ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်မှ ကရင်မရေထွက်ထိ၊ ကရင်မရေထွက်မှ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အရှေ့မြို့ပတ်လမ်းအတိုင်းအပြန် စက်ဘီးစီးအားကစားသမားများက ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့သို့ ပြန်လည်တာဝင်ခဲ့သည်။

ရှမ်းပြည်နယ် သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဒေါက်တာညီညီအောင်က အမျိုးသမီး ရိုးရိုးစက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသောစက်ဘီးစီးသူများအား လည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဦးစိုင်းစွံဆိုင်က အမျိုးသားရိုးရိုးစက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသောစက်ဘီးစီးသူများအား လည်းကောင်း၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံက အမျိုးသမီးဂီယာ စက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော စက်ဘီးစီးသူများအားလည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အမျိုးသား ဂီယာစက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသောစက်ဘီးစီးသူတို့ကို ဆုတံဆိပ်နှင့်ငွေသားများကိုအသီးသီးချီးမြှင့်ခဲ့ကြသည်။

အခြေခံပညာကျောင်းပေါင်းစုံအမျိုးသား/ အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲသို့ ရှမ်းပြည်နယ် သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဒေါက်တာညီညီအောင်၊ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဦးစိုင်းစွံဆိုင်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးဦးစိုင်းရှဲန်တစ်လုံ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနများ၊ ပညာရေးဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှဝန်ထမ်းများ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် Pocari Sweat ရေနှင့် ဓာတ်ဆားဖြည့်အချိုရည်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ အမျိုးသား/အမျိုးသမီးစက်ဘီးစီးအားကစားသမားများတက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## မိုးညှင်းမြို့နယ်တွင် ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံ

**မိုးညှင်း အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှဝန်ထမ်းများသည် အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင်ဒေသတွင်းကျွဲ၊ နွားများတွင် ကူးစက်ရောဂါများ မဖြစ်ပွားစေရေး ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဒေသတွင်းကျွဲ၊ နွား ၂၁၈ ကောင်အား ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ကြောင်း မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒု-ဦးစီးမှူး ဒေါက်တာဇော်မြင့်နိုင်ထံမှ သိရသည်။

"ကျွန်တော်တို့ ဌာနအနေနဲ့ ဒေသတွင်း ကျွဲ၊ နွားတွေမှာ ကူးစက်ရောဂါတွေ မဖြစ်ပွားစေရေး ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရာမှာ အောက်တိုဘာ ၂၈ ရက်နဲ့ ၂၉ ရက်အတွင်း ကျွဲ၊ နွားအကောင်ရေ ၂၁၈ ကောင်ကို ကာကွယ်ဆေးထိုးနှံပေးခဲ့ပါတယ်။ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ဌာနတွင်းဝန်ထမ်းအားနဲ့ ဒေသခံပြည်သူတွေရဲ့အားကိုယူပြီး ပူးပေါင်းဆောင်ရွက်ခဲ့ရာမှာ မိုးညှင်းမြို့နယ် ပန်းလားကျေးရွာအုပ်စု ပန်းလားကျေးရွာနေ တောင်သူ ၄၂ ဦးပိုင်ဆိုင်တဲ့ ကျွဲ ၄၅ ကောင်၊ နွား ၅၁ ကောင်တို့ကို ကျွဲ၊ နွားများမှာ ဖြစ်တတ်တဲ့ ပေါင်ပုပ်လက်ပုပ်၊ ခွာနာလျှာနာရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ပါတယ်။

အလားတူ အလယ်ပုံကျေးရွာမှာတော့ ကျန်းမာရေးလုပ်သား ဦးလှမျိုးထွန်းနဲ့ကျေးရွာနေ ပြည်သူများက စားကျက်မြေမှာလွှတ်ကျောင်းထားတဲ့ ကျွဲ ၁၆ ကောင်နဲ့ နွား ၁၀၆ ကောင်ကိုလည်း တိရစ္ဆာန်ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယခုကဲ့သို့ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

စီးပွားဖြစ်မွေးမြူသည့် ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း ဆက်သွယ်၍ ကာကွယ်ဆေးများ ထိုးနှံနိုင်ပြီး တိရစ္ဆာန်များ၏ ကျန်းမာရေးဆိုင်ရာ ပြဿနာများလည်း မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**ဦးလေးကြီး**

# တက္ကသိုလ်လာမြကျွန်းသာ၏ဉယျာဉ်မှူး

**မောင်ဦးခင်မောင်**

၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂ ရက်မှာ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)ဆရာကြီးဒေါက်တာမောင်မောင်ခရဲ့ နှစ် (၁၀၀) ပြည့် မွေးနေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး မြန်မာနိုင်ငံသား ရူပဗေဒပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်ရဲ့ သက်တမ်းအရှည်ကြာဆုံး ပါမောက္ခချုပ်နဲ့ အဝေးသင်တက္ကသိုလ်ကြီးဖြစ်မြောက်အောင် မွေးဖွားခဲ့တဲ့ ဆရာကြီးပါ။

**ပထမဦးဆုံးနိုင်ငံခြားပညာသင်**

ဆရာကြီးကို ၁၉၁၇ ခုနှစ် နိုဝင်ဘာ ၂ ရက်မှာ မော်လမြိုင်မြို့၌ ဖခင် ဦးရွှေလွင်၊ မိခင်ဒေါ်ဒေါ်စိန်တို့မှ မွေးဖွားခဲ့ပါတယ်။ မွေးချင်းငါးယောက်အနက် စတုတ္ထမြောက် သားဖြစ်ပါတယ်။ မူလတန်းနဲ့ အလယ်တန်းပညာကို မော်လမြိုင် ရှင်ဗုဒ္ဓဂေါသကျောင်းမှာ ပညာသင်ခဲ့ပြီး အထက်တန်းပညာကိုတော့ ကျောက်တန်းမြို့နဲ့ ရန်ကုန်မြို့တို့မှာ ပညာသင်ကြားခဲ့ပါတယ်။ ၁၉၃၄ ခုနှစ် အသက် (၁၇) နှစ်အရွယ်မှာ ရန်ကုန်မြို့ မြို့မကျောင်းက သင်္ချာနဲ့ ပါဠိဘာသာတို့ ဂုဏ်ထူးနဲ့ ၁၀ တန်းအောင်မြင်ခဲ့ပါတယ်။

အဲဒီနှစ်မှာပဲ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့တဲ့အခါ ၁၉၃၉ ခုနှစ်မှာ B.Sc(Hons;) ဘွဲ့ကို ပထမအဆင့်နဲ့ အောင်မြင်ခဲ့ပါတယ်။ အဲဒီနှစ်မှာပဲ အင်္ဂလန်နိုင်ငံသို့ ပညာတော်သင်အဖြစ် သွားရောက်ခွင့် ရရှိခဲ့ပါတယ်။ သူတို့အဖွဲ့ဟာ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး နိုင်ငံခြားပညာသင်ခွင့်ရသော ပုဂ္ဂိုလ်များဖြစ်ပါတယ်။ အင်္ဂလန်နိုင်ငံ Imperial College, University of London တို့က M.Sc,DIC,M Inst P, Ph. D,FR Met Sဘွဲ့များကို ၁၉၄၄ ခုနှစ်မှာ ထူးချွန်အောင်မြင်ပြီး မြန်မာနိုင်ငံကို သင်္ဘောနဲ့ ပြန်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ ဒုတိယ ကမ္ဘာစစ်မီးတောက်နေချိန်ဖြစ်လို့ အိန္ဒိယနိုင်ငံမှာ ရှစ်လခန့် သောင်တင်နေပြီးမှ မြန်မာနိုင်ငံကို ၁၉၄၅ ခုနှစ်မှာ ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။

**ရူပဗေဒပါမောက္ခ**

မိုးလေဝသဌာန လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေချိန်မှာ အင်္ဂလန်သို့ ပညာတော်သင်လွှတ်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ် ရူပဗေဒပါမောက္ခ Dr. West က ရန်ကုန်တက္ကသိုလ်မှာ အမှုထမ်းရန် ခေါ်ယူခဲ့တဲ့အတွက် ၁၉၄၆ ခုနှစ်မှာ ကထိကဌာနမှူးအဖြစ် ရူပဗေဒဌာနသို့ ပြောင်းရွှေ့လာခဲ့ပါတယ်။ တစ်နှစ်အကြာ ၁၉၄၇ ခုနှစ်မှာ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မြန်မာနိုင်ငံသား ရူပဗေဒပါမောက္ခဖြစ်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ သူ့ရဲ့အသက် (၃၀) တောင် မပြည့်သေးပါ။ ၁၉၄၇ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ရူပဗေဒပါမောက္ခအဖြစ် ၁၆နှစ်ကြာ တာဝန်ထမ်းဆောင်ပြီး ၁၉၆၄ ခုနှစ်မှ ၁၉၇၇ခုနှစ်အထိ ၁၄ နှစ်တိုင်တိုင် ရန်ကုန်တက္ကသိုလ် (ယခင် ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ်) ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ယနေ့အချိန်ထိ သူသည် သက်တမ်းအရှည်ကြာဆုံး ရန်ကုန်တက္ကသိုလ်ရဲ့ ပါမောက္ခချုပ်တစ်ဦးဖြစ်ပါတယ်။

**သုတေသနလုပ်ငန်း**

ရူပဗေဒပါမောက္ခချုပ်အဖြစ် စုစုပေါင်း နှစ်ပေါင်း ၃၀ ကျော်ကြာကာလအတွင်း ပညာရေးတိုးတက်မြှင့်တင်ရေးကိစ္စများ၊ သုတေသနလုပ်ငန်းများ၊ မြန်မာနိုင်ငံသား ဆရာ ဆရာမများကို နိုင်ငံခြားပညာသင်ကြားရေးကိစ္စများအပြင် တက္ကသိုလ်ဝင်စာမေးပွဲ၌ အမှတ်ကောင်းကောင်းနှင့် အောင်မြင်သောအချို့ကျောင်းသား ကျောင်းသူများ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်စတဲ့ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့ တက်ရောက်သင်ကြားခြင်းမပြုဘဲ ရန်ကုန်တက္ကသိုလ်ရှိ သိပ္ပံဘာသာရပ်များမှာ သိပ္ပံရည်ချွန်အဖြစ် တက်ရောက်သင်ကြားရန်ဆွဲဆောင်ယူခဲ့သည်။ အဲဒီကျောင်းသား ကျောင်းသူအများစုဟာ ယခုအချိန်မှာ မဟာဘွဲ့၊ ပါရဂူဘွဲ့များရရှိကြပြီး ပါမောက္ခ၊ ပါမောက္ခချုပ်၊ ညွှန်ချုပ်စတဲ့ အဆင့်မြင့်ပညာရေးဆိုင်ရာ ရာထူးများကို တာဝန်ထမ်းဆောင်လျက်ရှိနေကြပါတယ်။

> မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး မြန်မာနိုင်ငံသား ရူပဗေဒပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်ရဲ့ သက်တမ်းအရှည် ကြာဆုံး ပါမောက္ခချုပ်နဲ့ အဝေးသင်တက္ကသိုလ်ကြီးဖြစ်မြောက်အောင် မွေးဖွား. . .
>
> ရန်ကုန်တက္ကသိုလ်ကို "မြကျွန်းသာတက္ကသိုလ်" လို့ တင်စားရအောင် တက္ကသိုလ်ကြီးတစ်ခုလုံးကို စိမ်းလန်းစိုပြည်ပြီး ပန်းပေါင်းဝေဆာသာယာလှပနေအောင် ခုံတန်းကလေးများ၊ ကွံကော်ရိပ်များနဲ့ လှပနေအောင် ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်. . .

**ဆရာခလို့ခေါ်**

ဆရာကြီးဒေါက်တာ မောင်မောင်ခကို လေးစားကြသူများက ချစ်ခင်ရိုသေစွာ ဆရာခလို့ ခေါ်ကြပါတယ်။ ၁၉၅၃-၁၉၅၅ ခုနှစ်မှာ မဟာသိပ္ပံဌာနမှူး၊ ၁၉၅၅-၁၉၅၈ ခုနှစ်မှာ မြန်မာနိုင်ငံ အဏုမြူစွမ်းအင်ဆိုင်ရာ Consultant နဲ့ ၁၉၆၁-၁၉၆၄ ခုနှစ်အထိ ရန်ကုန်စက်မှုတက္ကသိုလ် အင်ဂျင်နီယာမဟာဌာနမှူးအဖြစ် တွဲဖက်တာဝန်ယူခဲ့ပါသေးတယ်။

၁၉၄၇-၁၉၄၈ ခုနှစ်မှာ University of California, LA ကို သွားရောက်ပြီး Electronics နဲ့ Nuclear Physic Lab အတွက်လေ့လာခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှာ Electronice နဲ့ Nuclear Physics Lab များနဲ့ Okawoe Lab များ ဖြစ်မြောက်ရေးကို အဓိကထားဆောင်ရွက်ပေးခဲ့ပါတယ်။

၁၉၅၈ ခုနှစ်လောက်က ရူပဗေဒလက်တွေ့ခန်းသုံးပစ္စည်းများနဲ့ သုတေသနအထောက်အကူပြုပစ္စည်းများ ပြုပြင်ဖို့ Mechanical Workshop လေးတစ်ခု စတင်တည်ထောင်ခဲ့တာကစပြီး ယနေ့တွေ့နေရတဲ့အထက်တန်းကျောင်းများနဲ့ တက္ကသိုလ်များအတွက် သင်ထောက်ကူသိပ္ပံပစ္စည်းများ ထုတ်လုပ်ရာသိပ္ပံပစ္စည်းအလုပ်ရုံ (Science Workshop)ကို ရူပဗေဒပါမောက္ခ ဦးစံသာအောင်၊ ဓာတုဗေဒပါမောက္ခ ဦးအောင်ခင်တို့နဲ့အတူ ၁၉၆၄-၆၅ ခုနှစ်က စတင်တည်ထောင်ခဲ့ပါတယ်။

၁၉၇၅ ခုနှစ်က အဝေးသင်တက္ကသိုလ်ဖြစ်မြောက်အောင် မြေတောင်မြှောက်စတင်ပေးခဲ့သူမှာ "ဆရာခ" ဖြစ်လို့ သူ့ကို အဝေးသင်တက္ကသိုလ်ကြီးရဲ့ဖခင်ကြီးအဖြစ် မှတ်ယူကြပါတယ်။

**အနုပညာကို အလွန်မြတ်နိုး**

ဆရာခဟာ အနုပညာကို အလွန်မြတ်နိုးသူ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်အနုပညာအသင်းကို ပီပြင်စွာဖွဲ့စည်းနိုင်ခဲ့ပြီး ယင်းအသင်းက နိုင်ငံကျော်အနုပညာရှင်အများအပြားကိုလည်း မွေးထုတ်နိုင်ခဲ့ပါတယ်။

ဆရာခရဲ့ သုတေသနအဖြစ်နဲ့ မြန်မာစောင်းတီးခတ်ပြီး အီလက်ထရွန်နစ် Test Equipment များနဲ့ ချိတ်ဆက်ကာ မြန်မာ့တူရိယာရဲ့သံစဉ်ကို ရူပဗေဒအသံပညာရပ်နဲ့ လေ့လာရာမှာ ထင်ရှားခဲ့ပါတယ်။

ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များစွာကိုလည်း ရေးသားပြုစုခဲ့သလို တက္ကသိုလ်ဝင်တန်းမှာ အမှတ်အများဆုံးရသူများကိုလည်း ဆွဲဆောင်ပြီး ရူပဗေဒပညာရပ်ကို အထူးပြုသင်ကြားစေခဲ့ပါတယ်။



မြန်မာနိုင်ငံ အဏုမြူသုတေသနလုပ်ငန်းအတွက် (IAEA, Austria)သို့ သွားရောက်ဆောင်ရွက်ခဲ့တဲ့အပြင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အပြည်ပြည်ဆိုင်ရာအဏုမြူအစည်းအဝေးသို့လည်း တက်ရောက်ခဲ့ပါတယ်။

**မြကျွန်းသာတက္ကသိုလ်**

ရန်ကုန်တက္ကသိုလ်ကို "မြကျွန်းသာတက္ကသိုလ်"လို့ တင်စားရအောင် တက္ကသိုလ်ကြီးတစ်ခုလုံးကို စိမ်းလန်းစိုပြည်ပြီး ပန်းပေါင်းဝေဆာ သာယာလှပနေအောင် ခုံတန်းကလေးများ၊ ကွံကော်ရိပ်များနဲ့ လှပနေအောင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ခဲ့တယ်။ Indoor. Outdoor အားကစားများအတွက် ပြည့်ပြည့်စုံစုံ ဖန်တီးပေးခြင်း၊ တတ်ကျွမ်းသော နည်းပြများနဲ့ စနစ်တကျ လေ့ကျင့်ပေးခြင်းတို့ကြောင့် မြန်မာနိုင်ငံရဲ့ ထူးချွန်အားကစားသမား အမြောက်အမြားကိုလည်း မွေးထုတ်ပေးခဲ့ပါတယ်။

၁၉၄၇ ခုနှစ် ရူပဗေဒပါမောက္ခဖြစ်တဲ့နှစ်မှာပဲ ဆရာခဟာ ဆရာမကြီး ဒေါ်ခင်စိုးတင် (Daw Ruby Kha)နှင့် ထိမ်းမြားလက်ထပ်ခဲ့ပြီး သား Dr.အုပ်စိုးခ၊ သမီးများဖြစ်ကြသော ဒေါ်မေမီခ၊ ဒေါ်မေသီခ၊ Dr.မြတ်မွန်ခတို့ကို ထွန်းကားခဲ့ပါတယ်။

ဆရာကြီးဒေါက်တာ မောင်မောင်ခဟာ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှာ ကွယ်လွန်ခဲ့ပါတယ်။ ဆရာကြီးကို ဂုဏ်ပြုရန်အတွက် နှစ်(၁၀၀)ပြည့် ကျင်းပရေး ကော်မတီကိုဖွဲ့စည်းပြီး ဆရာခကို ချစ်ခင်လေးစားသူများထံမှ အလှူငွေများ၊ ရန်ပုံငွေပွဲမှရရှိသော အမြတ်ငွေများနဲ့ အောက်ပါလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခဲ့ပါတယ်-

(၁) ဆရာခ ဆုချီးမြှင့်ခြင်း
(၂) ဆရာခ Website တင်ခြင်း
(၃) မွေးနေ့ရာပြည့်အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေခြင်း
(၄) ရူပဗေဒရှိ မြေကွက်လပ်တွင် မြက်ခင်းနှင့် ပန်းခြံ ပြုလုပ်ပြီး ကြေးရုပ်တုထားရှိခြင်း
(၅) ယခင် Museum အဟောင်းကို အသစ်လဲလှယ် မွမ်းမံပြင်ဆင်ခြင်း
(၆) တက္ကသိုလ် ကောလိပ်များတွင် ဆရာခအကြောင်း ဟောပြောခြင်း စတဲ့အလုပ်တွေကို လုပ်ဆောင်ခြင်းဖြစ်ပါတယ်။

**ငွေပဒေသာပင်လိုအပ်**

အထက်ပါလုပ်ငန်းများ ရေရှည်ထိန်းသိမ်းရန်အတွက် ငွေပဒေသာပင်တစ်ခု စိုက်ထူရန် လိုအပ်လျက်ရှိပါတယ်။

၂၀၁၇ နိုဝင်ဘာ ၂ ရက် ဆရာခ နှစ်(၁၀၀)ပြည့် မွေးနေ့တွင် ကြေးရုပ်တုနှင့် Museum ကို ဖွင့်လှစ်ရန် စီစဉ်ထားပြီး ဆရာခ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ဒုတိယပတ်တွင် စည်ကားစွာ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ။



# ကောလာဟလများအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ





## မပြီးဆုံးသေးတဲ့ တေလာဆွစ်နဲ့ ကတ်တီပါရီတို့ရဲ့ဇာတ်လမ်း

အမေရိကန်ပေါ့ပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ ကတ်တီပါရီနဲ့ တေလာဆွစ်တို့အကြား ဆက်ဆံရေးမပြေလည်ဘူးဆိုတာကို ဟောလိဝုဒ်ပရိသတ်တွေ သိထားပြီးဖြစ်ပါတယ်။ တစ်ချိန်က အရင်းနှီးဆုံးသူငယ်ချင်းတွေ ဖြစ်ခဲ့ကြပေမယ့် နောက်ပိုင်းမှာတော့ တစ်ဦးနဲ့တစ်ဦး အခေါ်အပြောတောင် မလုပ်နိုင်တော့ဘဲ တိုက်ခိုက်တာမျိုးတွေတောင်ရှိခဲ့တာကိုလည်း သိပြီးဖြစ်ကြမှာပါ။ လတ်တလောမှာတော့ သူတို့နှစ်ဦးအကြားက ဆိုးရွားတဲ့ ဆက်ဆံရေးကိုအကြောင်းပြုကာ ကတ်တီပါရီက သူအကဲဖြတ်ဒိုင်အဖြစ် ပါဝင်ဆောင်ရွက်နေတဲ့ သီချင်းဆိုပြိုင်ပွဲမှာ တေလာဆွစ်ရဲ့ တေးသီချင်းတွေနဲ့ အသံစစ်ဆေးခွင့်ကို ပိတ်ပင်ထားခဲ့ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့တယ်လို့ အော့စ်ရှုံးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပေါ့ပ်ကြယ်ပွင့် ကတ်တီပါရီက လက်ရှိမှာ သူအကဲဖြတ်ဒိုင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်နေတဲ့ “American Idol”သီချင်းဆိုပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြတဲ့ သူတွေကို အသံစစ်ဆေးရာမှာ တေလာဆွစ်ရဲ့ တေးသီချင်းတွေကို သီဆိုခွင့်မပြုတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီလိုတားမြစ်ခဲ့ရတဲ့အကြောင်းအရင်းနဲ့ပတ်သက်ပြီး အော့စ်ရှုံးဘစ်ဇ်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့ရာမှာတော့ ကတ်တီပါရီအနေနဲ့ "Look What You Made Me Do" တေးသံရှင်တေလာဆွစ်ကို မုန်းတာကြောင့်ဖြစ်ပြီး နောက်ထပ်အကြောင်းအရင်းတစ်ရပ်ကတော့ ပြိုင်ပွဲမှာ သူ့အပေါ်ကိုသာ ပရိသတ်တွေရဲ့ အာရုံစိုက်မှုရှိနေစေလိုတာဖြစ်ပြီး ပြိုင်ပွဲဝင်တွေကိုလည်း သူက ထိန်းချုပ်ထားလိုတာဖြစ်တယ်လို့လည်း သိရပါတယ်။

ကတ်တီပါရီနဲ့ တေလာဆွစ်တို့ဟာ တစ်ချိန်က အလွန်ခင်ခဲ့ကြတဲ့ သူငယ်ချင်းတွေဖြစ်ခဲ့ပေမယ့် တေလာဆွစ်ရဲ့ နောက်ခံအကအဖွဲ့ကို ကတ်တီပါရီက ခေါ်ယူခဲ့ပြီးတဲ့နောက် နှစ်ဦးအကြား မပြေလည်မှုတွေ စတင်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ တစ်ယောက်နဲ့တစ်ယောက် အခေါ်အပြောမရှိခဲ့ဘဲ တိုက်ခိုက်မှုတွေလည်း ရှိခဲ့တာတွေ့ရပါတယ်။ ယခုနှစ်အတွင်းမှာတော့ ကတ်တီပါရီဘက်က တေလာဆွစ်နဲ့ပတ်သက်တဲ့ အရာအားလုံးကိုမေ့ပစ်ကာ အစကနေပြန်စချင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပေမယ့် ဒီလိုပြောကြားခဲ့ချိန်ဟာ ကတ်တီပါရီအနေနဲ့ သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်ခဲ့တဲ့အချိန်နဲ့ တိုက်ဆိုင်နေတာကြောင့် တေလာဆွစ်ကတော့ ကတ်တီပါရီဟာ သူ့ရဲ့တေးသီချင်းသစ်တွေရောင်းအားတက်ဖို့အတွက် သူ့ကို အသုံးချခဲ့တာဖြစ်တယ်လို့သာ တုံ့ပြန်ခဲ့ကာ ကတ်တီပါရီရဲ့ တောင်းဆိုမှုတွေကိုတော့ လက်မခံခဲ့ဘူးလို့လည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်

## ရင်သွေးလေးလွယ်ထားရကြောင်းသတင်းတွေထွက်နေတဲ့ မက်ဂန်မာကယ်လ်

ဗြိတိန်တော်ဝင်မင်းသားတစ်ဦးဖြစ်တဲ့ ဟယ်ရီနဲ့ ချစ်သူတွေအဖြစ် လက်တွဲနေတဲ့ သရုပ်ဆောင်မင်းသမီး မက်ဂန်မာကယ်လ်ဟာ ဟယ်ရီနဲ့ရတဲ့ ရင်သွေးလေးကို လွယ်ထားရပြီဖြစ်ကြောင်း လတ်တလောမှာတော့ သတင်းတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဒီသတင်းတွေကိုတော့ တော်ဝင်အသိုင်းအဝိုင်းနဲ့ ရင်းနှီးသူတစ်ဦးက မီဒီယာစာမျက်နှာတွေပေါ်ကို သယ်ဆောင်လာခဲ့တာဖြစ်ပါတယ်။

မင်းသား ဟယ်ရီနဲ့ မက်ဂန်မာကယ်လ်တို့ဟာ စေ့စပ်ဖို့အတွက် လုပ်ဆောင်နေကြောင်း ပြီးခဲ့တဲ့ သီတင်းပတ်တွေအတွင်း သတင်းတွေ ထွက်ပေါ်လာခဲ့ပေမယ့် လက်ရှိအချိန်အထိတော့ တရားဝင်စေ့စပ်ကြောင်းလမ်းနိုင်ခြင်းတော့မရှိသေးပါဘူး။ လက်ရှိမှာတော့ “Suits”ရုပ်ရှင်ရဲ့ သရုပ်ဆောင်မင်းသမီး မက်ဂန်မာကယ်လ်ဟာ ရင်သွေးလေးလွယ်ထားရတာ သုံးလခန့်ရှိသွားပြီဖြစ်ကြောင်းလည်း သိရပါတယ်။ လတ်တလောမှာ အသက် (၃၃)နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသား ဟယ်ရီနဲ့ (၃၆)နှစ်အရွယ် မက်ဂန်မာကယ်တို့ စုံတွဲကတော့ သူတို့ရဲ့မိသားစုဘဝလေးကို အမြန်ဆုံးတည်ဆောက်လိုနေပြီလို့လည်း သိရပါတယ်။



## ဒရိတ်ခ်ရဲ့ ဇာတ်လမ်းသစ်က ဘယ်လာတဲ့လား

အချစ်ဇာတ်လမ်းနဲ့ပတ်သက်ပြီး သတင်းတွေ ထွက်မလာတာ အတော်ကြာခဲ့ပြီးတဲ့နောက် ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာတော့ အာရန်ဘီ တေးသံရှင် ဒရိတ်ခ်ရဲ့ အချစ်ဇာတ်လမ်းသစ်နဲ့ ပတ်သက်ပြီး သတင်းတွေထွက်လာခဲ့တာ ဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ သူနဲ့ သို့လောသို့လော သတင်းတွေထွက်လာခဲ့သူကတော့ ဗစ်တိုးရီးယားစီးကရက်ထ် မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဘယ်လာဟာ့ဒစ်ဒ်ပဲ ဖြစ်ပါတယ်။ လတ်တလောမှာ အသက် (၃၀) အရွယ်ရှိပြီဖြစ်တဲ့ ဒရိတ်ခ်နဲ့ ဘယ်လာဟာ့ဒစ်ဒ်တို့ဟာ ပြီးခဲ့တဲ့ ဇွန်လကတည်းက စတင်ပြီး ချိန်းဆိုတွေ့ဆုံမှုတွေရှိခဲ့တာဖြစ်ကြောင်း ပြီးခဲ့တဲ့ ဘယ်လာရဲ့ (၂၁)နှစ်ပြည့် မွေးနေ့ပါတီအပြီးမှာ သတင်းတွေ စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုဆိုရင် ချစ်သူသက်တမ်းလေးလလောက်တောင်ရှိနေပြီဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာတစ်ခုဖြစ်တဲ့ အော့စ်ရှုံးဘစ်ဇ်ဒေ့ါကွန်းက ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။





သူတို့နှစ်ဦးနဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းက ပေါ်ထွက်လာခဲ့တဲ့သတင်းတွေအရ သူတို့နှစ်ဦးဟာ ယခုလအစပိုင်းမှာ ကျင်းပခဲ့တဲ့ ဘယ်လာရဲ့ မွေးနေ့ပါတီပွဲကို အတူဆင်နွှဲကြပြီး နှစ်ဦးသားချိန်းဆိုတွေ့ဆုံကာ မကြာခဏဆိုသလို ညစာအတူစားလေ့ရှိကြောင်းလည်း သိရပါတယ်။ ဒါ့အပြင် ဘယ်လာနဲ့ ဒရိတ်ခ်တို့ဟာ ဘယ်လာအနေနဲ့ ချစ်သူဟောင်း သယ်ဝိခ်ကန်းဒ်နဲ့ လမ်းမခွဲမီကပင် တွေ့ဆုံခဲ့ဖူးပြီး ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ဘယ်လာနဲ့ သယ်ဝိခ်ကန်းဒ်တို့ လမ်းခွဲခဲ့ကြပြီးနောက် ဒရိတ်ခ်နဲ့ ဘယ်လာတို့ပိုမိုရင်းနှီးလာကာ ဒရိတ်ခ်က ဘယ်လာကို လက်ဆောင်တွေနဲ့အတူ ပိုးပန်းခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

နောက်ပိုင်းမှာတော့ နှစ်ဦးသားတွေ့ဆုံမှုတွေရှိလာခဲ့ပြီး နှစ်ဦးအကြားဆက်ဆံရေးဟာ ပိုမိုခိုင်မာလာခဲ့ပေမယ့် ဘယ်လာက သူ့ရဲ့ အချစ်ရေးကို ဖုံးကွယ်ထားလိုတာဖြစ်ပါတယ်။ ယခင်က သယ်ဝိခ်ကန်းဒ်နဲ့ ပေါ်ပေါ်ထင်ထင် လက်တွဲခဲ့ပြီးနောက် လမ်းခွဲခဲ့ချိန်မှာ သယ်ဝိခ်ကန်းဒ်က ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်နဲ့ လက်တွဲခဲ့ရာမှာတော့ သူ့အနေနဲ့ ခံစားခဲ့ရတာကြောင့် ဒီတစ်ကြိမ်မှာ လျှို့ဝှက်ထားချင်တာဖြစ်ကြောင်းလည်း သိရပါတယ်။

တစ်ချိန်တည်းမှာပဲ အခြားသော သတင်းရင်းမြစ်တစ်ဦးကတော့ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြတယ်ဆိုတာ မဟုတ်ကြောင်းပြောကြားခဲ့ပြီး ဘယ်လာရဲ့ မိခင်ရိုလန်ဒါဟာ့ဒစ်ဒ်ကလည်း ဘယ်လာနဲ့ ဒရိတ်ခ်နဲ့ ချစ်သူတွေအဖြစ် လက်တွဲနေတယ်ဆိုတာ မဟုတ်မှန်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

## The X Factor စင်မြင့်ပေါ် ပြန်လည်တက်လှမ်းမယ့် လီယမ်ပိန်း

ဗြိတိန်ရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “ The X Factor”ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ လီယမ်ပိန်းဟာ အခြားသောအဖွဲ့ဝင်တွေကဲ့သို့ အဖွဲ့လိုက်တေးဂီတလှုပ်ရှားမှုတွေကို ရပ်နားလိုက်ပြီးတဲ့နောက် တစ်ကိုယ်တော်တေးသီချင်းတွေကို သီဆိုထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ဒီလိုတစ်ကိုယ်တော်တေးသံရှင်အဖြစ် ရပ်တည်လာခဲ့တဲ့ လီယမ်ဟာ မကြာမီမှာ “ The X Factor” ပြိုင်ပွဲကြီးရဲ့ ဖျော်ဖြေရေးစင်မြင့်ပေါ်ကို ပြန်လည်တက်လှမ်းတော့မှာဖြစ်တယ်လို့ မေရာဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လီယမ်က သူနဲ့အတူနေချစ်သူ ချယ်ရီကိုးလ်နဲ့အတူ “The X Factor”ကို ပြန်လည်ခြေလှမ်းလာခဲ့တာဖြစ်ပြီး ချယ်ရီကတော့ ယင်းပြိုင်ပွဲကြီးရဲ့ အကဲဖြတ်ဒိုင်တစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ပါတယ်။ လီယမ်ကတော့ မကြာသေးမီက ထွက်ရှိထားတဲ့ သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “Bedroom Floor”ကို သီဆိုဖျော်ဖြေသွားမှာလည်း ဖြစ်ပါတယ်။ ဒီအကြောင်းတွေကို လီယမ်ပိန်းက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ပါတယ်။



# ဝမ်းမြောက်ဂုဏ်ယူခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့်
General Aung San Shield 2017 နှစ်ထွက်ဘောလုံးပြိုင်ပွဲနှင့် MNL MAX CEMENT 2017 အမှတ်ပေး
ဘောလုံးပြိုင်ပွဲများတွင် ချန်ပီယံဆုဖလားများ ဆွတ်ခူးရရှိခဲ့သော ရှမ်းပြည်နယ်ကိုယ်စားပြု
ရှမ်းယူနိုက်တက်အသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီနှင့်
ကလပ်အသင်းအားလုံးက ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း။




Myanmar
AYA Bank
MWD
AMI




MAX CEMENT

## နည်းပညာတက္ကသိုလ် (မှော်ဘီ) ၊ မြို့ပြအင်ဂျင်နီယာဘာသာရပ် ကျောင်းသူ/သားဟောင်းများ၏ သတ္တမအကြိမ်မြောက် ဆရာကန်တော့ပွဲပြုလုပ်ရန်အတွက်အလှူငွေကောက်ခံခြင်း

နည်းပညာတက္ကသိုလ် ( မှော်ဘီ ) ၊ မြို့ပြအင်ဂျင်နီယာဘာသာရပ် ကျောင်းသူ/သားဟောင်းများ၏ သတ္တမအကြိမ် ဆရာကန်တော့ပွဲအား ဒီဇင်ဘာလ(၉)ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အောက်ဖော်ပြပါ သူငယ်ချင်းများထံတွင် အလှူငွေများဆက်သွယ် လှူဒါန်းနိုင်ပါရန် လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။

နေ့ရက် - ၉-၁၂-၂၀၁၇ ရက် (စနေနေ့)

| | | | |
|---|---|---|---|
| မပင်းမွန်မွန်လွင် | ဖုန်း-၀၉-၅၁၂၉၃၆၉ | ကိုကျော်ညီညီလွင် | ဖုန်း-၀၉-၇၃၂၀၆၆၀၂ |
| မတင်သူဇာဝင်း | ဖုန်း-၀၉-၂၆၂၁၆၁၆၀ | မဒီအိလွင် | ဖုန်း-+၆၅၉၄၂၄၄၇၈၅ |
| မဟင့်ဖူးသော် | ဖုန်း-၀၉-၅၀၃၉၅၈၃ | မမေစန္ဒာ | ဖုန်း-+၆၅၉၇၂၇၅၇၅၅ |
| ကိုအောင်မြတ်သိန်း | ဖုန်း-၀၉-၅၃၅၈၈၄၃ | ကိုသန်းထိုက်အောင် | ဖုန်း-+၆၅၉၁၀၆၈၉၄၆ |
| ကိုဖြိုးဟေမာန် | ဖုန်း-၀၉-၅၁၆၁၂၇၆ | ကိုစည်သူ | ဖုန်း-၀၉-၄၂၀၀၄၃၁၆၅ |
| မမေထူးကျော် | ဖုန်း-၀၉-၂၅၀၃၇၆၀၁၂<br>၀၉-၇၉၉၇၀၁၉၉၆ | ကိုရဲပင်အောင် | ဖုန်း-၀၉-၇၈၃၀၀၀၀၈၃ |
| ကိုအောင်ကိုမြင့် | ဖုန်း-၀၉-၅၅၀၆၀၂၅<br>၀၉-၇၈၅၅၀၆၀၂၅ | | |

**ရတီဖူး** Ph:09-250147247, 09-774438366

ပြင်ဦးလွင်၊လားရှိုး၊ဟော်နန်း၊သီပေါ ဂုတ်တွင်း၊ရွှေနတ်တောင်၊ရေတံခွန် မန္တလေး၊ပြင်ဦးလွင်(၁၇)မိုင်ကမ်းခြေ တောင်ကြီး၊အင်းလေး၊လှိုင်ကော် ရှင်သီဝလိခြေတော်ရာစမ်းလဲရေတံခွန်(၁၅)မိုင်ဘုရား ခရီးစဉ်အားလုံးစား/တည်း/ငြိမ်း

## သုံးရာသီ-ဝမ္မဒါန

တောင်ကြီးတန်ဆောင်တိုင် – မီးပုံးပျံပွဲ

လှိုင်ကော်၊ ထီးဆဲခါးရေတံခွန်၊ တောင်ကွဲစေတီ (၁)ဦးထမင်းကျွေး-ကား၁=၆၅၀၀၀ိ/- Nov- 2

ပုဂံ၊ ပုပ္ပါး စွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်၊ ပခုက္ကူ သိဟိုရင် (၁)ဦးထမင်းကျွေး-၄၀၀၀၀ိ/- Nov- 2

ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီစက်စဲ၊ ဘုရားစုံဖူး။ ကားအမျိုးမျိုးငှားသည်။

420144148, 421153797

## ဒီနု ဗုဒ္ဓဂယာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ

**အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၅ ရက်)** 850 USD + ၅၀၀၀၀ိ/-

ထွက်ခွာမည့်နေ့ရက်များ – နိုဝင်ဘာ ၆ ၊ ၁၃ ၊ ၂၁ ၊ ၂၇၊ ဒီဇင်ဘာ ၁၁ ၊ ၁၉*၊ ဇန်နဝါရီ ၈* ၊ ၁၅* ၊ ၂၃* ၊ ၂၉၊ ဖေဖော်ဝါရီ ၅ ၊ ၁၂ ၊ ၁၉ ၊ ၂၆၊ မတ် ၅ ၊ ၁၂ ၊ ၁၉ ၊ ၂၆၊ ဧပြီ ၂ ၊ ၃၊

(* ဖော်ပြထားသော ဆောင်းရာသီခရီးစဉ်များကို ၅၀၀၀၀ိ / - လျှော့ပေးပါသည်။)

**အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၈ ရက်)** 1000 USD + ၅၀၀၀၀ိ/-

ထွက်ခွာမည့်နေ့ရက်များ – နိုဝင်ဘာ ၃၊ ဒီဇင်ဘာ ၄၊ ဇန်နဝါရီ ၁၊ ဖေဖော်ဝါရီ ၆ ၊ မတ် ၅၊ ဧပြီ ၁၀ ၊ ၁၃၊ (ဟိုတယ်တည်း)

**သီရိလင်္ကာ / ထိုင်း ဘုရားဖူးခရီးစဉ် (၆ ညအိပ် / ၇ ရက်)** 1350 USD

သက်တမ်းရှိနိုင်ငံကူးလက်မှတ်လက်ဝယ်ကိုင်ဆောင်ထားသူများကို အထက်ပါဈေးနှုန်းအတိုင်း ပို့ဆောင်ပေးပါသည်။

ဒီနု ဘုရားဖူးအဖွဲ့ – အမှတ်(၂၅)၊အခန်းအမှတ်(၃၀၃)၊တတိယထပ်၊ဓါတ်လှေကားအမှတ်(၂)၊ယုဇနစီးပွားရေးဇာတ်၊မြွေဇေတီလမ်း၊စမ်းချောင်း။ ဖုန်း – 536348 , 537707 , 537708 , 09 500 1763 , 09 501 3727 , 09 256174414 , 09 516 4664

မဈေးမြေသောသာသနာပြုအဖွဲ့ – အမှတ်(၁၃/က)၊ငါးထပ်ကြီးဘုရားလမ်း၊၀တန်း၊၊ရန်ကုန်။ ဖုန်း – 545215, 545216 , 555173

မန္တလေးရုံးခွဲ – (I-6)၊ရတနာမန္တလေးအိမ်ရာ၊လမ်း၆၀၊၃၁×၃၂ကြား၊ပြည်ကြီးမျက်ရှင်ရပ်၊မန္တလေး။ဖုန်း–09 402 64 8989, 09 5300305

## အလွန်ရှားပါးအဖိုးတန် မှိုမျိုးစိတ်တစ်မျိုးဖြစ်သည့်အပြင် ဖြည့်စွက်အာဟာရအဖြစ်သာမက ဆေးဝါးအဖြစ်ပါအသုံးဝင်သော...




# ဆေးဖက်ဝင်ပိုးဆေးနွယ်ရှင်

### ဒေါက်တာခင်မောင်လွင် (FAME)

မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်ရှိ ရေခဲတောင်များတွင် သဘာဝအလျောက် ဖြစ်ပေါ်လာသော "ပိုးဆေးနွယ်ရှင်" (ဒေသအခေါ် 'ရှီးပတီး') ၏ စတင်ဖြစ်ပေါ်လာပုံမှ အစပြု၍ ပျောက်ကင်းသက်သာစေနိုင်သော ရောဂါများအကြောင်းကို စာဖတ်သူတို့ ရှင်းလင်းလွယ်ကူစွာဖတ်ရှုနိုင်ရန် အသေးစိတ်ရေးသား ဖော်ပြထားပါသည်။

Ks 5,000

Ph: 09-965 559 860, 01-3682 199, 3685 083, 3685 609

## Holiday
Car Rental Service

ရန်ကုန်မြို့တွင်း/နယ်ဝေး ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။

ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

Ph: 09-5111235, 09-420077975



ဘုန်းကညာနစ်ပါး၊ လူရိုင်းကျွန်း ဘောဘောကထော် တို့ကို ရေးသားခဲ့သော ဇော်မင်း ဒဂုံမြောက်၏ လုံးချင်းဝတ္ထု

09-767665796 ထွက်ပြီ


## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)18/MR (ML/ISN) | Dead Man Control Unit (74-Nos) ဝယ်ယူရန် |
| ၂ | ၆၄/မမ/(S&T) | ဆက်သွယ်ရေးပစ္စည်း(၂)မျိုး Drop Wire (50-Coil) နှင့် UHF Transceiver (Hand Held )(20-Nos) ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - ၂၉.၁၁.၂၀၁၇ (ဗုဒ္ဓဟူးနေ့)(၁၄ း ၃၀)နာရီ

၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာန တွင် (၃၀.၁၀.၂၀၁၇) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291985, 291994




## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၁-၉-၂၀၁၇** ရက်နေ့မှ စတင်၍ **၂၅-၁၁-၂၀၁၇** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၉-၁၂-၂၀၁၇** မှ **၃၀-၁၂-၂၀၁၇** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၄၀၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၄၅၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၅၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**FORWARD (YGN)** Travel & Tour Co., Ltd

ချောင်းသာ/ငွေဆောင် Package စီစဉ်ပေးသည်။
- ကျိုက်ထီးရိုးဆံတော်ရှင်၊ ဆောင်နိုင်ကြီးရေတံခွန် (နေ့ချင်းပြန်-စရိတ်ငြိမ်း)(စနေ၊ တနင်္ဂနွေ)
- ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ(၃)ရက်
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရွှေ(၄)ရက်
- မြဝတီ၊ မဲဆောက်၊ ဘားအံ (၃)ရက်

အပတ်စဉ်-သောကြာ
ကားမျိုးစုံစင်းလုံးငှား စီစဉ်ပေးသည်။

ခရီးစဉ်တိုင်း အဆင့်မြင့် ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး
အားလုံးစရိတ်ငြိမ်း လမ်းခရီးတွင် မည်သည့်စရိတ်မှ ထပ်မံပေးဆောင်ရန်မလို

09259259180, 09259259181, 09259259182

**မိုးမြင့်ကြယ်**

| | | |
|---|---|---|
| ကျိုက်ထီးရိုး | (နေ့စဉ်/ငြိမ်း) | 33000 |
| ချောင်းသာ | (Guest - ငြိမ်း) | 35000 |
| | (နေ့စဉ်) (Hotel - ငြိမ်း) | 40000 |
| ငွေဆောင် | (Hotel - ငြိမ်း) | 50000 |
| | (နေ့စဉ်) (Hotel+ကား) | 40000 |
| ပုဂံ၊ ပုပ္ပါး စွယ်တော်လေးဆူ | (Hotel - ငြိမ်း) | 100000 |

ကားမျိုးစုံစင်းလုံးငှားဆောင်ရွက်ပေးသည်၊
09-5093704, 09-450012971
01-549380

# Ever Clean Travel & Tour

| | | |
|---|---|---|
| * ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး | (၃ည ၄ရက်) | Nov-2-10, Dec-15-22-29 |
| * မြဝတီ-မဲဆောက် | (၃ည ၄ရက်) | Nov-2-10, Dec-15-22-29 |
| * တောင်ကြီး-အင်းလေး-ပင်းတယ-ကလော | (၄ည ၅ရက်) | Nov-2-10, Dec-15-22-29 |
| * ကလော(Trekking)မိန်းမရဲတောင်၊ မြသပိတ်ရေပြာအိုင် | (၄ည ၅ရက်) | Nov-2-10, Dec-15-22-29 |
| * လွိုင်ကော်-ပန်ပက်-ဒီမောဆို-ထီးစဲခါးရေတံခွန် | (၄ည ၅ရက်) | Nov-2-10, Dec-15-22-29 |
| * ထားဝယ်-(ရှင်ကိုးရှင်)-မောင်းမကန်ကမ်းခြေ | (၄ည ၅ရက်) | Nov-10, Dec-29 |
| * မော်လမြိုင်-ကျိုက္ကမီ-စက်ခဲ | (နေ့ချင်းပြန်) | Oct - 28, Nov-18-25 |
| * ဘားအံ-ဂူ(၅)ဂူ-ချစ်သူ့မြိုင် | (နေ့ချင်းပြန်) | Oct - 28, Nov-18-25 |
| * ဘားအံ တောင်ဝိုင်းတောင်၊ ချစ်သူ့မြိုင်စရီးစဉ် | (နေ့ချင်းပြန်) | Oct - 28, Nov-18-25 |
| * တောင်ငူ-သံတောင်ကြီး-ဖိုးကျားဆင်စခန်း | (နေ့ချင်းပြန်) | Oct - 28, Nov-18-25 |
| * ဆောင်နိုင်ကြီးရေတံခွန်-ကျိုက်ပေါလောမ့်ရှင်-စိမ်းလဲ့တင် | (နေ့ချင်းပြန်) | Oct - 28, Nov-18-25 |

ကားစင်းလုံးငှားရမ်းနိုင်သည်။

09-33886666, 09-795185522

**NAY LIN AUNG**
FINANCE & ACCOUNTANCY ACADEMY

# LCCI (UK) Level I,II & III

၁-၁၁-၂၀၁၇ မှစတင်ပြီး ခုံနံပါတ်ကြိုတင်ယူပြီး ကျောင်းအပ်နိုင်ပါပြီ။

FOR JULY 2018 EXAM

Nay Lin Aung Finance & Accountancy Academy

အမှတ် - (၁၈, 3A - 6 B) ဦးထွန်းလင်းခြံလမ်း၊ (Giordano ဆိုင်အနီး)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၁ - ၅၀၄၇၃၇၊ ၅၁၂၉၀၀၊ ၅၁၄၁၀၂၊ ၀၉ ၄၅၀၀၂၂၆၄၆၊ ၀၉ ၅၁၇၀၁၀၅၊ ၀၉ ၄၄၂၂၉၉၆၆၅
တာမွေကျောင်း - ၀၁ ၅၅၆၄၂၅၊ ၀၉ ၃၀၁၆၇၂၇၂၊ ၀၉ ၉၇၁၄၉၀၃၀၃

# မြဝတီခရီးသွားလုပ်ငန်း (ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့)

**15 / Nov အထူးခရီးစဉ် ( စရံ ၂သိန်း + USD 625)**
သံဝေဇနီယလေးဌာန, အဝိဇဟိတသုံးဌာန (၁၀)ညအိပ်/(၁၁)ရက်ခရီးစဉ်

**( 6Dec, 23Dec / 17Jan / 7Feb, 28Feb / 21Mar ) ( စရံ ၂သိန်း + USD 700)**
သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန+နယူးဒေလီ ဟိုတယ်(၁)ည (၁၄)ညအိပ်/(၁၅)ရက်ခရီးစဉ်

ကုမ္ပဏီများ၊ အသင်းအဖွဲ့စည်းများအတွက်(၁၆)ယောက်နှင့်အထက်ဖြစ်ပါက အထူးလျှော့ဈေးဖြင့် သီးခြားစီစဉ်ပေးပါမည်။
ဝါရင့် Tour Leader များ၏အထူးစောက်ရှောက်မှုဖြင့် လုံခြုံနွေးထွေးစွာ ဘုရားဖူးလည်ပတ်နိုင်မည်ဖြစ်ပါသည်။

| | |
|---|---|
| ဖုန်း | -၀၁ ၂၅၁၂၂၂၉၊ ၂၄၁၀၁၀၊ ၂၅၂၈၆၉၊ ၀၉၉၆၃၂၀၃၃၆၃၊ ၀၉၂၅၀၇၇၂၉၁၄ |
| ရုံးချုပ်လိပ်စာ | -အမှတ်(၄၄၊၄၅/A၊၄၅/B)၊ ဒုတိယထပ်၊ Classic Strand Condominium၊ ကုန်ဈေးတန်းလမ်းနှင့်ကမ်းနားလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မန္တလေးရုံးခွဲ | - ဦးအောင်မင်း (၀၉၇၈၃၅၀၃၀၇၅၊ ၀၉၂၀၃၈၃၀၇)၊ A/5၊ ပြည့်ဖြိုးမန္တလာအိမ်ယာ၊ စစ်ကိုင်း-မန္တလေးလမ်း |
| မော်လမြိုင်ရုံးခွဲ | - ဦးကျော်စိုး (၀၉၄၉၈၀၀၂၈၆၊ ၀၉၇၈၀၀၁၈၄၄၂)၊ အမှတ်(၄၁)၊ ဗိုလ်ချုပ်လမ်း၊ မြိုင်သာယာလမ်း |

**မဒီ** တန် ဆောင်မုန်းလပြည့်အထူးခရီးစဉ်
ပဲခူးတိုင်း၊ ပဲခူးမြို့အထင်ကရတန်ခိုးကြီးဘုရား(၉)ဆူဖူးမျှော်မည်
ဒေးစွန်းပါတောင်တော်၊ တန်းဆောင်မုန်းလပြည့်ဆေးပေါင်းခပွဲ
၃.၁၁.၂၀၁၇(သောကြာနေ့) စားရိတ်ငြိမ်း–၁၅၀၀၀ ကျပ်
ဖုန်း–၀၉.၄၂၁၀၀၁၈၅၊ ၀၉.၇၇၆၃၅၆၅၇၄၊ ၀၉.၂၅၁၁၆၅၄၈၅

**ဦးမင်းဇော် (သချာ) B.E (Civil) ၏**
(၁၀)တန်းဘာသာစုံအောင်ပွဲဝင်တန်းခွဲသစ်
နိုဝင်ဘာ (၁) ရက်နေ့စမည်။ Air-Con စာသင်ခန်းမ
လစဉ်ကြေး (၁၂၀၀၀၀) (Guide ပါပြီး)
အမှတ် (၆၅)၊ ရေကျော်လမ်း၊ ပုဇွန်တောင်။ ဖုန်း – ၀၉–၄၂၁၀၆၆၅၄၅

လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
**ဆရာမိုး** Follow Me Ph.D (USA) **IELTS** တန်းခွဲသစ် လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
**Universal Institute of ESL (USA) မှ Certificate ချီးမြှင့်သည့်**
**ENGLISH 4 SKILLS Level (1,2) ၊၄၊လ နှင့်**
ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ချိန်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်းတက်၍ တက်သူတိုင်းတတ်ကုန်ကြပြီ။ တန်းခွဲသစ်များ Nov 4 စမည်။
**4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။**
ရည်မှန်းချက် ကြီးမားစွာဖြင့် အင်္ဂလိပ်သဒ္ဒါနှင့် အင်္ဂလိပ်စာအရေးအသားကို အဆင့်မြင့်မြင့် တတ်မြောက်ထားချင်သူများအတွက်
အထူးစီစဉ်ဖွင့်လှစ်ပေးသည့် **Advanced English Grammar & Writing** ၊၅၊လ အထူး
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျက်
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ **SPEAKING** သီးသန့် ၊၄၊လ အတတ် လက်ခံပြီ။
**4 Skills Band 7** နှင့်အထက် ရအောင် သင်ပေးမည့် **IELTS** ၊၄၊လ အထူး လက်ခံပြီ။
**ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။**
အင်း၀ အမှတ် ၁၈၊ ၅–လွှာ၊ စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ 0943125393
ဝိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ်၊ ကုန်သည်လမ်း(၄၄–လမ်းထိပ်)။ 01 8398118,295798

22nd ANNIVERSARY CELEBRATING

# MYITTAR OO
## Eye Hospital

မေတ္တာဦးမျက်စိဆေးရုံ၏ ၂၂-နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့်
ရဟန်းရှင်လူမိဘပြည်သူများအား မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့်
မျက်စိကျန်းမာရေးစစ်ဆေးပေးခြင်း၊ မျက်မှန်ပါဝါစမ်းသပ်ပေးခြင်းတို့ကို ကုသိုလ်ဖြစ်အခမဲ့
ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မျက်စိစမ်းသပ်ခ FREE

မျက်မှန် / မျက်ကပ်မှန် up to 30% off

GIFTS

ပါဝါမျက်မှန် ဝယ်ယူသူတိုင်းအတွက် မေတ္တာလက်ဆောင်များ
နေ့စွဲ - ၂၀၁၇၊ နိုဝင်ဘာလ(၁၊၂)ရက် / အချိန် - နံနက် ၉နာရီ မှ ည ၇နာရီ အထိ
**မေတ္တာဦးဆေးရုံ**၊ အမှတ် (၄၉၉)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ၀၁-၅၂၇၃၈၁၊ ၀၁-၅၃၄၂၈၁၊ ၀၁-၅၃၇၉၇၅


MPT
ရွှေ့သို့လှမ်းချီမြန်မာပြည်
ရွှေစကား
၁မိနစ် ၁၀/-
*234*4#
ရွှေစကားအစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁ မိနစ်လျှင် ၁၀ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာညိုညိုကြိုင်
## အသက်(၆၃)နှစ်

**M.B.B.S(Mdy),M.Med.Sc(PH), MPH(USA)**

**Country Technical Coordinator, Malaria Consortium, Yangon**

**Retired Regional Advisor for Tobacco Free Initiative,WHO,SEARO**

ဒေါက်တာညိုညိုကြိုင်သည် ၂၉-၁၀-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ပြည်သူ့ကျန်းမာရေးကဏ္ဍ၌ ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ပြည်သူ့ကျန်းမာရေးကဏ္ဍဆောင်ရွက်မှုလုပ်ငန်းများတွင် အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် အခြေခံကောင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းနှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာရုံးတွင် ကျွမ်းကျင်မှုဆိုင်ရာ အကြံပေးခြင်းများကို ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့ပါသည်။ ဒေါက်တာညိုညိုကြိုင် ကွယ်လွန်မှုအတွက် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး**
**အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဒေါ်ညိုညိုကြိုင်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
## အသက်(၆၃)နှစ်

ဒေါက်တာဒေါ်ညိုညိုကြိုင် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)သည် ၂၉-၁၀-၂၀၁၇ရက် နံနက်၇း၄၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**(ပြည်သူ့ကျန်းမာရေးဦးစီးဌာန)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးပြည်စိုး အသက်(၅၂)နှစ်
**ကောင်စစ်ဝန်ချုပ်၊ ကိုလ်ကတ္တားမြို့၊ အိန္ဒိယသမ္မတနိုင်ငံ**

အိန္ဒိယသမ္မတနိုင်ငံ၊ ကော်လ်တက္ကားမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးပြည်စိုးသည် ၂၇-၁၀-၂၀၁၇ ရက် (သောကြာနေ့) ဒေသစံတော်ချိန် နံနက် ၁၁း၀၀နာရီတွင် တာဝန်ထမ်းဆောင်စဉ် ရုတ်တရက် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် အတူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းမိသားစုများ**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးပြည်စိုး
**ကောင်စစ်ဝန်ချုပ်၊ ကိုလ်ကတ္တားမြို့၊**
**အိန္ဒိယနိုင်ငံ၊ မြန်မာသံရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန**
## အသက်(၅၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ ရုံးတော်ရပ်ကွက်၊ အမှတ်(၅)နေ ဗိုလ်မှူးချုပ်ခင်စိုး (ရေ-ငြိမ်း)၊ သံအမတ်ကြီး(ငြိမ်း)-ဒေါ်ကြင်မူ တို့၏ သား၊ ဒေါက်တာဒေါ်ညိုညိုအောင်၏ ချစ်လှစွာသော ခင်ပွန်း၊ မလွင်ရတီစိုး၊ မောင်အလက်ာစိုး၊ မဖူးဟေမာန်စိုး တို့၏ ချစ်လှစွာသော ဖခင်သည် ၂၇-၁၀-၂၀၁၇ (သောကြာနေ့) ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် အိန္ဒိယနိုင်ငံ၊ ဂျာတ်ခန်ပြည်နယ်၊ ဂရီဒစ်ဒေသ၌ ကွယ်လွန်သွားပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လစဉ်ဆုံစည်းနေကြအငြိမ်းစားသံအမတ်ကြီးများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးပြည်စိုး
**ကောင်စစ်ဝန်ချုပ်**
**ကိုလ်ကတ္တားမြို့**
## အသက်(၅၂)နှစ်

ကိုပြည်စိုး ရုတ်တရက်ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် မိုးမိုးအတွက်လည်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**မိုးကျော်အောင်-နီလာနှင့် မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဖြူဖြူမြင့် (သံတွဲ)
## အသက်(၄၆)နှစ်

**Director (KTK Electrical Engineering Co.,Ltd)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ စံပယ်လမ်း၊ အမှတ်(၁၁၁)နေ ဦးကျော်သိန်းခိုင် (MD, KTK Electrical Engineering Co.,Ltd) ၏ ဇနီး၊ မမြတ်ကေခိုင် (Grade-5-D.YIS)၏ မိခင်သည် ၂၈-၁၀-၂၀၁၇ ရက် (စနေနေ့)တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ယူကျုံးမရဝမ်းနည်းကြေကွဲရပါသည်။

**ဦးသောင်းတင့်နှင့် ညီအစ်ကိုများ**
**ကြယ်ငါးပွင့်ဆီစက်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဖြူဖြူမြင့် (သံတွဲ)
## အသက်(၄၆)နှစ်

**Director (KTK Electrical Engineering Co.,Ltd)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ စံပယ်လမ်း၊ အမှတ်(၁၁၁)နေ ဦးကျော်သိန်းခိုင် (MD, KTK Electrical Engineering Co.,Ltd) ၏ ဇနီး၊ မမြတ်ကေခိုင်(Grade-5-D.YIS)၏ မိခင်သည် ၂၈-၁၀-၂၀၁၇ရက်(စနေနေ့)တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

First Top Group Co.,Ltd
Kyun Shwe War Co.,Ltd.

---

# အာနိစ္စ

## ဦးလှဇော်
## အသက်(၅၇)နှစ်
**ရှုပဗေဒ ကျောင်းသားဟောင်း**
**(ရန်ကုန်တက္ကသိုလ်)**
**1979 R.C.2**
**ခြေလျင်တောင်တက်အသင်းသား**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈၂၉)၊ လေးလွှာ၊ ဈေးဘုတာ(၃)လမ်း၊ (၁)ရပ်ကွက်၊ သမိုင်းနေ (ဗိုလ်ကြီးလှရွှေ)-ဒေါ်ခင်စိန် တို့၏ သားငယ်(ဦးကြိုင်)၊ ဒေါ်ဂျိုးတို့၏ သားသမက်၊ ဒေါ်ခင်လေးမြင့် (အမက-၃၉၊ လှိုင်သာယာမြို့နယ်၊ အလယ်တန်းပြ-ဆရာမ)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်ဇော်) - ဒေါ်ခင်မာလာရွှေ၊ ဦးဝင်းဇော်မိုး - ဒေါ်ကြင်ကြင်ဝင်း၊ ဦးဝင်းဦး-ဒေါ်ကြူကြူမော် တို့၏ ညီ/မောင်၊ ဦးတင်မြင့်ဦး-ဒေါ်နီလာရွှေတို့၏အစ်ကို ဦးလှဇော်သည် ၃၀-၁၀-၂၀၁၇ ရက် နံနက် ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ပုလောမြို့နယ်အသင်း (ရန်ကုန်)
## မသန်းသန်းဆင့် (ပုလောမြို့)
## အသက်(၅၀)
**အသင်းဝင်အမှတ်-၂၅၁၀**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃) ရပ်ကွက်၊ မြေနီကုန်းလမ်းနေ ဦးသိန်းထိုက်၏ဇနီးသည် ၂၉-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

---

## ဒေါ်အေးအေးခိုင်
**B.Com (CPA)**
**93, Eco (ဟင်္သာတ)**
## အသက် (၄၉)နှစ်

ဟင်္သာတမြို့နေ (ဦးသန်းကျော်အောင်)-ဒေါ်တင်လှိုင်တို့၏ သမီးထွေးမ၊ (ဦးခင်မောင်တင့်-ဒေါ်ရင်ရင်မြ)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ် (၂၃၁) A၊ ခ(၇)လမ်း၊ မြို့သစ် (က+ခ) ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဦးအောင်ကျော်ဆန်း၏ဇနီး၊ မောင်သီဟအောင် (တတိယနှစ်၊ YUFL)၊ မပိုးအိမ်ချယ် (ပဥ္စမတန်း၊ အထက-၂၊ ဒဂုံ)တို့၏ မွေးသမိခင် မသီတာဦး၊ မောင်အောင်ကျော်မြင့်တို့၏ အစ်မသည် ၃၀-၁၀-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၁-၂၀၁၇ရက်တွင် ရက်လည်ဆွမ်းကျွေးတရာတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မိမိနိုင်
## အသက်(၄၆)နှစ်

မော်လမြိုင်မြို့၊ ရတနာလမ်း၊ အမှတ်(၁၅)နေ ဦးယုထိန်-ဒေါ်သီသီတို့၏ သမီးကြီး၊ ဦးငွေတင်-ဒေါ်အန်ကူးတို့၏ သမီးချွေးမ၊ ဦးဆန်းဦး၏ ဇနီး၊ ဦးထွန်းထွန်းဦး-ဒေါ်မိမိသိမ့်၊ ဦးခင်မောင်သန်း-ဒေါ်ဖြူဖြူထက်၊ ဦးထွန်းလင်းဝင်း-ဒေါ်နီနီထက်၊ ဦးစန်းယု-ဒေါ်သဇင်ဝင်း၊ ဒေါ်ဆွေဆွေယုတို့၏ အစ်မ၊ မနှင်းအဥ္ဇလီ၏ မွေးသမိခင်၊ တူ/တူမနှစ်ယောက်တို့၏ ကြီးတော်သည် ၂၉-၁၀-၂၀၁၇(တနင်္ဂနွေနေ့) ည ၁၀း၄၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၁၇(စနေနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်အုံးကြည်(ဆည်မြောင်း-ငြိမ်း)
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သဇင်မင်းအိမ်ရာ၊ တိုက်အမှတ်-(စီ)၊ အခန်းအမှတ်(၀၀၁)နေ(ဦးနန္ဒ-ဒေါ်အေးဖောင်)တို့၏သမီး၊ [ဦးလှိုင်ကြည် (ဒဂုံမြို့နယ်၊ ပြည်သူ့ကောင်စီအတွင်းရေးမှူး -ငြိမ်း၊ ဗဟိုဆေးသိုလှောင်ရေး-ငြိမ်း)]၏ ချစ်လှစွာသော ဇနီး၊ ဦးအောင်နိုင်ဦး-ဒေါ်သဇင်မြင့်၊ ဦးသန်း နိုင်ဦး-ဒေါ်သွယ်သွယ်ဦး၊ ဦးကျော်သူကောင်း-ဒေါ်ခိုင်ခိုင်ကြည်တို့၏ ချစ်လှစွာသော မိခင်၊ မြေးလေးယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၉-၁၀-၂၀၁၇(တနင်္ဂနွေနေ့)၊ ညနေ ၄း၃၀နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ဦးဝိစာရအိမ်ရာ(မင်းမနိုင်)၊ တိုက်(၁၂)ရှေ့မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၁၇(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူသားသမီးမိသားစု

---

## ဦးဟန်ထွန်း (မော်လမြိုင်)
**မန်နေဂျာ (ငြိမ်း)၊ အင်းလျားလိတ်ဟိုတယ်**
## အသက် (၇၅) နှစ်

ရန်ကုန်မြို့နေ (ဦးကံဖေ-ဒေါ်သောင်းညွန့်) တို့၏သားထွေး၊ မင်းတပ်မြို့နေ (ဦးထန်းခွီရှိန်း-ဒေါ်မှန်အွယ်) တို့၏သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ အမှတ် (၃၀)၊ သုံးလွှာ၊ ဧရာဝတီလမ်းနေ ဒေါ်ရှိန်းငိုန်း၏ ခင်ပွန်း၊ မောင်ထွန်းနေအောင် (3A/E, MTM SHIPMANAGEMENT)၊ မောင်ထွန်းဇာနည် (Technical Engineer, Huawei Telecom) တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးဟန်ထွန်းသည် ၃၀-၁၀-၂၀၁၇ ရက် နံနက် ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## Dr. ခင်စိုး (၆၄)နှစ်

ပျဉ်းမနားမြို့နေ (ဦးကိုကို-ဒေါ်ကျင်လှ)၊ (ရဲမှူးကြီးဦးစိန်လှအောင်)-ဒေါ်စောမေ တို့၏ သားသမက်၊ ဗိုလ်မှူးကြည်မင်းဟန်(ဒု-တပ်ရင်းမှူး)-ဒေါ်မေသဇင်စိုး၊ Dr. အောင်မင်းသူ(ခေတ္တ-ဂျာမဏီ)-ဒေါ်သော်သော်နိုင်လင်း၊ Dr. သိန်းထွန်းဇံ-Dr. နီနီဇင် တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ကောင်းခန့်မင်းဟန်၊ မောင်ဘုန်းသန့်မင်းညဏ်တို့၏ အဘိုး၊ ဒေါ်မေသစ္စာ၏ ချစ်လှစွာသော ခင်ပွန်း Dr. ခင်စိုးသည် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် စမ်းလေးကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၆ နာရီမှ ၁၀ နာရီထိ ဗိုလ်မှူးကြည်မင်းဟန်(ဒု-တပ်ရင်းမှူး)-ဒေါ်မေသဇင်စိုး အိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မဆုသက်ပိုင် (၂၁)နှစ်
**ဒု-နှစ် (အင်္ဂလိပ်စာ)**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာရိပ်မွန်အိမ်ရာ၊ (A.1/45) နေ ဦးမောင်မောင်နေဝင်း-(ဒေါ်သိမ်းမြင့်)တို့၏မြေး၊ ဦးသိန်းဇော်-ဒေါ်မိုးသက်ခိုင်ဝင်း၊ ဦးကြည်စိုး-ဒေါ်နှင်းနွယ်အိဝင်း၊ ဦးမောင်မောင်ကျော်စွာဝင်း-ဒေါ်ဇာခြည်စိုးတို့၏ တူမ၊ မခိုင်ဇင်လဲ့၊ မသင်းသူသူအောင်၊ မောင်ဇေယျာပိုင်ဖြိုးတို့၏ ညီမ၊မောင်အောင်ငြိမ်းချမ်း၊ အောင်ချမ်းမြေ့ကို၊ အောင်စွမ်းပြည့်ကိုတို့၏အစ်မ၊ (ဦးကိုကို)-ဒေါ်နွေကျော့ကလျာဝင်းတို့၏ ချစ်လှစွာသော သမီး မဆုသက်ပိုင်သည် ၃၀-၁၀-၂၀၁၇ ရက် နံနက် ၇း၁၀ နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ (A-1/45) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြားမည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့် (သက္ကလ)
## အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း (၄၉)ရပ်ကွက်၊ ဒူးယား(၉)လမ်း၊ အမှတ်(၉၅၈)နေ (ဦးထွန်းမင်း-ဒေါ်အုန်းမြိုင်)တို့၏ သမီး၊ [ဦးသောင်းညွန့်(MFTB-ငြိမ်း)]၏ ချစ်လှစွာသော ဇနီး၊ တောင်ကြီးမြို့၊ အေးသာယာရပ်ကွက်နေ ဦးသောင်းမြင့်ဦး-ဒေါ်သောင်းသောင်းနွယ်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ ဦးမောင်မောင်ဦး-ဒေါ်စုစုမြင့် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးနိုင်ဇော်ထွန်း - ဒေါ်မင်းမင်းမြတ်တို့၏ မွေးသမိခင်၊ မောင်ထွန်းထက်အောင်(EON Co.,Ltd.)၊ မမေမီမီသောင်း၊ မောင်အောင်ပိုင်ထက်(Yoma Fleet Co., Ltd.)၊ မညီမီမီသောင်း၊ မောင်ညီရဲထက်၊ မောင်အောင်ခိုင်ထက် တို့၏ အဘွား ဒေါ်မြင့်မြင့်သည် ၃၀-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက် ၉း၁၅ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၁-၂၀၁၇ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**မြို့မကျောင်းသား/ကျောင်းသူဟောင်းအသင်း**
## ဦးသိန်းဆွေ
## အသက်(၈၇)နှစ်
**ကန်တော့ခံပုဂ္ဂိုလ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ အိမ်ယကြီးကျေးရွာနေ (ဦးဘကြောင်-ဒေါ်စိန်အိ)တို့၏ သား၊ ဒေါ်သန်းနွဲ့ (ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၏ ခင်ပွန်းသည် ၂၇-၁၀-၂၀၁၇ (သောကြာနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၁၀-၂၀၁၇ (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

## ဦးအေးကြိုင်ထွန်း
**လ-ဝ-က(ငြိမ်း)၊ ပန်းဘဲတန်းမြို့နယ်၊**
**တရားသူကြီး(ငြိမ်း)**
## အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၄၆-အေ)၊ လမ်း(၃၀)၊ (အလယ်)နေ (ဒေါ်ခင်သိန်းထွေး)၏ ခင်ပွန်း၊ (ဆန်းကျော်စွာထွန်း)၏ ဖခင်၊ (ဦးတင်လှိုင်-ဒေါ်တင်ရီ-ဒေါ်ရီချိန်) တို့၏ ညီ/မောင်၊ (ဦးညဏ်လှိုင်ထွန်း)-ဒေါ်လှညွန့်၊ ဒေါ်တင်လှ၊ ဦးကြည်တင်-ဒေါ်အေးသန်းတို့၏ အစ်ကိုသည် ၂၈-၁၀-၂၀၁၇(စနေနေ့) ည ၈း၀၅ နာရီတွင် ဗဟိုရိစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၂၉-၁၀-၂၀၁၇ရက်တွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဦးသာသန(ခ)ဦးသိုက်ထွန်းဦး BE(EP), 79th Batch
## သိက္ခာတော်(၁၂)ဝါ၊ သက်တော်(၆၂)နှစ်
**ဒီပါမြေချောင် စစ်ကိုင်းတောင်ရိုး**

ရန်ကုန်မြို့နေ (ဦးမောင်မောင်ကြည်-ဒေါ်ကြည်လေး)တို့၏ သားကြီး၊ ဦးသန်းထွဋ်နိုင်-ဒေါ်မာမာချို၊ ဒေါက်တာကိုကိုလွင်-ဒေါ်ခင်ချမ်းသာ၊ ဦးရဲဝင်းထွဋ်-ဒေါ်လတ်လတ်တို့၏ အစ်ကိုကြီးသည် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) ည ၁၁း၄၅ နာရီတွင် မန္တလေးမြို့၊ မြို့တော်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်၃၁-၁၀-၂၀၁၇(အင်္ဂါနေ့)ညနေ ၃နာရီတွင် မန္တလေးမြို့၊ ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကျော်သိန်း(B.Sc- Engineer) အသက်(၈၇)နှစ်
**(တိုင်းအင်ဂျင်နီယာမှူးကြီး-ငြိမ်း)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ကျီတော်လမ်း၊ တိုက်(၃)၊ အခန်း (၄၀၄)နေ (ဦးကျော့ရွှင်-ဒေါ်သိန်း)တို့သားငယ်၊ (ဦးစစ်စံ-ဒေါ်စဝ်ပု)တို့၏သားသမက်၊ (ဦးသန်းညွန့်)-ဒေါ်သန်းနွယ်တို့၏ညီ၊ ဒေါ်ခင်ထွေးကြည်၏ ခင်ပွန်း၊ ဦးမောင်မောင်ကျော်၊ ဦးမောင်မောင်မော်၊ ဦးမောင်မောင်ဇော်၊ ဦးမောင်မောင်ချစ်၊ ဦးမင်းသူ၊ ဒေါ်ခင်လေးကြူ၊ ဒေါ်တင်တင်ထွေး၊ ဦးစိုင်းဝင်းဇော်မြင့် (ကိုခိုင်)၊ ဗိုလ်မှူးအောင်သစ်(ငြိမ်း)-ဒေါ်စောစန္ဒာမြင့်၊ ဒေါ်စောကေခိုင်မြင့်တို့၏ဖခင်၊ မောင်ကောင်းမြတ်သစ်၊ မောင်ထူးမြတ်အောင် (TTC-Grade 5)၊ မအိမ့်မြတ်သီရိစော (TTC-Grade 4)တို့၏ အဘိုး ဦးကျော်သိန်းသည် ၃၀-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက် ၈း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စိန်ရင် (၇၉)နှစ်
**ကုန်းသာရွာ (မိတ္ထီလာ)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်(၁)လမ်း၊ အမှတ်(၁၇/အေ)နေ ဒေါ်အေးတင်၊ ဦးအောင်မြင့်-ဒေါ်သုခ(အောင်သုခ-ထမင်းဆိုင်)တို့၏ ညီမ၊ (ဦးစိုးရ)၏ ဇနီး၊ (ဦးအောင်နိုင်)-ဒေါ်ညိုညိုဆန်း(ဆည်/ရေ ဦးစီးဌာန-တည်ဆောက်ရေး-၆)၊ Australia, Sydney မြို့နေ ဦးစံဝင်း-ဒေါ်ကြူကြူဝင်း၊ ဒေါ်သီတာအေး(မရွှေတူး)၊ ဦးသန်းထိုက်အောင်(ဖိုးကလား)တို့၏ မွေးသမိခင်၊ ခင်မိုးမြင့်အောင်၊ အောင်ပြည့်စုံ၊ ကျော်စွာအောင်၊ စန်းသော်တာအောင်၊ မိုမိုစံဝင်း တို့၏အဘွားသည် ၃၀-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက် ၆း၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (ဗဟန်းနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၁-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကြင်ဝင်း အသက်(၇၀)
**Kinetic Myanmar Technology;**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၁၀)နေ (ဦးကြင်အောင်-ဒေါ်ငွေခဲ)တို့၏ သား၊ (ဦးစစ်ဟန်)-ဒေါ်ခင်သန်း တို့၏ သားသမက်၊ ဦးကြင်ရှိန်-ဒေါ်မြမြအေး၊ ဦးစိန်မြင့်-ဒေါ်မိမိခိုင်၊ ဦးသောင်းထွန်း-(ဒေါ်ခင်ဝင်းရီ)တို့၏ ချစ်လှစွာသော အစ်ကို၊ ဒေါ်ကြင်ကြင်မြင့် ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်အောင်-မယဉ်သွယ်စိုး၊ မောင်မြင့်မောင် တို့၏ ချစ်လှစွာသောဖခင်သည် ၃၀-၁၀-၂၀၁၇(တနင်္လာနေ့) နံနက် ၁၀း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၇ ရက် နံနက် ၇ နာရီမှ ၁၀ နာရီထိ ဇီဇဝါလမ်း၊ အမှတ်(၁၀)၊ ဦးကြင်ဝင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**
## ဦးစောဝင်းအောင်(ခ)ဦးကောင်းစံ
## အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဦးအောင်စောလှ-ဒေါ်နုနု)တို့၏သား၊ ရန်ကုန်မြို့ပန်းဘဲတန်းမြို့နယ်နေ (ဦးအောင်နိုင်မြင့်-ဒေါ်စောကြည်)တို့၏ သားသမက်၊ ဦးကျော်ကျော်[(ဗဟိုတရားရုံးရှေ့နေ)-ဒေါ်အေးအေးခိုင်]၊ (ဦးမျိုးအောင်-ဒေါ်တင်တင်အုန်း)၊ ဦးထွန်းဝေ-ဒေါ်ချိုချိုဝင်း၊ ဒေါ်စန်းစန်းအုန်း၊ (ဦးဇော်ကြီး)-ဒေါ်မင်းမင်းထွေး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ ဒေါ်ခင်ဆွေဝင်း တို့၏ညီ/မောင်၊ ဒေါ်နိုင်နိုင်ဦး၊ ဒေါ်တင်တင်သော်၊ ဒေါ်ခင်ငွေးဦး၊ ဒေါ်ခင်စန္ဒာအောင်တို့၏ အစ်ကိုကြီး၊ မောင်ပြည့်ဆွေအောင်၊ မဆင့်နေခြည်ခန့်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ခင်ဆွေမော်၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက် ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အသကလမ်း(၂၀)၊ အမှတ်(၆၀၁/က) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကိုအောင်ကျော်ဦး
## အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကျည်စုရပ်ကွက်၊ ရတနာသီရိလမ်း၊ အမှတ်(၂၅၀)နေ ဦးလှိုင်ဝင်းရှိန်-ဒေါ်သန်းမြင့် (ရွှေထိပ်တန်းခရီးသွားလုပ်ငန်း)တို့၏ သားကြီး၊ (ဦးအောင်စိုးဦး)-မချိုချိုမြင့်၊ ကိုကျော်ဇေယျ-မချယ်ရီလှိုင်၊ ကိုခိုင်လင်း(B.S.M Shipping)-မသူဇာမွန်၊ ကိုရွှေမင်းသိမ်း(Myanmar Seilone Construction)တို့၏ အစ်ကိုကြီး၊ မောင်မင်းတင့်တယ်၊ မောင်ဟန်မင်းဆက် တို့၏ ဖခင်၊ မငွေးငွေးမြင့် ၏ခင်ပွန်းသည် ၂၈-၁၀-၂၀၁၇ (စနေနေ့) ညနေ ၄း၂၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၇ (တနင်္လာနေ့)တွင် ဒဂုံဆိပ်ကမ်းမြို့နယ်၊ ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရမည့် မြန်မာကလပ်များ

**ရန်ကုန် အောက်တိုဘာ ၃၀**

ပြည်တွင်းလိဂ်ပြိုင်ပွဲများ ပြီးဆုံးသွားပြီဖြစ်ပြီး လာမည့်ရာသီတွင် အာရှအဆင့်ကလပ်ပြိုင်ပွဲယှဉ်ပြိုင်ခွင့်ရသည့် အသင်းများ ထွက်ပေါ်လာပြီဖြစ်ပြီး အမှတ်ပေးနှင့် ရှုံးထွက်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်ခြေစစ်ပွဲနှင့် AFC Cup ပြိုင်ပွဲ၊ ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်တွင် ခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး ခြေစစ်ပွဲအောင်ပါက နောက်ဆုံးအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ခြေစစ်ပွဲမအောင်ခဲ့ပါက AFC Cup ပြိုင်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အာရှဒေသတွင်း၏ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ရန်ကုန်အသင်းမှာမူ AFC Cup ပြိုင်ပွဲတွင် ငါးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် အမှတ်ပေးပြိုင်ပွဲနှင့် ရှုံးထွက်ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲနိုင်ခဲ့ခြင်းကြောင့် အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရန်ကုန်အသင်းက AFC Cup ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ မြန်မာကလပ်အသင်းများသည် ယခင်က AFC President's Cup ပြိုင်ပွဲတွင်သာ ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း ၂၀၁၂ ရာသီမှစ၍ **စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ○**



၂၀၁၄ ခုနှစ်က ယှဉ်ပြိုင်ခဲ့သည့် ရတနာပုံမီးပုံးပျံအား တွေ့ရစဉ်။ (ဓာတ်ပုံ-ကျော်ဇေယျာမြင့်)

# ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲ၌ အဝေးထိန်းစနစ်သုံးလေယာဉ်ငယ် ပြိုင်ပွဲပါဝင်မည်

**ပြင်ဦးလွင် အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာတန်ဆောင်တိုင်ကွင်း၌ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ ကျင်းပမည့် ပြင်ဦးလွင်တန်ဆောင်တိုင်မီးပုံးပျံပွဲတော်တွင် အဝေးထိန်းစနစ်သုံး လေယာဉ်ငယ်ပြိုင်ပွဲကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

**စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ✳**




အမှတ်ပေးနှင့် ရှုံးထွက်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်း။

# မောင်တောမြို့ ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို စီးပွားရေးဇုန်အဖြစ် အဆင့်မြှင့်တင်မည်



ဆောက်လုပ်ရေးပစ္စည်းများနှင့် ဆန်များ တင်ဆောင်လာသည့်သင်္ဘော ကညင်ချောင်းဆိပ်ကမ်း၌ ဆိုက်ကပ်ထားစဉ်။

**မောင်တော အောက်တိုဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို စီးပွားရေးဇုန်အဖြစ် အဆင့်မြှင့်တင်တည်ဆောက်ရန် ဧရိယာထပ်မံတိုးချဲ့ထားကြောင်း သိရသည်။ အဆိုပါ ကုန်သွယ်ရေးဇုန်သည် မူလက ဧရိယာ ၄၉ ဒသမ ၆ ဧကရှိပြီး ဧက ၁၀၀ ထပ်မံတိုးချဲ့ရန် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

မူလကညင်ချောင်းကုန်သွယ်ရေးဇုန်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် စတင်တည်ဆောက်ခဲ့သည်။ အခြေခံစားကုန်အပါအဝင် အမြဲတမ်းဝယ်လိုအား များနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နီးကပ်စွာတည်ရှိသည်။ မြန်မာနိုင်ငံရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများ အနက် ပို့ကုန်အသာစီးရရှိပြီး ပို့ကုန် ၉၀ ရာခိုင်နှုန်းနှင့် သွင်းကုန် ၁၀ ရာခိုင်နှုန်းရရှိသည့် ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည်။

မောင်တောနယ်စပ်ကုန်သွယ်ရေးကို ၁၉၉၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ အမေရိကန်ဒေါ်လာတစ်မျိုးတည်းသာ အသုံးပြု၍ ရောင်းဝယ်မှုပြုလုပ်ကြောင်း သိရသည်။ အခွန်အားဖြင့်လည်း ရန်ကုန်ရှိ **စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ❖**

ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် အမှတ်တံဆိပ် ®

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

စျ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

ကြော်ငြာခွင့်ပြုချက်အမှတ် - တဆ၀က (စာနယ်ဇင်း) ၀၅၄/၀၇၁၃

